# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၀၂)





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်မြို့၌ ပြည်သူများစုပေါင်း၍ လမ်းလျှောက်ပွဲပြုလုပ်စဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံဂုဏ်ပြု စုပေါင်းလမ်းလျှောက်

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)**

**ရန်ကုန် အောက်တိုဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဂုဏ်ပြုသည့်အနေဖြင့် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ပြည်သူများစုပေါင်း၍ လမ်းလျှောက်ပွဲပြုလုပ်ကြသည်။

"ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သံတမန်တွေရဲ့ကြားမှာ ထိထိရောက်ရောက်နဲ့ မားမားမတ်မတ်ရပ်တည်နေတယ်။ လူထုခေါင်းဆောင်ရဲ့လုပ်ဆောင်ချက်တွေဟာဆိုရင် ဘက်မလိုက်ဘဲ သမာသမတ်ကျကျနဲ့ မှန်မှန်ကန်ကန်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ထောက်ခံဂုဏ်ပြုတဲ့အနေနဲ့ အခုလိုလာရောက်ထောက်ခံတာဖြစ်ပါတယ်။ အခုလို ထောက်ခံရတဲ့အကြောင်းတွေကို ပြည်ပနိုင်ငံတွေကိုလည်း သိစေချင်ပါတယ်"ဟု အဆိုပါပွဲတွင်ပါဝင်သူ မအူပင်မြို့နယ်မှ ဦးဇော်မင်းထိုက်က ပြောသည်။

ယနေ့မွန်းလွဲ ၂ နာရီခန့်က အလုံမြို့နယ်ရှိ သခင်မြပန်းခြံ၌ ပန်းရဲ့လမ်းတေးဂီတအဖွဲ့၏ ငြိမ်းချမ်းရေးတေးသီချင်း ဖျော်ဖြေမှုများနှင့်အတူ ပြည်သူများ စတင်စုဝေးကာ ညနေ ၃ နာရီခန့်တွင်

*စာမျက်နှာ ၈ ကော်လံ ၁* ❄

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့အခမ်းအနား နေပြည်တော်၌ကျင်းပ

စာ ၃

## ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

စာ ၅


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# ထွက်ပြေးခြင်း၏ ဖြစ်ရပ်မှန်

ရခိုင်ပြည်နယ် မောင်တောဒေသအရေးသည် အကြမ်းဖက်သမားများက ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပချိန်နှင့် အချိန်ကိုက်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကုလသမဂ္ဂညီလာခံတွင် မောင်တောဒေသ အရေးသည် ဦးစားပေးဆွေးနွေးစရာ ခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ ယခုနောက်ဆုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တံခါးဖွင့်အစည်းအဝေး ကျင်းပခဲ့ခြင်းနှင့် အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် ရခိုင်အရေး ကြားနာပွဲကျင်းပခဲ့ခြင်းတို့သည် ရခိုင်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာ အာရုံစိုက်မှုတွင် အမြင့်ဆုံးဖြစ်ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဝေဖန်ပြောဆိုမှုအသီးသီးရှိခဲ့သော်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မောင်တောဒေသအရေးနှင့်ပတ်သက်၍ အချက်သုံးချက်ကိုသာ တောင်းဆိုသွားခဲ့သည်။ ၎င်းတို့မှာ (၁)မောင်တောဒေသတွင်း စစ်ဆင်ရေးများ အမြန်ဆုံးအဆုံးသတ်ရန် (၂) လူသားချင်းစာနာမှုအကူအညီများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရန်နှင့် (၃) ဒုက္ခသည်များ ဘေးကင်းလုံခြုံစွာ နေရပ်သို့ ပြန်နိုင်ရန် စသည်တို့ဖြစ်သည်။ မောင်တောဒေသ စစ်ဆင်ရေးများကို စက်တင်ဘာ ၅ ရက်ကတည်းက ရပ်ဆိုင်းခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ စက်တင်ဘာလ ၁၉ ရက်နေ့ မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ထိုရက်များ၏ နောက်ပိုင်းတွင် ဘင်္ဂါလီရွာသားများ ဘင်္ဂလားဒေ့ရှ်ဘက်သို့ အဆက်မပြတ် ထွက်ပြေးနေမှုက မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးများ ဆင်နွှဲနေခြင်းကြောင့်ဟု ယူဆမှုများဖြစ်နေစေခြင်း ဖြစ်နိုင်ပါသည်။ ဒုတိယအချက်နှင့် တတိယ အချက်တို့မှာလည်း မြန်မာအစိုးရမှ ဆောင်ရွက်ရန် ကတိကဝတ်ပြုပြီးသားဖြစ်သည့်အပြင် လက်တွေ့လည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်ကို တွေ့နိုင်ပါသည်။

ထို့ကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တောင်းဆိုသောအချက်များမှ ဘင်္ဂါလီရွာသားများထွက်ပြေးရခြင်း အကြောင်းရင်းကိုသာ ထပ်မံရှင်းလင်းဖော်ပြရန် လိုမည်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စက်တင်ဘာလ ၁၉ ရက်နေ့ မိန့်ခွန်းတွင်လည်း ကမ္ဘာသို့ အတိအလင်း ပန်ကြားခဲ့ပြီးဖြစ်သည်။ ထွက်ပြေးသော ရွာသားများရှိသလို ထွက်မပြေးသော ရွာသားများတစ်ဝက်ကျော်ရှိနေကြောင်း၊ ဘာကြောင့်ထွက်ပြေးရသည်ကို အဖြေရှာလိုကြောင်း၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်များပါဝင်၍ ဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့ပြီး ဖြစ်သည်။

ယခုနိုင်ငံတကာမှ ပြောဆိုနေသည်မှာ ထွက်ပြေးသည်ဆိုသည့် လေးသိန်းကျော်ဟုဆိုသော ဒုက္ခသည်များကိစ္စက အဓိက ဖြစ်နေသည်။ ယခုနောက်ဆုံး ဘင်္ဂလားဒေ့ရှ်ဘက်ကပြောသည်မှာ ယခင်က ထွက်ပြေးလာသည့်သူများနှင့်ပေါင်းလျှင် ထွက်ပြေး ဘင်္ဂါလီ ကိုးသိန်းခန့်ရှိနေသည်ဟု ဆိုနေပါသည်။ ထိုစာရင်းများသည်လည်း အလွန်အကျွံဖောင်းပွနေကြောင်း အမြန်ဆုံးရှင်းလင်းရန် လိုနေပါသည်။ တပ်မတော်မှ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မှုများရှိခဲ့သည့်တိုင် ထိုထွက်ပြေးဘင်္ဂါလီများကိစ္စမှာ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မပြေးသော်လည်း ကန်ရာရှိဆိုသည့် သဘောဖြစ်နေသည်။

စက်တင်ဘာလ ၃၀ ရက်နေ့ကပင် ဘူးသီးတောင်ဘက်မှ ဘင်္ဂါလီ ၂၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ဝင်ရောက်သွားခဲ့ကြသည်။ ၎င်းတို့အား အစိုးရတာဝန်ရှိသူများက ရှင်းလင်းပြောဆိုတားမြစ်ခဲ့သည့်ကြားမှ ထိုသို့ တစ်ဖက်နိုင်ငံသို့ ဝင်ရောက်သွားခဲ့ကြခြင်းဖြစ်သည်။ အကြောင်းရင်းများမှာ ၎င်းတို့နေရေး၊ စားရေးခက်ခဲလာခြင်း၊ ၎င်းတို့လူနည်းစုဖြစ်လာမည်ကို စိုးရိမ်ခြင်း၊ အကြမ်းဖက်သမားများက ခြောက်လှန့်ထားခြင်း၊ တစ်ဖက်နိုင်ငံရောက်ပုဂ္ဂိုလ်များက ဆက်သွယ်၍ ခေါ်ယူကြခြင်း၊ တစ်ဖက်နိုင်ငံတွင် နိုင်ငံတကာ အထောက်အပံ့များဖြင့် ချောင်ချောင်နေနိုင်မည်ဟု ယူဆခြင်း စသော အကြောင်းများကြောင့်သာဖြစ်သည်ကို တွေ့ရသည်။ ၎င်းအပြင် ဘင်္ဂလားဒေ့ရှ်သည် သူတို့နှင့် လူမျိုးတူ၊ ဘာသာတူ၊ ယဉ်ကျေးမှုတူ အားလုံးတူသော နေရာသာဖြစ်ရာ ၎င်းတို့အတွက် အခက်အခဲမရှိနေနိုင်ခြင်းကလည်း အဓိကအချက်ဖြစ်သည်ကို တွေ့ရပါသည်။ အစောပိုင်း ထွက်ပြေးသူအများစုမှာ အကြမ်းဖက်အဖွဲ့များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ခဲ့ကြသည့် ရွာများဖြစ်သည်။ ထိုသို့ထွက်ပြေးကြခြင်း၏ အဖြစ်မှန်ကို နိုင်ငံတကာတွင် ကျယ်ကျယ်လောင်လောင် ရှင်းပြရန်လိုနေပါသည်။

မောင်တောပြဿနာမှာ ကုလသမဂ္ဂအရာရှိများအပါအဝင် နိုင်ငံတကာသတင်းမီဒီယာများက ဖြစ်ရပ်မှန်များကို ထိန်းချုပ်ဖော်ပြခဲ့ကြခြင်း၏ အကျိုးဆက်ကြောင့် ပိုမိုကြီးထွားလာခြင်းဖြစ်သည်။ ယခု နောက်ဆုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသော ဟိန္ဒူလူနည်းစုများ၏ ကိစ္စပေါ်ထွက်လာခြင်းကိုပင်လျှင် မှန်မှန်ကန်ကန်ဖော်ပြခြင်းမရှိသော သတင်းမီဒီယာများရှိသည်။ ထိုဖြစ်ရပ်၏ နောက်ကွယ်တွင် အကြမ်းဖက်သမားများ၏ ပိုမိုကြီးမားသော အကြံအစည်ရှိနေသည်။ ၎င်းမှာ ဤဟိန္ဒူရွာသားအလောင်းများကို နောက်ခြောက်လ၊ တစ်နှစ်အကြာတွင် ပြန်ဖော်၍အစိုးရ၏ လူမျိုးစုအလိုက် သုတ်သင်ရှင်းလင်းမှုများအဖြစ် ကမ္ဘာသို့တိုင်တည်ရန်ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိနေသေးသော ရဲဘော်ကျရွာသား ၁၀၀ ကျော်ကို အမြန်ဆုံးရှာဖွေရန် လိုအပ်နေပါသည်။ ထိုသို့ အစုလိုက်အပြုံလိုက်မြှုပ်နှံထားသောကျင်းများကို ထပ်မံတွေ့ရှိခဲ့လျှင် နိုင်ငံတကာ သံတမန်များနှင့် သတင်းထောက်များရှေ့၌ပင် လက်တွေ့တူးဖော်ပြရန်လိုပါသည်။ သို့မှသာ ငြင်းဆို၍မရသော ကိုယ်တိုင်တွေ့မြင်သည့်ဖြစ်ရပ်မှန်အဖြစ် ဖော်ပြကြမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

## စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင် ငါးမျိုးဖြင့် ဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း ၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## နှစ်နိုင်ငံလျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီက ADB Headquarters ၌ Vice-President Mr. Stephen P.Groff နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးကဏ္ဍဖြစ်သည့် လမ်း၊ တံတား၊ မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ။**

## ဒေးဒရဲမြို့နယ်အတွင်း၌ NEP ဆိုလာမီးလင်းရေးစီမံကိန်းမှ ကျေးရွာပေါင်း ၂၆ ရွာ မီးအလင်းရောင်ရရှိ

**ဒေးဒရဲ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ဖြင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၆ ရွာ၌ ဆိုလာမီးများ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ၂၆ ရွာအနက် ဒေးဒရဲမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စုနှင့် ကျုံပျော်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာမှ အိမ်ခြေပေါင်း ၂၅၅လုံး၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းနှစ်ကျောင်းတို့၌ NEP ဆိုလာမီးလင်းရေး စီမံကိန်းဖြင့် မီးလင်းရေးတပ်ဆင်ပြီးစီး ဖွင့်လှစ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးတို့က တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



“ဒီ NEP ဆိုလာစနစ်မီးလင်းရေး အစီအစဉ်ကြောင့် ကျွန်တော်တို့ကျေးရွာမှာ လူနေအိမ်တွေအပြင် ဘာသာရေးအဆောက်အအုံတွေ၊ ကျန်းမာရေးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေပါ မီးအလင်းရရှိနေပါပြီ။ ဒါ့အပြင် လမ်းမီးတိုင်တွေပါ ထွန်းပေးထားလို့ပညာရေး၊ ကျန်းမာရေးအပြင် လုံခြုံရေးအတွက်ပါ အထောက်အကူဖြစ်စေတဲ့အတွက် ဝမ်းသာပါတယ်”ဟု ကျွန်းညိုကြီးကျေးရွာမှ ဦးလှမျိုးက ပြောသည်။

အဆိုပါ NEP ဆိုလာမီးလင်းရေး စီမံကိန်းသည် နိုင်ငံတော်၊ ကမ္ဘာ့ဘဏ်နှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မန္တလေးတရားလွှတ်တော်တွင် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၁**

တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်စိုးက သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် USAID- PRLP နှင့်ပူးပေါင်း၍ တရားရုံး အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ယခုသင်တန်းမှာ ပြန်လည်ဆင့်ပွားပို့ချသည့် သင်တန်းဖြစ်သည်။ သင်တန်းသို့ တိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်တရားရုံးများမှ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်း စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၁၀-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

**(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တစ်မိနစ်ငြိမ်သက်

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အလံတင်အခမ်းအနားပြုလုပ်ပြီး ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းမှစတင်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့ပြီး ယင်းနေ့ကိုပင် ရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် "ပြည်သူ့ရဲတပ်ဖွဲ့"အမည်မှ "မြန်မာနိုင်ငံရဲတပ်ဖွဲ့" အမည်သို့ ပြောင်းလဲခေါ်ဆိုသတ်မှတ်ခဲ့ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည့် ရဲတပ်ဖွဲ့အဖြစ် ပေါ်ပေါက်လာစေရန် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလာအောင် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

### အဓိကဖော်ဆောင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရေးသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် အခြေခံမူများတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုအောက်တွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံမှုရှိသည့် လူ့အသိုက်အဝန်းအဖွဲ့အစည်း ထူထောင်နိုင်ရေးအတွက် အဓိကဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ မှုခင်းများကိုထိရောက်စွာ ထိန်းချုပ်ခြင်း၊ ပြည်တွင်းပဋိပက္ခများကို ထိရောက်စွာ တားဆီးကန့်သတ်ခြင်းနှင့် ပြည်သူအနေဖြင့် မိမိတို့၏နစ်နာမှုများကိုကုစားရန် အကြမ်းဖက်မှုကို နောက်ဆုံးလက်နက်အနေဖြင့် အသုံးမပြုစေရေးတို့ ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

အကြမ်းဖက်မှုများအပါအဝင် အမျိုးစုံသောမှုခင်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး ကြိုးပမ်းရာတွင် မှုခင်းများ တိုးစေလျော့စေမှုကိုဖြစ်စေသည့် အကြောင်းတရားများသည် လူမှုရေးပြဿနာ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နီးကပ်စွာ ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ်တွင်သာ အားထားခြင်းမပြုဘဲ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နေရာချထားရေးနှင့် အလုပ်အကိုင်ရှာဖွေရေးကဏ္ဍများ၊ မီဒီယာ၊ အစိုးရမဟုတ်သည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများကလည်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အထူးအရေးကြီးပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်သည် မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေးမဟာဗျူဟာ တစ်ခုတည်းအပေါ်၌သာ အသုံးချ၍မရဘဲ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံမှ ချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးမူဝါဒများ ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂ၏ လုပ်ငန်းအကြံပြုချက်များနှင့်အညီ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်ရေးဆွဲဖော်ဆောင်ရေး အစီရင်ခံစာကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အစိုးရ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ ပါဝင်ရေးဆွဲထားသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်တစ်ရပ်ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### ဂုဏ်သိက္ခာမြင့်တက်

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တတိယငါးနှစ်စီမံကိန်းကို မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် ကဏ္ဍလေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံမှ နှစ်စဉ်ထုတ်ပြန်သည့် လူကုန်ကူးမှုအစီရင်ခံစာအရ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် Tier 3 အဆင့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် Tier 2 Watch List အဆင့် တိုးမြှင့်သတ်မှတ်ခံရသည့်အတွက် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြင့်တက်စေပါကြောင်း၊ ၂၀၁၈ ခုနှစ်ကို လက်ရှိအဆင့်ထက် တိုးတက်နိုင်ရေးအတွက် ဗဟိုအဖွဲ့ဝင်များ၊ INGO နှင့် NGO များ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်း

ထို့အပြင် မြန်မာနိုင်ငံသည် International Police Organization-INTERPOL အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး INTERPOL ဌာနချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာရဲလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များ၊ မှုခင်းပိုင်းဆိုင်ရာ သတင်းအချက်အလက်ဖလှယ်မှုများ၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများနှင့် စစ်ဆင်ရေးများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ အာဆီယံရဲအဖွဲ့ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဒေသတွင်းအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### စေလွှတ်

မျက်မှောက်ခေတ်အခြေအနေတွင် နည်းပညာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ပြောင်းလဲနေခြင်းနှင့်အတူ ဖြစ်ပေါ်လာသည့် မှုခင်းပုံစံသစ်များ၊ အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်တိုင်းကို အရည်အသွေးများ ပြည့်ဝနေစေရန် စဉ်ဆက်မပြတ်လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရန် ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်အတွက် ဥရောပသမဂ္ဂ (EU)၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံများ၊ Interpol ၊ Aseanapol ၊ AFP ၊ DEA နှင့် MPS စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးများကို စေလွှတ်လျက်ရှိပါကြောင်း။

### ပူးပေါင်းလေ့ကျင့်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ် ပြောင်းလဲလာစေရန် UNDP ၊ UNICEF ၊ UNODC ၊ ICRC ၊ OHCHR နှင့် UN တို့၏ ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများထံ ဥပဒေရေးရာများ၊ မှုခင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူများက

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၏စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်အတွက် ဥရောပသမဂ္ဂ(EU)၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံများ၊ Interpol ၊ Aseanapol၊ AFP ၊ DEA နှင့် MPS စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် စေတနာရှင်များ မောင်တောဒေသရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များလှူဒါန်း

**မောင်တော အောက်တိုဘာ ၁**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များသည် ယနေ့တွင် မောင်တောဒေသရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။**(ယာပုံ)**



ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေ စေတနာရှင်များသည် ဘူးသီးတောင်မြို့နယ်အတွင်းရှိ လမ်းမကျောင်းတိုက်၊ မင်္ဂလာ မြို့ဦးပရိယတ္တိစာသင်တိုက်၊ အလိုတော်ပြည့်ဘုန်းကြီးကျောင်း၊ သာသနာ့အလင်းရောင် ဘုန်းကြီးကျောင်း၊ မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၄)ရပ်ကွက် သုဓမ္မာရုံကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ၊ (၃)မိုင် ပရဟိတကျောင်း၊ အထက(၁) မောင်တော၊ မြို့မကျောင်းတိုက်နှင့် သာသနာ့ဗိမာန်တော်ကြီးတို့တွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များ သွားရောက် ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရပြီးနောက် ကယ်ဆယ်ရေးစခန်းများသို့ ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ လာရောက်ခိုလှုံလျက်ရှိရာတွင် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ မေးမြန်းပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အားပေးစကား ပြောကြားသည်။

“ဒီဖြစ်စဉ်မှာ ဟိန္ဒူဘာသာဝင်တွေလည်း အနီးကပ်ဆုံးခံစားရပါတယ်၊ ပဋိပက္ခဖြစ်တဲ့အခါတိုင်း ကယ်ဆယ်ရေးစခန်းတွေကို သွားရောက်တဲ့အခါမှာ နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကျန်းမာရေးကအစ အကုန်လုံး အကူအညီပေးကြပါတယ်၊ အဲဒီအတွက်လည်း အစိုးရအဖွဲ့ကို ကျေးဇူးတင်သလို ပြည်တွင်းက တိုင်းရင်းသားတွေနဲ့ အတူတကွ ရပ်တည်သွားမယ်လို့လည်း ကတိပြုပါတယ်”ဟု မောင်တောမြို့ အထက-၁ ကျောင်း ကယ်ဆယ်ရေးစခန်း၌ရောက်ရှိနေသော ဟိန္ဒူဘာသာဝင်တစ်ဦးက ပြောကြားခဲ့သည်။ ထိုကျောင်းတွင် ဟိန္ဒူဘာသာဝင် ၉၀၆ ဦး လာရောက်ခိုလှုံလျက်ရှိသည်။

ထို့နောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးသစ်တောနှင့်သတ္တုတွင်းဝန်ကြီးဦးကျော်လွင်က ကိုယ့်ရပ်ကိုယ့်ရွာကို စွန့်ခွာလာသည့်အချိန်တွင် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် ပတ်သက်၍ အဆင်ပြေမှုရှိမရှိ သိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရန် အစိုးရအပိုင်းအနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ ကူညီပံ့ပိုးရန်အတွက် အမှန်တကယ် အခက်အခဲဖြစ်နေသူများကို တတ်နိုင်သမျှ ကူညီ ထောက်ပံ့လျက်ရှိကြောင်း၊ အမိမြေကို ထိန်းသိမ်းရန်အတွက် နိုင်ငံတော်၊ လွှတ်တော်၊ တပ်မတော်နှင့် အခြားသော အုပ်ချုပ်ရေး အဖွဲ့အစည်းအသီးသီးက ကြိုးပမ်း လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ယခုဖြစ်စဉ်နှင့် ပတ်သက်၍ နေရပ်ပြန်လည်နေထိုင်နိုင်ရန် လုံခြုံရေးကိုဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လတ်တလော စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်ခြေနည်းသည့် တိုင်းရင်းသားကျေးရွာများကို အိမ်ခြေများလာအောင် ထပ်ဖြည့်ခြင်း၊ ကျေးရွာများစုပေါင်း၍ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး၊ စပါးရိတ်သိမ်းချိန်ဖြစ်သည့်အတွက် ကျေးရွာပိုင် ရိတ်သိမ်းခြွေလှေ့စက်များရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးအတွက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးမျိုးနှင့် မျိုးစေ့များကိုလည်း အိမ်ထောင်စုအလိုက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသည့် ကျေးရွာများအတွက် ဈေးကားများ စီစဉ်ပေးရန်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် လိုအပ်သည်ကိုလည်း အကူအညီတောင်းခံနိုင်ပြီး ကိုယ်တိုင်ကြိုးစား လုပ်ကိုင်ကြရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေ စေတနာရှင်များသည် တိုင်းရင်းသားများခံစားရသကဲ့သို့ထပ်တူခံစားရခြင်းကြောင့် တစ်လအတွင်း နှစ်ကြိမ်မြောက် လာရောက်ရခြင်းဖြစ်ကြောင်း၊ ဘူးသီး တောင်မြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ် ၁၄၀၊ မောင်တောမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ဆန် ၂၂၅ အိတ်တို့ကို လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင်လည်း မောင်တောမြို့နယ်အတွင်း ကျန်ရှိသည့် ကျေးရွာများသို့ သွားရောက် ထောက်ပံ့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

# ၂၀၁၇ ခုနှစ် တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် တရုတ်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်ပွဲတော်တွင် ပြသသည့် ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုရင်း တရုတ်အနုပညာရှင်များ၏ ပီပြင်သည့် သရုပ်ဆောင်ချက်များ၊ ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပြောင်မြောက်သည့် ပုံဖော်ရိုက်ကူးချက်များအပြင် တရုတ်နိုင်ငံ၏ ရေမြေတောတောင်သဘာဝ၊ လူနေမှုဘဝများ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဆန်းသစ်မှုများကို တွေ့မြင်ခံစားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ပွဲတော်ကျင်းပခြင်း အားဖြင့် ရေ၊ မြေချင်းဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်သည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများအပြင် အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှုများလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ရုပ်ရှင်ပွဲတော်များ ကျင်းပခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်အတွက် လုပ်ဆောင်နိုင်သည့်အပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင် ဖော်ဆောင်နိုင်မည်ကို သိမြင်နိုင်ပါကြောင်း၊ ယခုကဲ့သို့ အကျိုးရလဒ်ကောင်းများဖြစ်စေပြီး အများအတွက် နှစ်သက်ပျော်ရွှင်စရာလည်းဖြစ်သည့် တရုတ်ရုပ်ရှင်ပွဲတော်ကို ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်အဖြစ် ထိန်းသိမ်း၍ နောင်လာမည့် နှစ်များတွင်လည်း ယခုထက် ဇာတ်ကားအရေအတွက်များများဖြင့် ပို၍စည်ကားသိုက် မြိုက်စွာ ကျင်းပနိုင်ပြီး တရုတ် - မြန်မာ ချစ်ကြည်ရင်းနှီးမှုသည်လည်း ယခုထက် ပိုမိုတိုးတက်ခိုင်မြဲ၍ အစွန့်ရှည်တည်တံ့ပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က တရုတ်ရုပ်ရှင်ပွဲတော် သံတမန်အနုပညာရှင် မိုးစက်ဝိုင်အား ပွဲတော်သံတမန်ဂုဏ်ပြုခန့်အပ်လွှာနှင့် ဆုတံဆိပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် မိုးစက်ဝိုင်တို့က တရုတ်ရုပ်ရှင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**




ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်-မြန်မာချစ်ကြည်ရေးကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တရုတ်ရုပ်ရှင်ဇာတ်ကားများကို ကြိုက်နှစ်သက်ကြသည့် မြန်မာ့ရုပ်ရှင်ကြည့် ပရိသတ်များက တရုတ်နိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကို ထင်ဟပ်စေသည့် Xuan Zang ဇာတ်ကားနှင့် Kung Fu Yoga ဇာတ်ကားတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို အောင်သပြေရုပ်ရှင်ရုံတွင် အောက်တိုဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လာကြသဖြင့် မှုခင်းများ ပိုမိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုများကို နိုင်ငံတော်က နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ပေးလျက် ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ လက်တွေ့တာဝန်ထမ်းဆောင်ရာတွင် ပြည်သူလူထု၏ အကျိုးစီးပွားကို ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် သမာသမတ်ရှိရှိ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရည်မှန်းပြီး နိုင်ငံတော်က ခွင့်ပြုနိုင်သည့် အတိုင်းအတာအတွင်းမှ ဘဏ္ဍာငွေများကို နှစ်စဉ် တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ခေတ်မီရဲတပ်ဖွဲ့ တည်ဆောက်ရေးအတွက် ခေတ်ကာလနှင့် လျော်ညီသည့် ပစ္စည်းကိရိယာများနှင့် လုံခြုံရေး အသုံးအဆောင်များကို နှစ်စဉ်တိုးမြှင့် ဖြည့်ဆည်းပေးလျက်ရှိပြီး အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စွမ်းရည်ပြည့်ဝရေးတို့ကို တပ်ဖွဲ့ဝင်တစ်ဦးချင်း အနေဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားနေကြရမည်ဖြစ်ပါကြောင်း။

ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိနိုင်ရန် မီဒီယာများနှင့် ရဲတပ်ဖွဲ့ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် လုပ်ပိုင်ခွင့်နှင့် ဥပဒေကို အသုံးပြုရာတွင် ပွင့်လင်းမြင်သာစွာဖြင့် တာဝန်ယူမှုနှင့် တာဝန်ခံမှုပြုနိုင်သည့် တပ်ဖွဲ့ဝင်ကောင်းများအဖြစ် ရဲတပ်ဖွဲ့၏ သမာဓိဂုဏ်သိက္ခာ၊ ပြည်သူလူထု၏ ယုံကြည်မှုနှင့် ဥပဒေနှင့် ညီညွတ်မှုဟူသည့် အချက်သုံးချက်ကို ခိုင်မာအောင် တည်ဆောက်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုကိုအကျိုးပြုသည့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အစဉ်ကြိုးပမ်းလုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသည့် တပ်ဖွဲ့ဝင် ခြောက်ဦးအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင် ၁၆ ဦးအားလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင် ၁၈ ဦးအား လည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦး၊ ဒုတိယရဲချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် တာဝန်ရှိသူများက စံပြရဲရရှိသူ ခြောက်ဦး၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ နှစ်ဦး၊ သင်တန်းထူးချွန်ဆုရရှိသူ နှစ်ဦး၊ အနုပညာရှင်များ၊ ရာထူးတိုးရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းထူးချွန်ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးစွမ်းဆောင်ဆု၊ အားကစားထူးချွန်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၅ ဒသမ ၈၆ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ တောင်ငူမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဆောမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ ရမည်းသင်းမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၂ ဒသမ ၂၄ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၁၂ လက်မနှင့် ညောင်လေးပင်မြို့တွင် ၁ ဒသမ ၉၆ လက်မတို့ဖြစ်ကြသည်။

**( မိုး/ဇလ)**

# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဘိုးဘွားတို့၏ လူမှုဘဝအား အထောက်အပံ့ဖြစ်စေရန်နှင့် ၎င်းတို့အတွက် သေချာသော မျှော်မှန်းဝင်ငွေပုံမှန်ရရှိစေရန် ရည်ရွယ်၍ တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက် ၉၀ နှင့်အထက် ဘိုးဘွားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး နိုင်ငံတော်ရန်ပုံငွေမှ လူမှုရေးပင်စင်ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ဘိုးဘွားပေါင်း ၃၉၄၄၀ ရရှိခံစားနေပြီဖြစ်ပါကြောင်း၊ နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ထောက်ပံ့ပေးသည့် ဘိုးဘွားအသက်အား လျှော့ချပြီး ဘိုးဘွားဦးရေ ပိုမိုထောက်ပံ့သွားရန် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အခြားသော အရှေ့တောင်အာရှ နိုင်ငံများနည်းတူ သက်ကြီးရွယ်အိုဦးရေ တိုးတက်မှုနှုန်းသည် အလျင်အမြန်ပြောင်းလဲလျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းခြေလူဦးရေစာရင်းအရ မိမိတို့နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၅၃ သန်းခန့်အနက် ၄ ဒသမ ၉ သန်း (၉ ဒသမ ၂) ရာခိုင်နှုန်းသည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်ကြပါကြောင်း၊ တစ်နည်းအားဖြင့် လူ ၁၁ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်ရှိနေကြပြီဟု ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် အနာဂတ်တွင်တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများ တိုးမြှင့်စောင့်ရှောက်နိုင်ရေးသည် အထူးလိုအပ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်မှု နည်းစနစ်များထဲမှ စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများထူထောင်သည့်နည်းစနစ်ကို ၁၉၁၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ပေါင်းတစ်ရာကျော်လာပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြုပြီး ဘိုးဘွားရိပ်သာ ၈၂ ခုတွင် ဘိုးဘွားပေါင်း ၂၇၀၀ ကျော်ကို လက်ခံစောင့်ရှောက်ပေးထားပြီး နိုင်ငံတော်အနေဖြင့် အဆိုပါ ဘိုးဘွားရိပ်သာများသို့ ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ခေတ်ကာလနှင့်အညီ တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

သက်ကြီးရွယ်အိုများအတွက် ရိပ်သာအခြေပြုစောင့်ရှောက်ရေးလုပ်ငန်းနှင့် လုံလောက်မှုမရှိသည့်အတွက် ရပ်ရွာအခြေပြုသက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှစပြီး အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုရှိ ကျေးရွာပေါင်း ၁၂၅ ရွာတွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို အခြားသော လူမှုရေးအဖွဲ့အစည်းများ လိုက်ပါလုပ်ဆောင်နိုင်ရန် စံနမူနာတစ်ခုအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး စောင့်ရှောက်မှုနည်းလမ်းသစ်တစ်ခုကို မိတ်ဆက်ဆောင်ရွက်ခဲ့ပါကြောင်း။

သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူသင်တန်းကိုလည်း ရန်ကုန်မြို့ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သင်တန်းအမှတ်စဉ် (၅) အထိ ဖွင့်လှစ်ခဲ့ပြီး လူငယ်များအလုပ်အကိုင် ရရှိရေးကိုပါ win win approach အနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးထားသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ "အသက်ကြီးသူတို့ စွမ်းဆောင်အား၊ ရပ်ရွာအတွင်း အလေးထား၊ အနာဂတ်အတွက် ခြေလှမ်းများ" ဟူ၍ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် ခွဲခြားဆက်ဆံမှုကင်းဝေးပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်ကောင်းရရှိအောင် ဖန်တီးဆောင်ရွက်ပေးကြရန်နှင့် ပိုမိုသာယာလှပသော လူမှုပတ်ဝန်းကျင်ဖြစ်စေရန် ဘိုးဘွားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ကာ လူမှုပတ်ဝန်းကျင်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး လက်ကမ်းကြိုဆိုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို UNFPA ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးအေးသိန်းက လက်ခံသည်။

ထို့နောက် သက်ကြီးသူချင်း ကူညီစောင့်ရှောက်မှုအဖွဲ့မှ အဖွဲ့ဝင် အဘွားဒေါ်နော်မော်ထူးက ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာ မျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်သော အဘိုးအဘွားများအတွက် ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာ မျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ဒုတိယ ဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုစဉ်

# လှိုင်ကော်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ သက်ကြီးဘိုးဘွားများအား ကန်တော့ပြီး ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်ပြီး သက်ကြီးဘိုးဘွားများအား အလှူငွေများ ပေးအပ်လှူဒါန်း၍ အဘိုးအဘွားများကိုယ်စား လွိုင်ကော်မြို့ မင်းစုရပ်ကွက်မှ အဘိုးဦးလုဖေကဆုတောင်းမေတ္တာပို့သပေးသည်။ အဆိုပါ အခမ်းအနားတွင် လွိုင်ကော်မြို့ရှိ အသက် ၈၅နှစ် အထက် အဘိုးအဘွား ၁၈၆ ဦးအား တစ်ဦးလျှင် အလှူငွေကျပ်နှစ်သောင်းနှင့် ကယ်ဆမ်ကွေကာတစ်ထုပ်၊ အခမ်းအနားတက်ရောက်သည့် အဘိုးအဘွား ၅၈ ဦးအတွက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ရေသန့်၊ မျက်နှာသုတ်ပဝါ၊ ပဲနို့နှင့်မုန့် ပေးအပ်လှူဒါန်းပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား လက်ဝယ်အရောက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ် နိုင်သည်။

**(မိုး/ဇလ)**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားများကျင်းပ

**စစ်တွေ**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် အဘိုးအဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန အထောက်အပံ့ဖြင့် ဘိုးဘွားရိပ်သာသုံးခု ဖွင့်လှစ်ထားပြီး ဘိုးဘွား ၁၀၇ ဦးကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်ဖြင့် အသက် ၉၀ နှင့် အထက် ဘိုးဘွားများကို နိုင်ငံတော်အစီအစဉ်ဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ထောက်ပံ့ပေးရာ၌ စစ်တွေ၊ မောင်တော၊ မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲမြို့နယ်များရှိ အဘိုး ၄၂၂ ဦး၊ အဘွား ၈၇၁ ဦးတို့အား ပထမ အကြိမ်၊ အဘိုး ၅၂၈ ဦး၊ အဘွား ၁၁၄၂ ဦး တို့အား ဒုတိယအကြိမ် ထောက်ပံ့ပေးခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဘိုးဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြရာ အဘွားဒေါ်မစောခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**ပေါင်းတည်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာ စိန်ရတုခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးနေလင်းထွန်းက သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင် ၃၁ ဦးက လှူဒါန်းသည့် ငွေ ၆၅၄၅၅၅ ကျပ်အား လှူဒါန်းရာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဘိုးဘွားများ အား အလှူငွေ၊ ခေါင်းပေါင်း၊ လုံချည်၊ ပုဆိုးနှင့် လက်သုတ်ပဝါတို့အား လက်ဝယ်အရောက် လှူဒါန်းကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

**ဖြူး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပုတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီနာယက ဦးတင့်အောင်နှင့် မြို့မိမြို့ဖ ဦးမြသန်းတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။ ထို့နောက် အဘိုး၊ အဘွားများအား ဂုဏ်ပြုလက်ဆောင် နှင့် ဝတ်စုံများကို ဂုဏ်ပြုပေးအပ်ကြပြီး အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဒုတိယဥက္ကဋ္ဌ ဦးကိုကိုမောင်က ချီးမြှင့်ပေးအပ်ပြီး ဂုဏ်ပြုခံအဘိုးအဘွားများကိုယ်စား အဘွားဒေါ်တင်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မြင့်ဦး(ဖြူး)**

# မြန်မာနိုင်ငံနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး

ကျော်လင်း (ဆောက်လုပ်ရေး)

၃.၈.၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော်၌ ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သောမေးခွန်းကို သွားရောက်ဖြေဆိုပြီး နောက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်အများအပြားက တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း ဆက်သွယ်၍ သိလိုသည့် မေးခွန်းများ မေးမြန်းလာကြပါသည်။ အများစုမေးသည့် မေးခွန်းများမှာ-

၁။ မိမိတို့မြို့ကို Urban Planning ရေးဆွဲပြီးပြီလား

၂။ အကယ်၍ ရေးဆွဲပြီးပြီဆိုပါက အဆိုပါ Plan ကို မိမိတို့ကြည့်၍ ရမည်လား၊ ပြည်သူလူထုကို ချပြ၍ ရပါသလား

၃။ အကယ်၍ ရေးဆွဲပြီး Plan ကို ပြည်သူတို့မှ ပြင်ဆင်လိုပါက ပြင်ဆင်၍ ရပါသလား

၄။ Plan ရေးဆွဲပြီးနောက် ဘာဆက်လုပ်မည်နည်း

အစရှိသည့် မေးခွန်းများ မေးမြန်းကြရာ အများပြည်သူသိရှိနိုင်ရန်အတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Urban Plan (Town Plan) ရေးဆွဲထားမှု အခြေအနေများ၊ Urban Plan ရေးဆွဲရေးဆိုင်ရာမူဝါဒများ၊ ရေးဆွဲပြီးသော Urban Plan များကို ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို အကျဉ်းချုပ်တင်ပြလိုက်ပါသည်။


ရှေးနှစ်ပေါင်းထောင်ချီသော ကာလများကပင် လူတို့သည် ရေကြည်ရာမြက်နုရာသို့ အုပ်စုဖွဲ့ ရွှေ့ပြောင်းနေထိုင်ကြရင်းဖြင့် ရွာလေးများဖြစ်လာသည်။ ရွာလေးများ တိုးတက်လာ၍ လူဦးရေတိုးပွားလာမှု၊ စီးပွားရေးအချက်အချာကျမှု၊ လမ်းပန်းဆက်သွယ်ရေးအချက်အချာကျမှုတို့အပေါ် အခြေခံ၍ မြို့များ၊ ခရိုင်မြို့များ၊ တိုင်းမြို့ကြီးများ ဖြစ်လာကြသည်။ သို့ဖြစ်ရာ မြို့အများစုသည် စနစ်တကျ အကွက်ချ၍ Infrastructure ကိုတည်ဆောက်ပြီးမှ Planning အတိုင်း အကောင်အထည်ပေါ်လာသော မြို့များ မဟုတ်ဘဲ ရွာမှတစ်ဆင့်မြို့၊ ထိုမှတစ်ဆင့် မြို့ကြီးများအဖြစ် တိုးတက်လာခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင် Urban Planning ရေးဆွဲခြင်းသည် ရှိရင်းစွဲမြို့များ၏ အရင်းအမြစ်များ၊ ဖွံ့ဖြိုးမှုအလားအလာများ၊ Infrastructure အခြေအနေများပေါ် မူတည်၍ အကောင်းဆုံးဖြစ်ရန် ရေးဆွဲရခြင်းဖြစ်ပါသည်။

မြို့ပြနှင့်အိမ်ရာကဏ္ဍကို "တစ်နိုင်ငံလုံးရှိ လူနေမြို့ ရွာများ ဟန်ချက်ညီညီ၊ စဉ်ဆက်မပြတ် ရေရှည် ရှင်သန် ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မြို့ပြစနစ်ပေါ်ထွန်းရန်" ဟူ၍ Vision 2030 ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ Vision 2030 အောင်မြင်ရေးအတွက် UN-HABITAT နှင့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ ကူညီပေးနေပါသည်။


ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ စီမံကိန်းရေးဆွဲခြင်းတွင် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်း (Sectoral Plan) ကို ပြည်ထောင်စုဝန်ကြီးဌာနများက ရေးဆွဲ၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Development Plan) ကို တိုင်းဒေသကြီးအစိုးရများက ရေးဆွဲနေပါသည်။ ထိုသို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ရေးဆွဲသော Plan နှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ရေးဆွဲသော Plan တို့ ချိတ်ဆက်ပေါင်းစပ်နိုင်ရန်နှင့် ဦးတည်ချက်တူညီရန်အတွက် ပထမဦးစွာ "National Spatial Development Plan" ကို ရေးဆွဲရပါသည်။ ထိုသို့ရေးဆွဲရာတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကို ဗဟိုချက်ပြု၍ ထားဝယ်၊ မော်လမြိုင်၊ ကျောက်ဖြူ၊ သီလဝါ၊ အထူးစီးပွားရေးဇုန် စီမံကိန်းကြီးများ၊ နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်မှုဇုန်နှင့် SME လုပ်ငန်းများ၊ ပုဂံ၊ အင်းလေး၊ ရန်ကုန်၊ မြောက်ဦး၊ မန္တလေး အခြေပြု၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဇုန်များ၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးဇုန်များ၊ သတ္တုတူးဖော်ခြင်းအစရှိသည့် သဘာဝအရင်းအမြစ် အခြေပြုစီးပွားရေးဇုန်များ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးများ၊ ရေနက်ဆိပ်ကမ်းများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ဗဟိုပြု၍ National Spatial Development Conceptual Plan ကို ဦးစွာ ရေးဆွဲရပါသည်။




ဤသို့ရေးဆွဲရာတွင် စိုက်ပျိုးမြေ၊ သစ်တောမြေ၊ သဘာဝနယ်မြေထိန်းသိမ်းရေးဇုန်၊ စီးပွားရေးစကြံ ကြီးများ၊ စက်မှုဇုန်၊ ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုဧရိယာ၊ အထူးစီးပွားရေးဇုန်ကြီးများနှင့် ယင်းတို့ကို ချိတ်ဆက်ပေးမည့် ကားလမ်း၊ လေယာဉ်ကွင်း၊ သင်္ဘောဆိပ်များပါဝင်သော Development Promotion Zone ကိုလည်း ရေးဆွဲရပါမည်။




ထိုသို့ ရေးဆွဲထားသော နယ်မြေဒေသဖွံ့ဖြိုးရေးစီမံကိန်း National Spatial Development Plan နှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ရေးဆွဲသော ကဏ္ဍအလိုက် စီမံကိန်းများ (Sectoral Plan)၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ရေးဆွဲသော ဒေသဖွံ့ဖြိုးမှုစီမံကိန်းများ (Regional Development Plan) များ အဝင်အထွက်မှန်၊ စီးချက်မှန် တစ်ထပ်တည်းကျရန်အတွက် အောက်ပါဇယားအတိုင်း ညှိနှိုင်းပေါင်းစပ်ရပါသည်။





ယခုအခါ တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေကို အခြားနည်းအသုံးပြုမှု ပြောင်းလဲနိုင်သည့်အချက်ကို အခွင့်ကောင်းယူ၍ မြို့ပြပတ်ဝန်းကျင်ရှိ လယ်မြေများ၊ စက်မှုဇုန်အနီးရှိ လယ်မြေများကို စီးပွားရေးသမားများက ဝယ်ယူ၍ ခွဲစိတ်ရောင်းချနေခြင်းများသည် စနစ်တကျ မြို့ပြတိုးတက်ဖြစ်ထွန်းမှုကို များစွာ အနှောင့်အယှက်ပြုလျက်ရှိနေပါသည်။ ထို့ကြောင့် မြို့များကို စနစ်တကျတိုးချဲ့သွားမည့် Town Plan ကို စနစ်တကျရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ အတည်ပြု ပြဋ္ဌာန်းထားရန်နှင့် အများပြည်သူသိရှိရန်အတွက် ထုတ်ပြန်ကြေညာထားရန် လိုအပ်ပါသည်။ သို့မှသာ လွှတ်တော်အတည်ပြုထားသည့် Town Plan တွင် ပါဝင်သော မြို့ပြချဲ့ထွင်မည့် ဧရိယာများ (လယ်မြေ/ကိုင်းမြေ) များသည် မည်သူမျှ အရောင်းအဝယ်ပြုလုပ်၍ ရမည်မဟုတ်ဘဲ အနာဂတ်မြို့ပြချဲ့ထွင်မှုအတွက် လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မူဘောင်ဖြစ်သည့် **ဒေသအနှံ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး** မူဝါဒများကို အခြေခံ၍ လူဦးရေ တစ်သိန်းအထက်ရှိမြို့ကြီးများ၊ လူဦးရေငါးသောင်းအထက်ရှိမြို့ကြီးများ၊ လူမှု-စီးပွားရေးအရ ဖွံ့ဖြိုးမှုအလားအလာ အများဆုံးရှိသည့် တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမြို့တော်များ၊ စီးပွားရေးစကြံ တစ်လျှောက်ရှိ လမ်းဆုံမြို့များ၊ မြို့ငယ်များ၊ အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကွန်ရက်အတွင်းရှိ လမ်းဆုံမြို့များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ထူးခြားသော အခွင့်အလမ်းရှိသည့် မြို့ပြဒေသများအား ဦးစားပေး၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသဘောထားပုံစံ (Town Development Concept Plan) များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။




ထိုသို့ မြို့ပြစီမံကိန်းများ၊ ကျေးရွာစီမံကိန်းများရေးဆွဲရာတွင် လူဦးရေ၊ တည်နေရာအကျယ်အဝန်း၊ မြေမျက်နှာပြင်နှင့် ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအိမ်ရာအဆောက်အအုံများ၏အခြေအနေ၊ သဘာဝအရင်းအမြစ်များနှင့် ထူးခြားသည့် ဝိသေသလက္ခဏာများ (ဥပမာ- သမိုင်းဝင်မြို့ ၊ ခရီးသွားလုပ်ငန်းအထူးပြုမြို့၊ အုပ်ချုပ်မှုမြို့၊ နယ်စပ်ကုန်သွယ်ရေးမြို့) စသည့် အချက်များကို အဓိကထည့်သွင်းစဉ်းစားဆောင်ရွက်ပါသည်။

ထို့အပြင် မြို့ပြစီမံကိန်းရေးဆွဲမည့်ဒေသ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့် အရင်းအမြစ်များ၊ ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ မူဝါဒနှင့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ လက်ခံနိုင်မှုအခြေအနေများအပေါ်မူတည်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများနှင့် ကိုက်ညီအောင် ရေးဆွဲရပါမည်။ ထို့ကြောင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါသည်။




မြန်မာနိုင်ငံတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်ပေါင်း ၃၃၀ ရှိရာတွင် မြို့ကြီး ၉၆ မြို့ကို ဦးစွာပထမ Town Planning ရေးဆွဲထားပြီးဖြစ်ပါသည်။ ထိုသို့ ရေးဆွဲရာတွင် အခြေခံအားဖြင့် လက်ရှိလူဦးရေ ၅၁ သန်းမှ ၂၀၃၀ တွင် ခန့်မှန်း ထားသည့် လူဦးရေ သန်း ၇၀ ကို မျှော်မှန်းထားပြီး ၎င်းနှင့်ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ရေးသားထားပါသည်။ မြို့ပြများ၏ လူဦးရေတိုးတက်နှုန်းကို ဆန်းစစ်ကြည့်ပါက ၁၉၈၃ မှ ၂၀၁၄ အထိ နှစ် ၃၀ အတွင်း လူဦးရေ ၄ ဆမှ ၁၀ ဆအထိ တိုးသည့် မူဆယ်၊ ဖားကန့်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြစ်ကြီးနားအစရှိသည့် မြို့များကို တွေ့ရသလို ထားဝယ်၊ ကလေးဝ၊ ကျောက်တော်၊ လက်ပံတန်း ၊ မြင်းခြံ၊ သရက်၊ ကျိုင်းတုံ၊ လေးမျက်နှာ၊ တမူး၊ မိုးကုတ်၊ ရွှေဘိုအစရှိသည့် လူဦးရေတိုးတက်မှုနှုန်း အနည်းငယ်သာရှိသည့် မြို့များကို တွေ့ရပါသည်။ အချို့မြို့များ (စစ်တွေ၊ ဖလမ်း၊ မချမ်းဘော၊ မောင်တော၊ ဘူးသီးတောင်) သည် ၁၉၈၃ ခုနှစ်ရှိ လူဦးရေထက် လျော့ကျနေသည်ကိုလည်း အံ့သြဖွယ်တွေ့ရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တောင်ငူပညာရေးကောလိပ် မူလတန်းဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တောင်ငူပညာရေးကောလိပ် မူလတန်းဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်း အမှတ်စဉ် (၃၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်းရှိ မြတ်ပညာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၁)ပါ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းစဉ်များတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်း ကျောင်းသား ကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်ကာ သင်ယူခွင့်များရရှိအောင် ဆောင်ရွက်နေပါကြောင်း။

မူလတန်းပညာ သင်ယူနေသူအားလုံး သင်ယူပြီးမြောက်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိသည့် ကလေးများအတွက် အလေးထားဆောင်ရွက်သော ပညာရေးအစီအစဉ်များကို ပိုမိုကောင်းမွန်အောင် အားပေးမြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ အရည်အသွေးမြင့်သော ပညာရေးစနစ် ဖော်ဆောင်ရာတွင် စွမ်းဆောင်ရည် မြင့်မားသော ဆရာ ဆရာမများ အထူးလိုအပ်သည်ဖြစ်၍ ဆရာ ဆရာမ သင်တန်းသားများအားလုံး ကြိုးစားပူးပေါင်းဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးအခွင့်အလမ်း၊ ပညာရေးအရည်အသွေး၊ ပညာရေးသာတူညီမျှမှု၊ လူတိုင်းအကျုံးဝင်မှုနှင့် အကျိုးရှိ ထိရောက်မှုများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမ သင်တန်းသားများအနေဖြင့် Grade-1, Grade-2, Grade-3 ကျောင်းသား ကျောင်းသူများ အားလုံး အဖတ်၊ အရေး၊ အတွက်များ သင်ယူတတ်မြောက်ရေးကြိုးပမ်း ဆောင်ရွက်ရန်နှင့် မူလတန်းပညာ သင်ယူပြီးမြောက်ရေး အရေးကြီးပါကြောင်း။

ဆရာ ဆရာမ သင်တန်းသားတို့အနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်အောင်၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိအောင်၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်သော စိတ်ဓာတ်ရှိအောင်၊ တီထွင်ကြံဆတတ်အောင် သင်ကြားလေ့ကျင့်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် အရည်အသွေးရှိသော ပညာရေးစနစ် ဖြစ်ထွန်းအောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပညာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့ မီနာမားတားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အစည်းအဝေးတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သော အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော မာကျူရီ (ပြဒါး) ဆိုင်ရာ မီနာမားတား ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အစည်းအဝေး၏ High Level Segment အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။



ကွန်ဗင်းရှင်း၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (High Level Segment) ကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အပါအဝင် နိုင်ငံတကာမှဝန်ကြီးအဆင့်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ရရှိနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ မာကျူရီသုံးစွဲမှုကြောင့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် တစ်နိုင်တစ်ပိုင်ရွှေတူးဖော်ရေးလုပ်ငန်းများတွင် မာကျူရီသုံးစွဲမှုနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ဖြန့်ဝေခြင်းများကို အဖွဲ့ဝင်နိုင်ငံအဖြစ် မဝင်ရောက်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဆွစ်ဇာလန်နိုင်ငံ ပတ်ဝန်းကျင်၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဖြစ်သူ H.E. Doris Leuthard က ယခုကွန်ဗင်းရှင်းသည် ဓာတုဒြပ်ပေါင်းများနှင့် စွန့်ပစ်ပစ္စည်းများနှင့် ဆက်နွှယ်သည့် သဘောတူညီချက်ဖြစ်သော်လည်း မာကျူရီတစ်မျိုးတည်းကိုသာ အဓိကထား၍ ဆောင်ရွက်သွားမည့် သဘောတူညီချက်ဖြစ်ပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ ၂၁ ရာစုအတွင်း ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ဖြစ်ပေါ်လာသောသဘောတူညီချက်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

မာကျူရီနှင့် မာကျူရီဒြပ်ပေါင်းများ စွန့်ထုတ်နေမှုများကြောင့် ဖြစ်ပေါ်လာသည့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ပြီး မီနာမားတားကွန်ဗင်းရှင်းအား ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁၉၅၆ ခုနှစ် ဂျပန်နိုင်ငံ မီနာမားတားမြို့တွင် အဆိုးရွားဆုံး မာကျူရီအဆိပ်သင့်မှုကြောင့် လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ရခြင်းကို အမှတ်ရစေရန်ရည်ရွယ်၍ မီနာမားတား ကွန်ဗင်းရှင်း (Minamata Convention)ဟု အမည်ပေးခဲ့ကြခြင်းဖြစ်သည်။

မီနာမားတား ကွန်ဗင်းရှင်းအပေါ် စိတ်ဝင်စားကြောင်း လက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၁၂၈ နိုင်ငံရှိ၍ ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည့် နိုင်ငံပေါင်း ၈၃ နိုင်ငံရှိပြီးဖြစ်ကာ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ကွန်ဗင်းရှင်း စတင်အာဏာ သက်ဝင်ခဲ့သည်။ အာဆီယံနိုင်ငံများထဲမှ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှာ အဆိုပါ ကွန်ဗင်းရှင်းသို့ ဝင်ရောက်ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုကိုးကျွန်းမြို့အပါအဝင် ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်တွင် မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲဆုရ အငြိမ့်အဖွဲ့များ အခမဲ့လှည့်လည်ဖျော်ဖြေသွားမည်

**ရန်ကုန် အောက်တိုဘာ ၁**
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသော အငြိမ့်အဖွဲ့များသည် ကိုကိုးကျွန်းမြို့အပါဝင် ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်၌ အငြိမ့်ကပွဲများ အခမဲ့လှည့်လည်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း အဆိုပါဖျော်ဖြေပွဲဖြစ်မြောက်ရေးအတွက် စီစဉ်သူ ဦးဇာဂနာကပြောသည်။

“ အဓိကကတော့ ကျွန်တော်တို့ ရန်ကုန်မှာ နှစ်ပေါင်း ၃၀ လောက် အငြိမ့်ပွဲတွေ မရှိတော့ဘူးဖြစ်နေတယ်။ ဒီအငြိမ့်ပွဲတွေကို လူထုကြားမှာ ပြန်လည်ပြီး ပေါ်စေချင်တယ်။ ကျင်းပသွားမယ့်ပွဲတွေကလည်း အခမဲ့ဖြစ်ပြီး အသံချဲ့စက်တွေ၊ ကန့်လန့်ကာတွေ၊ မီးတွေ၊ ဇာတ်စင်ဆောက်ရတာတွေနဲ့အခြားကိစ္စတွေအပြင် ကတဲ့ကလေးတွေကလည်း အချိန်တွေပေးပြီးတစ်ပြားမှမရဘူးဆိုတော့ ကျွန်တော်တို့ စီစဉ်သူတွေအနေနဲ့ အထောက်အပံ့ပေးနိုင်မယ့် အလှူရှင်တွေကိုလည်း ဖိတ်ခေါ်ရပါတယ်။ ဒီအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကူညီသလို စေတနာရှင်၊ စီးပွားရေးလုပ်ငန်းရှင်အချို့ကလဲ ကူညီတယ်။ မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပခဲ့တဲ့အပေါ် လူကြီးတွေအပြင် လူငယ်တွေကပါ အငြိမ့်ကိုစိတ်ဝင်တစား လာကြည့်ကြတာကို တွေ့ရတယ်။ ဒါကို အရှိန်မပျက်စေဖို့ရန်ကုန်တိုင်းဒေသကြီးရဲ့မြို့နယ်တွေမှာ အငြိမ့်ပွဲတွေကိုထပ်မံပြီး မှတ်မှတ်ရရဖြစ်အောင် ကပြဖျော်ဖြေသွားမှာပါ”ဟု ပွဲစီစဉ်သူ ဦးဇာဂနာက ပြောသည်။

အငြိမ့်ပြိုင်ပွဲများအတွက် ပံ့ပိုးကူညီပေးသော Nation Light ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးလွင်ရန်နိုင်က “ အဓိကကတော့ အများပြည်သူတွေအတွက် အကျိုးရှိစေမယ့်အရာတစ်ခုကို လုပ်ပေးချင်တဲ့ စိတ်ဆန္ဒတွေ ပြင်းပြနေချိန်မှာ ဦးဇာဂနာနဲ့ချိတ်မိပြီး တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ မြန်မာ့ဇာတ်သဘင်အငြိမ့်ကပွဲတွေကို ရန်ကုန်မြို့ပေါ်ရဲ့ မြို့နယ်တွေမှာ ကပြဖျော်ဖြေဖို့ရှိတယ်လို့ သိရတယ်။ ဒီအပေါ်မှာ ကိုယ့်မြန်မာပြည်ရဲ့ယဉ်ကျေးမှုလက္ခဏာတွေ မပျောက်ပျက်စေဖို့ ဒီကပွဲတွေဖြစ်မြောက်ရေးအတွက် ထောက်ပံ့လှူဒါန်းရတာ အလွန်ကိုစေတနာပါပြီး ပီတိလည်းဖြစ်မိပါတယ်”ဟု ပြောသည်။

ထိုအငြိမ့်ကပွဲများ၌ မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲတွင် တစ်နိုင်ငံလုံးရှိ အငြိမ့်အဖွဲ့ ၃၄ ဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန်ခါတင် ရှစ်ဖွဲ့မှ ပထမဆုရ ဇွဲအငြိမ့်အဖွဲ့တွင် မင်းသမီးဇွဲရတီ၊ လူရွှင်တော် စိမ်းလန်း၊ ဇောက်ထိုး၊ အာလူး၊ ဒိုပေါက်တို့ပါဝင်ပြီး ဒုတိယဆုရ ခေတ်သစ်ကြေးမုံအဖွဲ့တွင် မင်းသမီး နီနီထက်၊ လူရွှင်တော် လူမော်၊ ပေါက်မဲ၊ လေပြေ၊ ရွှေကျား၊ ရွှေကောင်းတို့ဖြစ်ပြီး တတိယဆုရ ရွှေညာမြေရဲ့ကြယ်ပွင့်များအဖွဲ့တွင် မင်းသမီး ငြိမ်းချမ်းခိုင်၊ လူရွှင်တော် ဘဲခေါင်း၊ ဝိုင်းချစ်၊ ပေါက်စီ၊ ငြိမ်းချမ်းတို့ပါဝင်သည်။ လှည့်လည်ဖျော်ဖြေမှုကို လာမည့်အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်ရေကျော် မီးထွန်းပွဲတော်မှ စတင်ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ ကိုကိုးကျွန်းမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆင်ခြေဖုံးမြို့နယ်များတွင် ရက်သတ္တတစ်ပတ်လျှင် နှစ်နေရာကျင်းပမည်ဖြစ်သည်။ ပြီးလျှင် မန္တလေးတိုင်းဒေသကြီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တက္ကသိုလ်များတွင် နက္ခတ္တဗေဒနှင့် ရူပနက္ခတ္တဗေဒ ဘာသာရပ်များ သင်ကြားနိုင်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲရေး စတင်ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁**
မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် နက္ခတ္တဗေဒဘာသာရပ်နှင့် ရူပနက္ခတ္တဗေဒဘာသာရပ်များသင်ကြားနိုင်ရန် သင်ရိုးညွှန်းတမ်းသစ်များ ရေးဆွဲနိုင်ရေးအတွက် စတင်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာလဲ့လဲ့ဝင်းက ပြောကြားသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းသစ်များ ရေးဆွဲနိုင်ရေးအတွက် အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ တက္ကသိုလ် ၃၆ ခုမှ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများပါဝင်သည့် အကြိုညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်က မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

“ ဒီဆွေးနွေးပွဲက ရရှိလာတဲ့ အကြံပြုချက်တွေအပေါ် အခြေခံပြီး ရန်ကုန်မှာ ဆွေးနွေးပွဲတွေ ထပ်လုပ်မယ်၊ ရန်ကုန်က အတည်ပြုချက်ရရင်တော့ လာမယ့်ပညာသင်နှစ်ကစပြီး တစ်နိုင်ငံလုံးက တက္ကသိုလ်တွေမှာ စတင်သင်ကြားနိုင်အောင် ကြိုးစားသွားမှာပါ၊ ဒီဘာသာရပ်တွေကို ကျွန်မတို့ငယ်ငယ်က သင်ကြားခဲ့ပေမယ့် အခုခေတ်ကလေးတွေ သင်ကြားနိုင်ခြင်းမရှိတော့ဘူး၊ ပြည်ပက ကျောင်းတွေမှာ ဒီဘာသာရပ်က အတော်လေးအရေးပါတာကို တွေ့ရတယ်၊ အရင် ဆယ်တန်းမှာ တယ်လီစကုပ်အကြောင်းကို သင်ခဲ့ရပေမယ့် အခုနောက်ပိုင်းမှာ တက္ကသိုလ်တွေကအစ သင်ကြားရခြင်း မရှိတော့တဲ့အတွက် ကြယ်တွေ နက္ခတ်တာရာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို အသုံးပြုလေ့လာတဲ့ တယ်လီစကုပ်အကြောင်းကို သိရှိမှုနည်းပါးလာတယ်”ဟု ဒေါက်တာလဲ့လဲ့ဝင်းက ဆက်လက်ပြောသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က နက္ခတ္တဗေဒ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအချို့ သင်ကြားပေးခဲ့သော်လည်း နောက်ပိုင်းတွင် သင်ကြားပေးနိုင်ခဲ့ခြင်းမရှိတော့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




❄ ရှေ့ဖုံးမှ

ကမ်းနားလမ်းမှတစ်ဆင့် မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့သို့ စီတန်းလမ်းလျှောက်ကြသည်။

ထိုသို့ လမ်းလျှောက်ပွဲပြုလုပ်ရာတွင် ပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံသောအားဖြင့် ဓာတ်ပုံ (ဗီနိုင်း) များကိုင်ဆောင်ကာ ဂုဏ်ပြုထောက်ခံသည့် ကြွေးကြော်သံများဖြင့် စီတန်း လမ်းလျှောက်ကြခြင်းဖြစ်သည်။

ထို့နောက် မဟာဗန္ဓုလပန်းခြံရှေ့တွင် ပန်းရဲ့လမ်းတေးဂီတအဖွဲ့မှ ငြိမ်းချမ်းရေးတေးသီချင်းများနှင့် ဖျော်ဖြေကြပြီး တက်ရောက်လာကြသူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပါဝင်ထောက်ခံရသည့် အကြောင်းအရာများကို ပြည်သူများသိရှိစေရန် ဟောပြောကြသည်။

"လမ်းလျှောက်ပွဲမှာ ပါဝင်တဲ့ မိတ်ဆွေတွေကို ငြိမ်းချမ်းရေးတေး သီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်။ နိုင်ငံတကာက ဘယ်လိုပဲဖိအားတွေပေးပေး ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ညီညီညွတ်ညွတ်နဲ့ လုပ်သွားရင် အရာရာကိုကျော်ဖြတ်လို့ရနိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကိုယ့်မြို့နယ်၊ ရပ်ကွက်တွေမှာပါ အခုလို ထောက်ခံပွဲတွေလုပ်ပေးခြင်းအားဖြင့် ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ရဲ့လူထုခေါင်းဆောင်လည်း အင်အားတွေပိုရှိလာလိမ့်မယ်။ ပြည်သူတွေအားလုံးလည်း ပိုပြီးစည်းလုံးလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပန်းရဲ့လမ်းတေးဂီတအဖွဲ့မှ ဦးသားထွေးက ဆိုသည်။

အလားတူ ရွှေပြည်သာမြို့နယ်မှ ဒေါ်ယုသိင်္ဂီဝင်းက "အမေ့အပေါ်မှာ နိုင်ငံတကာရဲ့ဖိအားတွေ အလွန်များနေတယ်။ နိုင်ငံတကာအမြင်မှာ အမေဟာ ပြည်သူနဲ့တစ်သားတည်းရှိနေတယ်ဆိုတာကို သိစေချင်ပါတယ်။ အဲဒါကြောင့် လူထုခေါင်းဆောင်ကို ထောက်ခံတဲ့ပွဲတိုင်းမှာပါဝင်ခဲ့ပါတယ်။ ခေါင်းဆောင်ကောင်းရဲ့နောက်မှာ နောက်လိုက်ကောင်းတွေအဖြစ်နဲ့ အမြဲတမ်းရပ်တည်သွားမှာပါ"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့်ပွဲတွင် ပြည်သူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ယာဉ်လမ်းကြောင်း ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ဒီပွဲမှာ ကျန်းမာရေးစောင့်ရှောက်မှု အနေနဲ့ လိုက်ပါဆောင်ရွက်ပေးတာပါ။ အခုလို ထောက်ခံပွဲတွေလုပ်တာဟာ ကျွန်တော်တို့နိုင်ငံအတွက် ကောင်းတဲ့လက္ခဏာလို့ မြင်ပါတယ်။ ပြည်သူတွေစုပေါင်းပြီး လူထုခေါင်းဆောင်ကို ထောက်ခံတဲ့အပေါ်ကို ကြိုဆိုဝမ်းသာပါတယ်"ဟု မရမ်းကုန်းမြို့နယ်၊ မြတ်ကုသိုလ်လူမှုကယ်ဆယ်ရေး အသင်းမှ ကိုသူရစိုးက ဆိုသည်။

ပြည်သူများအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် တစ်သားတည်းရှိကြောင်း ပြသသည့် ထောက်ခံပွဲကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့်အပြင် အခြားသောမြို့ကြီးများတွင်လည်း ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ ထောက်ခံ ဂုဏ်ပြုသည့်ပွဲများကို အခြားသော မြို့များတွင်လည်း ဆက်လက်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

# မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**မန္တလေး အောက်တိုဘာ ၁**

ဧရာဝတီမြစ်အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းဒေသရှိ ပြည်သူများ ရေလမ်းသာမက ကုန်းလမ်း(ကားလမ်း)ဖြင့် လည်း မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြစ်ကြီးနားဒေသများသို့ပါ ရာသီမရွေးသွားလာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော် အစိုးရသည် ဆောက်လုပ်ရေးဝန်ကြီးဌာနကို တာဝန်ပေး၍ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းကို ဖောက်လုပ်စေခဲ့ရာ လမ်းအရှည်မှာ ၉၇ ဒသမ ၁၆ ကီလိုမီတာ၊ မိုင်အားဖြင့် မိုင် ၆၀ ၃ဖာလုံရှိသည်။



အဆိုပါလမ်းမကြီးမှာ အများပြည်သူများ သွားလာအသုံးပြုနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ် မေ ၁၁ ရက်က ဖွင့်လှစ်ပေးခဲ့သော ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။ ယင်းနောက် တကောင်းမှ ကသာသို့ လမ်းသစ်ဖောက်လုပ်ရေးကို ၁၉၉၉ ခုနှစ်တွင် တကောင်းနှင့်ကသာရှိဆောက်လုပ်ရေး အဖွဲ့များက စတင်ဖောက်လုပ်ခဲ့သည်။ ထိုလမ်းသည် တကောင်း နှင့်ကသာသို့သာ လမ်းကြောင်းတည်နေသဖြင့် တိုးချဲ့၍ ရွှေကူနှင့် ဗန်းမော်အထိ ဖောက်လုပ်စေခဲ့သည်။

ယင်းစီမံကိန်းတွင် သပိတ်ကျင်း-တကောင်းအပိုင်း(၄၆ မိုင် ၇ ဖာလုံ) အထိကို လမ်းအထူးအဖွဲ့(၁၄)မှ တာဝန်ယူခဲ့သည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မိုင်တိုင်အမှတ်(၀/၀မှ ၃၀/၀ )အထိ မိုင် ၃၀ ကို ပြင်ဦးလွင်ခရိုင်မှလည်းကောင်း၊ မိုင်တိုင်အမှတ် (၃၀/၀မှ မိုင်တိုင်အမှတ် ၆၀/၃ )အထိ မိုင် ၃၀နှင့် ၃ ဖာလုံကို လမ်းအထူးအဖွဲ့(၉)တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ယခုအခါ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်း မိုင်ပေါင်း (မိုင် ၆၀ ၃ ဖာလုံ) ရှိသည့်အနက် မိုင် ၃၀ အား ပြင်ဦးလွင်ခရိုင် လမ်းဦးစီးဌာနမှ ၁၈ ပေအထိချဲ့၍ အဆင့်မြှင့်တင်ကတ္တရာခင်းထားပြီးဖြစ်သည်ဟု သိရသည်။ လမ်းအထူးအဖွဲ့(၉)မှ တာဝန်ယူထားသည့် မိုင်ပေါင်း (မိုင် ၃၀ ၃ ဖာလုံ)အနက် ၂၁ မိုင် ၆ ဖာလုံကိုသာ ၁၈ ပေချဲ့ကတ္တရာခင်းထားနိုင်သေးပြီး ၈ မိုင် ၅ ဖာလုံမှာ ကတ္တရာလမ်း ၁၂ ပေသာ ရှိနေသေးကြောင်း သိရသည်။

အဆိုပါ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားကားလမ်းမကြီးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆက်လက်၍ လမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းကို ၈ မိုင် ၁ ဖာလုံတို့ ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်များတွင် ၈ မိုင် ၄ ဖာလုံတို့ကိုလည်း ပြင်ဦးလွင်ခရိုင် လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့(၉)တို့မှ ဆောင်ရွက်ပေးကြဦးမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား အေးချမ်းသာယာပြည်မြန်မာဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

( ဂ ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။

( င ) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

( စ ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်း ငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ဦး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

# ကျည်ဆံနဂါး မြန်မာ့ရိုးရာလက်ဝှေ့ကလပ် ဆိုင်းဘုတ်တင်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီ အသိအမှတ်ပြု ကျည်ဆံနဂါးမြန်မာ့ရိုးရာလက်ဝှေ့ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အသင်းတည်ရှိရာ ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက် (၅၆) လမ်းနှင့် ကျန်စစ်သား-ဘုရင့်နောင်လမ်းရှိ ကျည်ဆံနဂါးကလပ်တည်ရှိရာနေရာတွင် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၄နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်၊ အထွေထွေအတွင်းရေးမှူး ဦးဒဿနှင့် ဝူရှူးနည်းပြ ဦးကျော်အေးတို့က အမှာစကားပြောကြားသည်။ မင်္ဂလာအချိန်တွင် "ကျည်ဆံနဂါး" မြန်မာ့ရိုးရာလက်ဝှေ့ကလပ်အသင်းဆိုင်းဘုတ်ကို မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်က အမွှေးနံ့သာရည်များ ပက်ဖျန်း၍ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျည်ဆံနဂါးမြန်မာ့ရိုးရာလက်ဝှေ့ကလပ်တွင် အသင်းသား ၁၅ ဦးနှင့် နည်းပြများအဖြစ် ဦးမြကျည်ဆံ၊ ဦးဇေယျာနဂါး၊ ဦးဘိုစည်တို့ ဆောင်ရွက်သည်။ ကလပ်အုပ်ချုပ်သူများအဖြစ် ဦးမြကျည်ဆံနှင့် ဦးဇေယျာနဂါးတို့က ဆောင်ရွက်သည်။ ဆက်လက်၍ ကျည်ဆံနဂါးကလပ်နှင့် ကျားဖြူကလပ်အတွက် ထောက်ပံ့ပစ္စည်း များ လက်အိတ် လေးလုံးစီ၊သဲအိတ် တစ်လုံးစီ၊ ခြေကန်အိတ် နှစ်စုံစီကို ဥက္ကဋ္ဌ ဦးစိုးမင်း ကိုယ်စား ဦးသန့်စင်နှင့် ဦးဒဿတို့က ပေးအပ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# စလင်းမြို့ ရွှေမုဋ္ဌောဘုရားကြီး မီးထွန်းပွဲကျင်းပမည်

**စလင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန် ရွှေမုဋ္ဌောဘုရားကြီး၏ ဒုတိယအကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မီးထွန်းပွဲတော် ကျင်းပနိုင်ရေးအတွက် စက်တင်ဘာ ၂၉ ရက်က အစည်းအဝေး ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ရွှေမုဋ္ဌောဘုရားကြီး ဂေါပကအဖွဲ့နာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွန်း၊ သာသနာရေးဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

ဝက်သည်းကန် ရွှေမုဋ္ဌောဘုရားကြီး၌ ယမန်နှစ်က မီးထွန်းပွဲတော်ကြီးကို စတင်ကျင်းပခဲ့ရာ ဘုရားကြီးတွင် မီးပူဇော်သူများ၊ ဘုရားဖူးများဖြင့် အထူးစည်ကားသိုက်မြိုက်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

# လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းတွင် AutoRecloser တပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန်နှင့် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးအတွက် အဓိကဓာတ်အားလိုင်းဖြစ်သော လှိုင်သာယာ-ညောင်တုန်း ဓာတ်အားလိုင်းတွင် AutoRecloser တစ်စုံနှင့် Disconnecting Switch တစ်စုံတို့ကို တပ်ဆင်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ လမ်းညွှန်မှုဖြင့် ထန်းတပင်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးစိုးကိုကိုနှင့် ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲမှ မန်နေဂျာ ဦးပြည့်ဟိန်းဝင်းတို့ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများအဖွဲ့က လှိုင်သာယာ-ညောင်တုန်း ၃၃ ကေဗွီ ဓာတ်အားလိုင်းတွင် AutoRecloser တစ်စုံနှင့် Disconnecting Switch တစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်က တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဗထူး**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းဝေးကို စက်တင်ဘာ ၂၈ ရက်က တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသစ်၊ အဆင့်မြင့်ပညာညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ အဖွဲ့ကော်မတီဥက္ကဋ္ဌ ဦးမျိုးသစ်က အမှာစကားပြောကြားပြီး ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် စံချိန်၊ စံညွှန်းဆိုင်ရာလုပ်ငန်းအဖွဲ့၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းအဖွဲ့၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းအဖွဲ့၊ အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)၊ အေးမြ (မန္တလေး)**

# အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က ပဲခူးမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပျဉ်ပုံကြီးတပ်နယ်၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒေါ်ဝင်းလဲ့နွယ်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တပ်တွင်းမိသားစု ရဲမေသင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာမည်ဖြစ်ပြီး တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေဝင်း (ပြည်)**

# မုံရွာစက်မှုဇုန်ပတ်ဝန်းကျင် အရည်အသွေးထိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်မည်

**မုံရွာ အောက်တိုဘာ ၁**

စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ အာရှဖောင်ဒေးရှင်းနှင့် မုံရွာစက်မှုဇုန်တို့ ပူးပေါင်း၍ မုံရွာစက်မှုဇုန်ပတ်ဝန်းကျင် အရည်အသွေးစုပေါင်းထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးချမှတ်ခြင်းတို့ကို စက်တင်ဘာ ၂၉ ရက်က မုံရွာစက်မှုဇုန်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က "စက်မှုဇုန်လုပ်ငန်းရှင်တွေအနေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို သန့်ရှင်းတဲ့ နည်းစနစ်နည်းပညာတွေ ရရှိဖို့လိုအပ်သလို မိမိတို့စက်ရုံမှာ ဆောင်ရွက်လုပ်ကိုင်နေတဲ့လူအားလုံးဟာ ပတ်ဝန်းကျင်ရေးရာ အသိပညာတိုးတက်နေဖို့လိုအပ်ပါတယ်။ တိုးတက်ဖြစ်ထွန်းလာတဲ့ အသိအမြင်တွေနဲ့အတူ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ မုံရွာစက်မှုဇုန် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ဖို့ ဩဂုတ် ၁၅ ရက်က မုံရွာစက်မှုဇုန်ခန်းမအတွင်း သုံးဦးသုံးဖလှယ် ညှိနှိုင်းအဖြေရှာဆောင်ရွက်ခဲ့ပါတယ်။ စိမ်းလန်းအမိမြေအဖွဲ့နဲ့ အာရှဖောင်ဒေးရှင်းတို့ရဲ့ထောက်ပံ့မှု၊ မုံရွာစက်မှုဇုန်လုပ်ငန်းရှင်တွေရဲ့ ထောက်ပံ့မှုတွေနဲ့ မတည်ရန်ပုံငွေထူထောင်ပြီး ရေဆိုးများသန့်စင်ဖို့အတွက် စုပေါင်းသန့်စင်တဲ့စနစ်ကို ဦးစားပေးလေ့လာသွားဖို့ လိုပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုလက်ခံပါတယ်" ဟု အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဒေါက်တာ Kim က "မုံရွာစက်မှုဇုန်ပတ်ဝန်းကျင် အရည်အသွေးစုပေါင်းထိန်းသိမ်းခြင်းလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မုံရွာစက်မှုဇုန် လုပ်ငန်းရှင်တွေအနေနဲ့ ဒီမှာဖြစ်နေတဲ့ပြဿနာကို သူတို့ကိုယ်တိုင်သိရှိတယ်။ သိတဲ့အတွက် သူတို့ကိုယ်တိုင် ပညာရှင်ကို ဆက်သွယ်လာတယ်။ ပြဿနာကိုဖြေရှင်းချင်တယ်ဆိုပြီး ဆက်သွယ်လာတဲ့အချက်က အာရှဖောင်ဒေးရှင်းကို ဒီစီမံကိန်းမှာ အဓိကကူညီချင်တဲ့အချက်ပါ။ ဖောင်ဒေးရှင်းအမြင်ပြောရရင် ဒီလိုမျိုးစက်မှုဇုန်တွေမှာ ညစ်ညမ်းမှုဖြစ်နေတဲ့ဟာတွေကို သိရှိတဲ့ လုပ်ငန်းရှင်၊ စီးပွားရေးသမားတွေဟာ သူတို့ကိုယ်တိုင် ဖြေရှင်းချင်တဲ့စိတ်ရှိမှသာ ဒီလုပ်ငန်းက လုပ်လို့ရတာပါ။ သူတို့ကိုယ်တိုင် ပါဝင်လာတဲ့အတွက်ကြောင့် အားရကျေနပ်မိပါတယ်" ဟု ၎င်းက ပြောသည်။

မုံရွာစက်မှုဇုန်ပတ်ဝန်းကျင်တွင် လက်ရှိရေညစ်ညမ်းနေမှု အခြေအနေနှင့်ပတ်သက်၍ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးဝင်းမျိုးသူက "မုံရွာစက်မှုဇုန်မှာ ရေဆိုးတွေညစ်ညမ်းတာက ဓာတုဗေဒအားဖြင့် အောက်ဆီဂျင်သုံးစွဲမှု လိုအပ်ချက်က သတ်မှတ်ထားတဲ့စံနှုန်းပမာဏထက် မြင့်နေပါတယ်။ သတ်မှတ်ထားတဲ့စံနှုန်းပမာဏက ၂၅၀ ဆိုရင် ဒီမှာ ပြီးခဲ့တဲ့နှစ်က တိုင်းတာချက်အရ အနည်းဆုံး ၁၅၀၀ ကနေ ၂၀၀၀ ကြားဖြစ်နေတာဆိုတော့ အကြမ်းဖျင်း ခုနစ်ဆလောက် မြင့်နေတာပေါ့။ ဒါတောင် ရေစစ်ကန်တွေလုပ်ထားတာပါ။ တကယ်တမ်း မလုပ်ထားရင် ၁၀၀၀၀ လောက်အထိ ဖြစ်သွားနိုင်တယ်။ စက်ရုံကတိုက်ရိုက်ထွက်ဆိုရင်တော့ ၁၀၀၀၀ အထိ ဖြစ်နေမှာ သေချာပါတယ်"ဟုပြောသည်။

လက်ရှိအချိန်တွင် မုံရွာစက်မှုဇုန်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝေတင့်က "မုံရွာစက်မှုဇုန်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဆိုတာ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒီနှစ်ကစပြီး ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေဖြစ်တဲ့ စက်မှုဇုန်ထဲ သစ်ပင်စိုက်တာတွေ၊ ရေမြောင်းတွေ ရေစီးရေလာကောင်းဖို့ ကြာဆံဇုန်ဘက်မှာရှိတဲ့ ရေစစ်ကန် သုံးကန် ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို လုပ်ငန်းရှင်များနဲ့ စီမံကော်မတီများပူးပေါင်းပြီး တစ်နှစ်ပတ်လုံး လုပ်ဆောင်နေတာဖြစ်ပါတယ်။ မုံရွာစက်မှုဇုန်မှာ ၂၀၀၄ ခုနှစ်ကတည်းက ရေစစ်ကန်တွေတူးဖော်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ တိုင်းစည်ပင်နဲ့ ရေစစ်ကန်အသစ်တူးဖော်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို ခုနစ်ဧကအကျယ်မှာ လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် ရေဆိုးသိုလှောင်ကန်တွေဖြစ်သွားလို့ ပတ်ဝန်းကျင်ထိခိုက်မှုကို တစ်ဝက်လောက်တော့ လျှော့ချနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အလှူငွေပေးအပ်ပွဲတွင် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေ ငွေကျပ် ၄၁၁ သိန်းကျော်အနက် ငွေကျပ် ၃၂၈ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြပြီး မုံရွာစက်မှုဇုန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးချမှတ်ခဲ့ကာ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းညွန့်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သံတိုင်ထွန်း**

# စစ်တောင်းမြစ်ကမ်းပါးပြိုကျ၍ ရွာတန်းရှည်ရွာမှ ရှေးဟောင်းသိမ် ပြိုကျပျက်စီး

**တောင်ငူ အောက်တိုဘာ ၁**



စက်တင်ဘာလဆန်းပိုင်းမှစတင်၍ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေ မြင့်တက်လာခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ လူနေအိမ်များနှင့် သီးနှံစိုက်ခင်းများမှာ ရေလွှမ်းမှုဒဏ်ကို အချိန်ကြာမြင့်စွာကြုံတွေ့ခဲ့ရသည်။

ယခုအချိန် တွင် မြစ်ရေမှာ ပြန်ကျနေပြီဖြစ်သော်လည်း မြစ်ရေပြန်လည်ကျဆင်းချိန်တွင် ဖြစ်ပွားလေ့ရှိသော ကမ်းပါးပြိုကျမှုများဖြစ်ပွားလျက်ရှိကာ အဆိုပါ ကမ်းပြိုမှုများကြောင့် စက်တင်ဘာ ၂၈ ရက်က တောင်ငူမြို့နယ် အနောက်ဆင်ရွာအုပ်စု ရွာတန်းရှည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသိမ်အဆောက်အအုံ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ကမ်းပါးပြိုကျမှုကြောင့် ရှေးဟောင်းသိမ်အဆောက်အအုံ ပြိုကျခဲ့ရကာ အဆောက်အအုံ၏ အစိတ်အပိုင်းအတော်များများမှာ မြစ်ထဲသို့ကျသွားခဲ့ကြောင်း ရွာတန်းရှည်ကျေးရွာမှ ဒေသခံများက ပြောသည်။ အဆိုပါ သိမ်ရှိရာ ရွာဦး ဘုန်းတော်ကြီးကျောင်းမှာ စစ်တောင်းမြစ်ပန်းတာနှင့် စစ်တောင်းမြစ်အကြား၌ မြစ်ကမ်းနှင့်နီးကပ်စွာ တည်ရှိနေခဲ့၍ မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျနေချိန်တွင် ကျေးရွာနေပြည်သူများအနေဖြင့် သိမ်တော်အဆောက်အအုံကို ဖျက်သိမ်းကာ နေရာရွှေ့ပြောင်းရန် ကြိုးစားခဲ့ကြသော်လည်း ဆရာတော်ကြီးများက သိမ်ဆိုသည်မှာ မဖျက်ကောင်းဟု မိန့်ကြားခဲ့သည့်အတွက် ပြိုကျပျက်စီးသွားသည်ကို စိတ်မကောင်းစွာ ထိုင်ကြည့်နေလိုက်ရကြောင်းလည်း ဒေသခံအချို့က ဆက်လက်ပြောကြားသည်။

တောင်ငူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသောင်းတင်က "မြစ်ကမ်းပြိုတာကတော့ မြစ်ရေပြန်ကျရင် ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကျေးရွာတွေကို မြစ်ရေဝင်မှုသက်သာအောင် မြစ်ပန်းတာတွေ ဆောက်ပေးတယ်။ အရန်ပန်းတာလည်း ဆောက်ထားပါတယ်။ ဒီနှစ်က မြစ်ရေတက်ချိန် ကြာမြင့်တဲ့အတွက် ကျွန်တော်တို့ဆီကဝန်ထမ်းတွေ အလှည့်ကျစောင့်ကြည့်ပြီး မြစ်ရေအတက်အကျကို အချိန်နဲ့တစ်ပြေးညီ သတင်းပို့ရတာတွေရှိပါတယ်" ဟု ပြောသည်။

စစ်တောင်းမြစ်ရေ မြင့်တက်မှုဒဏ်ကို နှစ်စဉ်လိုလိုကြုံတွေ့နေရသည့် ရွာတန်းရှည်ကျေးရွာ၏ အထက်ဘက်၌ အင်္ဂလိပ်အက္ခရာ U ပုံသဏ္ဌာန်ဖြစ်နေပြီး အထက်ပိုင်းကစီးဆင်းလာသော မြစ်ကြောင်းနှင့် အောက်ဘက်သို့စီးဆင်းသွားသည့် မြစ်ကြောင်းမှာ လက်တစ်ကမ်းအကွာသာရှိသည့်အတွက် အဆိုပါနေရာတွင် မြစ်ကြောင်းချိုးပေးလိုက်ခြင်းအားဖြင့် ရွာတန်းရှည်ကျေးရွာအနေဖြင့် ရေတိုက်စားမှု သက်သာသွားနိုင်သော်လည်း အောက်ပိုင်းကျေးရွာများက ကန့်ကွက်မှုများရှိနေ၍ လုပ်ကိုင်ခွင့်မရကြောင်း ရွာတန်းရှည်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်ဆေးတက္ကသိုလ် (၁) ဆေးကျောင်းသား ကျောင်းသူများ အခမဲ့ကွင်းဆင်းဆေးကုသ

**မိတ္ထီလာ အောက်တိုဘာ ၁**

ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ဆေးကျောင်းသား ကျောင်းသူများနှင့် မိတ္ထီလာမြို့ ဝန်ဇင်းရပ် ပထမကျော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဖွင့်လှစ်ထားသော မေတ္တာရေကြည် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းမှ ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၉ ရက်က သာစည်မြို့နယ် ကုန်းတောင်းကျေးရွာသို့ အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

ကျေးလက်ဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် မေတ္တာရေကြည် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းမှ လစဉ် တစ်လတစ်ကြိမ် သောကြာနေ့တိုင်း အခမဲ့ကွင်းဆင်းဆေးကုသပေးလျက်ရှိသည်။ တာဝန်ခံဆရာတော် ဦးသဇ္ဇနမှ ဦးဆောင်ကာ အထွေထွေရောဂါကုဆရာဝန်များဖြစ်သည့်ဒေါက်တာမိုးဟိန်း၊ ဒေါက်တာအေးမင်းဇော်၊ ဒေါက်တာပြည့်စုံ၊ ဒေါက်တာကျော်သန်းဆွေတို့နှင့် အကူသူနာပြုဆရာ ဆရာမများနှင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ဆေးကျောင်းသား ကျောင်းသူများက ကုန်းတောင်းကျေးရွာသို့ အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ကြပြီး ဒေသခံပြည်သူ ၉၀ ကျော်ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခဲ့သည်။ ထို့နောက် ဆီးချို၊ သွေးချို၊ နှလုံး၊ မျက်စိ၊ သွားရောဂါသည်များကို ဆေးခန်းသို့ခေါ်ယူကာ သမားတော်ကြီးများနှင့် ဆက်လက်ကုသပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ဘီပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို Mobile အဖွဲ့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၌ အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိပြီး အသည်း ရောင်အသားဝါ (ဘီ)ပိုး ရှိ/မရှိကို စမ်းသပ်စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို Mobile အဖွဲ့များဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

Mobile အဖွဲ့များဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးရာတွင် လူဦးရေ ၁၀၀ အထက်ဖြစ်ပါက ကာကွယ်ဆေးထိုးနှံခြင်းကို စုရပ်နေရာအရောက် စရိတ်ငြိမ်းလာရောက် ထိုးနှံပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူဦးရေ ၁၀၀ အောက်ဖြစ်ပါက Mobile အဖွဲ့များ၏ အသွားအပြန်ခရီးစရိတ်ကို ကျခံပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကာလအပိုင်းအခြားအလိုက် နောက်ထပ်ကာကွယ်ဆေးများ ထိုးနှံရန်အတွက် ကြိုတင်အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ စမ်းသပ်၍ ကာကွယ်ဆေးထိုးနှံရမည်ဖြစ်ခြင်းကြောင့် အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ စမ်းသပ်ခြင်းအတွက် လူကြီး၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၊ ပထမအကြိမ် ဆေးတစ်လုံးအတွက် လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၇၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၊ တစ်လအကြာတွင် ဒုတိယဆေးတစ်လုံးထိုးရမှာဖြစ်ပြီး ခြောက်လအကြာ တတိယအကြိမ် ဆေးတစ်လုံး၊ ငါးနှစ်အကြာ စတုတ္ထအကြိမ် ဆေးတစ်လုံးထိုးနှံရမည်ဖြစ်သည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ စမ်းသပ်ခြင်းနှင့် ဘီပိုးရှိပါက ကာကွယ်ဆေးထိုးနှံခြင်းကို လေးကြိမ်ထိုးနှံရမည်ဖြစ်သဖြင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၄၈၀၀ နှင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၆၄၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် BPI ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဆေးဝါးအရောင်းဆိုင်ဆေးခန်းတွင် ဘီပိုးရှိ/မရှိ စစ်ဆေးမှုနှင့် ဘီပိုးကာကွယ်ဆေးထိုးနှံမှုအား နေ့စဉ် နံနက်၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ စစ်ဆေးထိုးနှံနိုင်ပြီဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**




# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ဒေသလက်ရွေးစင်ရွေးချယ်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၁**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ဘားအံမြို့၏ ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ညပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။



အဆိုပါသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTVမှ မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။

Level-1အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်ပွဲစဉ်(၁)၊ ရန်ကုန်ပွဲစဉ်(၂)၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေမြို့တို့၌ ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် သုံးဦးစီကို ရွေးချယ်ခဲ့သည်။

အလားတူ ဘားအံမြို့၏ Level-1အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ညပိုင်းက ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပရာ ပထမ Sa Poung၊ ဒုတိယ နေမျိုးဇော်ဇော်၊ တတိယ အတူးတို့ကို ရွေးချယ်ခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ည ၈ နာရီသတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ mrtvwebmedia-portalနှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestivalတို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် ဂီတချစ်ပရိသတ်များအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့် မြို့နေရာ၊ နေ့ရက်၊အသံစစ်ဆေးမည့်နေ့ရက်၊ အကဲဖြတ်ဒိုင်များ အစရှိသည်တို့ကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ ကျင်းပလျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင်အလှူရှင်များက ပြိုင်ပွဲကျင်းပရာ မြို့များရှိ တိုက်ပွဲရှောင်(ယာယီ)စခန်းများ၊ IDP စခန်းများ၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာနေရာဌာနများသို့ သွားရောက်၍ လည်းထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စိုက်ပျိုးရေး ပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း(ရေဆင်း) တည်ဆောက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်း၍ စိုက်ပျိုးရေး ပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း(ရေဆင်း)ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ သင်တန်းကျောင်းပြီးစီးပါက မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ကျေးရွာများမှ ကျေးရွာသူကျေးရွာသားများ၊ တောင်သူများအား နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနအနီး၌ တည်ဆောက်လျက်ရှိသော အဆိုပါ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသကြသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ပေးရန်၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန်၊ လယ်ယာ သား၊ ငါးနှင့် အသေးစားကုန်ထုတ်လုပ်မှုများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်ပေးနေသကဲ့သို့ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ပေးပို့သော သဝဏ်လွှာအား ပြန်လည်ဖတ်ကြားခဲ့ပြီး နယ်မြေအတွင်း ဖြစ်ပွားသည့် မှုခင်းများအား စွမ်းစွမ်းတမံ ဖော်ထုတ်ပေးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဖော်ထုတ်ရာတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြသည့် ပြည်သူများကို ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဇနီးက နေအိမ်လိုင်းခန်းသန့်ရှင်းရေး ဆောင်ရွက်မှု အကောင်းဆုံးဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာအားကစား

# အာဆင်နယ်တို့ အိမ်ကွင်း၌ ဘရိုက်တန်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၇) ပွဲကျန်ပွဲစဉ်များကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်နှင့် ဘရိုက်တန်ပွဲစဉ်တွင် အမ်းမရိတ်ကွင်း၌ အာဆင်နယ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အာဆင်နယ်သည် ၃-၄-၂-၁ ကစားကွက်ဖြင့်လည်းကောင်း၊ တန်းတက်ဘရိုက်တန်သည် ၄-၄-၁-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၆မိနစ်တွင် နောက်တန်းကစားသမား နာချိုမွန်ရီရယ် ၁၈ ကိုက်အတွင်း အပြင်းကန်သွင်းကာ အာဆင်နယ်အတွက် အဖွင့်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၅၆ မိနစ်တွင် အာဆင်နယ်အတွက် ဒုတိယဂိုးကို ကွင်းလယ်ကစားသမား အဲလက်စ်အိုင်ဝိုဘီက သွင်းယူပေးခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင်အာဆင်နယ်သည် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ကာ ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်အနက် ၁၀ ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ဘရိုက်တန်သည် ခုနစ်ကြိမ်အခွင့်အရေးရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ အခြားပွဲစဉ်များအဖြစ် ဘန်လေက အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နယူးကာဆယ်နှင့် လီဗာပူးတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။



စနေနေ့ည ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သော လက်ရှိချန်ပီယံ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ခဲ့ရာ ဒုတိယပိုင်း ၆၇ မိနစ်တွင် မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်း၏ သွင်းဂိုးတစ်ဂိုးဖြင့် ချယ်လ်ဆီးကို အနိုင်ယူကာ ဇယားထိပ်၌ ဆက်လက်ရပ်တည်နေသည်။ ပွဲစဉ် (၇) အပြီးတွင် မန်ချက်စတာမြို့ခံနှစ်သင်း၊ မန်စီးတီးနှင့် မန်ယူတို့ ရမှတ် ၁၉ မှတ်စီဖြင့် ဦးဆောင်နေပြီး စပါး ၁၄ မှတ်၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့က ၁၃ မှတ်စီရရှိထားသည်။

**သီဟ**

***○ကျော့ဖုံးမှ***

မြန်မာ့လက်ရွေးစင်အသင်းတွင် ကြည်လင်းပါဝင်လာသောကြောင့် တိုက်စစ်ပိုင်းပိုကောင်းလာဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည့် ထိုင်းလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၂ ရက် **(ယနေ့)**တွင် မန္တလေးမြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး ကစားသမား ၂၄ ဦး လိုက်ပါလာမည်ဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သည့် အသင်းခေါင်းဆောင် ဒန်ဒါ၊ ချာနာသစ်၊ ကာဝင် အစရှိသည့်ကစားသမားများ ပါဝင်လာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၆ နာရီခွဲတွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲအတွက် ကြိုတင်လက်မှတ်များကို အောက်တိုဘာ ၁ ရက်ကစ၍ ရောင်းချလျက်ရှိကာ အထူးတန်းငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** -ဦးသန်းတိုးအောင်၊ **နည်းပြချုပ်** -ဂျတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ**-ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ **ကြံ့ခိုင်ရေးနည်းပြ**-ပိုပေ့ါစကီး၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး** - သီဟစည်သူ၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း** - ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဝင်းမင်းထွဋ်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ ကျော်ဇင်လွင်၊ သိန်းသန်းဝင်း၊ **အလယ်တန်း**-ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ကောင်းဆက်နိုင်၊ သက်နိုင်၊ ရန်နိုင်ဦး၊ မင်းမင်းသူ၊ စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ဇင်မင်းထွန်း၊ ကြည်လင်း၊ **ရှေ့တန်း** - ဒွေးကိုကိုချစ်၊ သန်းပိုင်၊ အောင်သူ၊ ကျော်ကိုကိုတို့ ပါဝင်ကြသည်။

# (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက် နံနက် ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ဦးစီးအရာရှိ (ပထမတန်း)၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းတို့က သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)တွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ရဲလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံခဲ့သည်။

ဆုချီးမြှင့်သည့်အခမ်းအနား ဆက်လက်ကျင်းပခဲ့ရာ ဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုဆု ၂၃ ဆု၊ ရဲချုပ်ဆုသုံးဆုတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးက နေအိမ်လိုင်းခန်းဆု တစ်ဆု၊ ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး(၅)ဘာသာရရှိသူတစ်ဦးနှင့် တာဝန်ဝတ္တရားထမ်းဆောင်စဉ် ကျဆုံးသွားသော ကမာရွတ်မြို့မ ရဲစခန်းမှူး၏ ဇနီးအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှပေးပို့သည့် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip တို့ကို ပြသခဲ့ပြီး အခမ်းအနားပထမပိုင်းအစီအစဉ်ပြီးဆုံးကာ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ရဲတပ်ဖွဲ့ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ရဲတပ်ဖွဲ့အသုံးပြုသည့်ယာဉ်များပြသသည့် ပြခန်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား စစ်တွေမြို့၌ကျင်းပ

**စစ်တွေ အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လု ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်နယ်၌ လူမျိုးရေး၊ ဘာသာရေး မတူကွဲပြားခြားနားမှုများရှိနေသည့်အတွက် ရခိုင်ပြည်နယ်၏ လုံခြုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေး ဆောင်ရွက်ရာ၌ တည်ဆဲဥပဒေများ၊ ရဲလက်စွဲကျင့်ဝတ်များ၊ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ဒီမိုကရေစီမူဘောင်နှင့် ကိုက်ညီ၍ အရည်အချင်းပြည့်ဝသော တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အတွက် ရဲချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက တစ်ဆင့်မြှင့်ရာထူးတိုးရရှိသူ တပ်ဖွဲ့ဝင် နှစ်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လုက ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး သုံးဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သူ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး သုံးဦး၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က ပြည်နယ်အဆင့် စံပြရဲ ရွေးချယ်ခံရသူ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်၊ အမှုထမ်းကောင်းလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းနှင့် အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးပြီး အဓိကရုဏ်းနှိမ်နင်းရေးယာဉ်ဖြင့် သရုပ်ပြမှုကို ကြည့်ရှုသည်။ **တင်ထွန်း(ပြန်/ဆက်)**



# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးရှိ စားရိပ်သာခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးကြည်ဝင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရဲမှူးကြီး ဇော်ခင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ စွမ်းဆောင်ရည်ဆုရရှိကြသော ရဲတပ်ဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးကြည်ဝင်းတို့က ဆုများချီးမြှင့်ခြင်းဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲများ ကျင်းပ

## ပြည်

ပြည်မြို့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း ဘုရင့်နောင်ခန်းမ၌ (၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက ဖတ်ကြားပြီး အငြိမ်းစားရဲဝန်ထမ်းဟောင်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ အကောင်းဆုံးတပ်ခွဲဆုရရှိသည့် တပ်ခွဲများအား ဆုချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ဒုတိယကျောင်းအုပ်ကြီးက စံပြရဲဖြေဆိုရန် ရွေးချယ်ခြင်းခံရသည့် တပ်ဖွဲ့ဝင်တစ်ဦးနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုချီးမြှင့်ခြင်း၊ ဒုတိယကျောင်းအုပ်ကြီး၏ ဇနီးဒေါ်ဥမ္မာခင်က နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသူ မိသားစုဝင်များအား ဆုချီးမြှင့်ခြင်း၊ နည်းပြမှူးချုပ်၏ ဇနီး ဒေါ်အဝင်းချေက စိုက်ပျိုးရေး၊ မွေးမြူရေးဆုရရှိသူ မိသားစုဝင်များအား ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရန်ကုန်မြို့ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ စည်ပင်သာယာ ရဲတပ်ဖွဲ့(ရန်ကုန်) တပ်တွင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်သဝဏ်လွှာကို စည်ပင် သာယာ ရဲတပ်ဖွဲ့(ရန်ကုန်)မှ တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဆွေက ဖတ်ကြားစဉ်
တင်စိုး(မြန်မာ့အလင်း)




(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော် တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ ရဲတပ်ဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားထုတ်ပြန်ပေးပါသော နေပြည်တော်သတင်းထောက် ဦးမင်းမင်းလတ် (မန်းတက္ကသိုလ်)အား တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ဝင်းသိန်းက ဂုဏ်ပြုလက်မှတ်နှင့် ဆုများချီးမြှင့်စဉ်
ကိုကိုရှုပ(နေပြည်တော်)

## တာချီလိတ်

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ အောင်ဇေယျခန်းမ၌ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး ထိန်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှပေးပို့လာသော ရဲချုပ်၏ သဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများတွင်တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့နယ်အတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ရဲလုပ်ငန်းကူညီဆောင်ရွက်ခဲ့ကြသူများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ဆုရရှိကြသော တပ်ဖွဲ့ဝင်များအား တာချီလိတ်မြို့ စစ်ဗျူဟာအဖွဲ့(အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ရမည်းသင်း

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း အဝေရာခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ယာယီကျောင်းအုပ်ကြီး ရဲမှူးကြီးဆန်းလွင်က ဖတ်ကြားပြီး အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးတို့အားဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ယာယီကျောင်းအုပ်ကြီး ရဲမှူးကြီး ဆန်းလွင်နှင့် ဒုကျောင်းအုပ် ဒုတိယရဲမှူးကြီးသန့်ဇင်တို့က ဒုရဲမှူးမှ ရဲမှူးအဆင့် တိုးမြှင့်ခံရသော ဒုရဲမှူးကိုကိုအောင်အား ရဲမှူးအဆင့် ရာထူးတံဆိပ်ကိုလည်းကောင်း၊ ဒုရဲအုပ်မှ ရဲအုပ်အဆင့်တိုးမြှင့်ခံရသော ဒုရဲအုပ်ဇော်မင်းအား ရဲအုပ်အဆင့် ရာထူးတံဆိပ်ကိုလည်းကောင်း၊ ဆုရတပ်ဖွဲ့ဝင်များနှင့် မိသားစုနေအိမ်လိုင်းခန်းများအလိုက် ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်မွှေး**

## ဇီးပင်ကြီး

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ရဲအရာရှိ လေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးချုပ် မျိုးမင်းထိုက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ပေးပို့သော ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ရာထူးတိုးမြှင့်ခံရသော တပ်ဖွဲ့ဝင်များအား ကျောင်းအုပ်ကြီးက ရာထူးတံဆိပ်တပ်ဆင်ပေးခြင်း၊ ပြည်တွင်း/ ပြည်ပ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်များအားဆုပေးအပ်ခြင်း၊ လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်းနှင့် ကျောင်းအုပ်ကြီး၏ ဇနီး၊ နည်းပြချုပ်၏ ဇနီး၊ ဌာနမှူး(လေ့ကျင့်)၏ ဇနီးတို့က မိသားစု နေအိမ်လိုင်းခန်းဆုနှင့် စံပြမိခင်ဆုများချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သီပေါ

(၅၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရဲတပ်ဖွဲ့ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းက ဖတ်ကြားသည်။ ထို့နောက် လုပ်ငန်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**စိုင်း(သီပေါ)**

# ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ပင်မဓာတ်အားပေးစက်ရုံ၌ ထရန်စဖော်မာများ မီးလောင်

**ဖြူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မင်းဂံရိုးကျေးရွာအုပ်စု ဒိုင်းတရာကျေးရွာနှင့် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း ပင်မလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ စက်တင်ဘာ ၃၀ ရက် ည ၁၀ နာရီခွဲက VCB ဓာတ်အားပို့လွှတ်မိန်းအား ၂၃၀ ကေဗွီ ထရန်စဖော်မာနှစ်လုံးနှင့် ၁၁×၁၁ ကေဗွီ တစ်လုံးတို့ကို ဓာတ်အားပို့လွှတ်ခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်သန်းဦးစီး ရဲတပ်ဖွဲ့ဝင်များ၊ ဖြူးမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ ညောင်ခြေထောက်မြို့မှ မီးသတ်ယာဉ်တစ်စီး၊ အမြန်လမ်းမီးသတ်စခန်းမှ ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးစတင် လောင်ကျွမ်းသည်မှာ Machine Circuit Braker 17 မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးကူးစက်လောင်ကျွမ်းသည့် ထရန်စဖော်မာများမှာ ပေ ၂၅၀ ခန့်ကွာဝေး၍ ထရန်စဖော်မာနှင့် ဆက်သွယ်ထားသော ဝိုင်ယာကြိုးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဖြူးမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်း၌ ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်

**ဘီးလင်း အောက်တိုဘာ ၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအနီး ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီးပေါ်၌ စက်တင်ဘာ ၃၀ ရက် နံနက် ၁၁နာရီခန့်က ယာဉ်တစ်စီးအရှိန်လွန်ကာ လမ်းဘေးထိုးကျ၍ တစ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သတင်းအရ ဘီးလင်းမြို့မရဲစခန်းမှ ရဲအုပ်ဇာနည်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းအတိုင်း သထုံမှ ဘီးလင်းဘက်သို့ လှထွေးနိုင်(ခ)ဖိုးကြူး(၄၆နှစ်) ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော Honda Pickup ယာဉ်အမှတ် YGN 2G/----ယာဉ်သည် သထုံ-ဘီးလင်းနယ်စပ် မိုင်တိုင် (၁၃၁/၄) နှင့်(၁၃၁/၅ )အကြားသို့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျပြီး ယာဉ်ပေါ်ပါ ခရီးသည် ၁၂ ဦးအနက် ဒေါ်စန်းစန်းမူ(၄၆နှစ်) ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူမှာ ဘီးလင်းဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ပြီး ကျန်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးငါးဦးတို့မှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်စဉ်အပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း လှထွေးနိုင်(ခ) ဖိုးကြူးအား အမှုဖွင့်အရေးယူထားကြောင်း ဘီးလင်းမြို့မရဲစခန်းမှ သိရသည်။

**ခွန်(ဝင်းပ)**



# အမျိုးသမီးတစ်ဦးတောင်ကျရေနှင့်အတူမျောပါသေဆုံး

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ စမ်းနားကျေးရွာ၌ စက်တင်ဘာ ၃၀ ရက်က အမျိုးသမီးတစ်ဦး စမ်းချောင်းကိုဖြတ်ကူးရာ တောင်ကျရေနှင့်မျောပါသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ငါးပြေမကျေးရွာအုပ်စု စမ်းနားကျေးရွာနေ မသက်မာဝင်း (၂၅နှစ်)ဖြစ်ပြီး သေဆုံးသူ အမျိုးသမီးအလောင်းကို စက်တင်ဘာ ၃၀ ရက် ည ၁၁ နာရီခန့်က ရွာ၏မြောက်ဘက် စမ်းချောင်းချုံပုတ်အတွင်း ဒေသခံ ဦးစိုးနိုင်က စတင်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြောင်း၊ အမျိုးသမီးအလောင်းကိုစစ်ဆေးရာ ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သေဆုံးသည့်လက္ခဏာကို တွေ့ရှိရသဖြင့် နယ်မြေခံရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးရာ သေဆုံးသူ၏ ခင်ပွန်းဖြစ်သူ ကိုသန်းထိုက်မှာ လယ်တဲမှ ကျေးရွာသို့သွားသော ဇနီးဖြစ်သူ ပြန်ရောက်မလာ၍ တောင်ကျချောင်းရေများကျဆင်းနေသည့် စမ်းချောင်းတစ်လျှောက် လိုက်လံရှာဖွေစဉ် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဟိုင်းကြီးကျွန်းမြို့ နယ်မြေရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးမှု ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ပင်လည်ဘူး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဟံမဲကျေးရွာအနီး တောအတွင်း၌ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူနှစ်ဦးကို စက်တင်ဘာ ၃၀ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် ည ၇ နာရီခန့်က ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်လှိုင်ပေါ် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဟံမဲကျေးရွာအနီး တောအတွင်းရှိ သန်းလွင်ဆိုသူ၏တဲကို သတင်းအရဝင်ရောက်ရှာဖွေရာ သန်းလွင်နှင့်အတူ ညွန့်ဦးကိုတွေ့ရှိ၍ ၎င်းတို့နှစ်ဦးအား ရှာဖွေရာ ဘိန်းဖြူ ၁၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀နှင့် ငွေစက္ကူရောရာ ၂၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် သန်းလွင် ဟံမဲကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူနှင့် ညွန့်ဦး အောင်းကုန်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူတို့အား ပင်လည်ဘူးမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ကျဉ်စက်ဖြင့်ငါးရှာနေစဉ် ခြေချော်လဲကျရာမှ ဓာတ်လိုက်သေဆုံး

**ငဖဲ အောက်တိုဘာ ၁**

ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာအုပ်စု ပဒါန်း-ငဖဲကားလမ်း မိုင်တိုင်အမှတ်(၆/၄) မိုင်အနီး ကားလမ်း၏ယာဘက် ခုနစ်ပေခန့်အကွာ လယ်ရေသွင်းမြောင်းအတွင်း စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်က အမျိုးသားတစ်ဦးသေဆုံးနေကြောင်း ပန်းတိမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ ငဖဲမြို့မစခန်းမှူး ဒုရဲမှူးခင်မောင်ဇော်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ စန်းလွင်(၂၂ နှစ်)ပေါင်းကလေးကျေးရွာနေသူသည် ရေအနက်သုံးပေ၊ အကျယ်ခုနစ်ပေခန့်ရှိ လယ်ရေသွင်းမြောင်းအတွင်း ကျဉ်စက်ဖြင့် ငါးဖမ်းနေစဉ် ခြေချော်လဲရာမှ ဘက်ထရီရှော့ဖြင့် ဓာတ်လိုက်ခံရပြီး ရေနစ်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၉၈ စီး၊ သွင်းကုန် ၅၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၇ စီး၊ သွင်းကုန် ၁၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**

မောင်အောင်မျိုးသူ (ဘ)ဦးအေးကြိုင် ၇/ရတန(နိုင်)၀၈၈၉၃၇ ၏ CDC No. 83610 ဖြင့် ကိုင်ဆောင်ထားသော All in One လက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၅၇၁၄၆၁

**ပျောက်ဆုံးကြောင်း**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် စာရင်းဖွင့်၍ အဝင်/အထွက် ပြုလုပ်လျက်ရှိသော SU YU EI CO., LTD. ၏ ဘဏ်စာအုပ်နံပါတ် 18 ပျောက်ဆုံးကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မုံရွာခရိုင်၊အရာတော်မြို့နယ်၊ မလဲသာကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်စည်မင်း၏ ဖခင် ဦးဆန်းနိုင်ထွန်း ၈/ရစက(နိုင်)၁၃၃၅၈၈နှင့် ဦးစန်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဆန်းနိုင်ထွန်း(ခ)ဦးစန်းနိုင်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘောဂလမ်း၊ (ဂ)ရပ်ကွက်၊ အမှတ်(၂၀)တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင် ဝယ်ယူပိုင်ဆိုင်နေထိုင်သူ ဦးကျော်ကျော်ဦး ၁၂/ဒလန(နိုင်)၀၃၂၉၈၄ထံမှ ဦးကျော်ဇေယျ ၁၂/သဃက(နိုင်)၁၅၈၁၇၇က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။
**ဦးကျော်ဇေယျ**
**ဖုန်း-၀၉-၇၆၆၆၃၈၇၂၁**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၃၃၊ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေ×၅၅ပေ) တိုက်ခန်း၏ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူဟုဆိုသူ (၁)ဦးဝင်းဇော်ဦး ၁၂/စခန(နိုင်)၀၆၀၀၈၅၊ (၂)ဒေါ်ကျော်မေဝင်း ၁၂/ဗတထ(နိုင်)၀၃၆၆၆၂ တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်ညိုမာ**
**အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အမှတ်(ဂျီ-၁)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၁-၃၉၄၀၈၀**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3M/8284 Mazda Bongo SKF2T ယာဉ်လက်ဝယ်ရှိသူ ဦးရာစာဆံကာ ၇/ဖမန(ပြု)၀၀၈၀၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ ပါရမီပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသဇင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုး ၇/ခဥန(နိုင်)၀၂၄၇၄၅ ဖြစ်ပါကြောင်း။

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးအောင်နိုင်သန်း ၁၂/အစန(နိုင်)၁၃၁၈၅၇-ဒေါ်ခင်မာအေး ၁၂/အစန(နိုင်)၀၈၉၄၂၄ ၏သမီး မဖြိုးဖြိုးအေး(ခ)ဖြိုးဖြိုး ၁၂/အစန(နိုင်)၂၁၆၅၆၄ သည် မိဘ၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်နားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဖခင် - ဦးအောင်နိုင်သန်း**
**အမိ - ဒေါ်ခင်မာအေး**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာမဏ္ဍလာလမ်း၊ အမှတ်(၁၁၃)ဟုခေါ်တွင်သော သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(ဦးပိုင်အမှတ်)(၃၇)၊ ဧရိယာ(သုည ဒသမ ၀၅၅)ဧက ပေ(၄၀×၆၀) အကျယ်အဝန်းရှိ၊ လ/န-၃(ခ)ရရှိပြီး မြေကွက်(၁)ကွက်သည် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/သဃက(နိုင်)၀၇၄၁၀၆ ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းဝင်းက လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော မြေကွက်ဖြစ်ကြောင်း သိရှိရပါသည်။

ဒေါ်စန်းစန်းဝင်းက ၎င်းမြေကွက်ပေါ်တွင် သက်ဆိုင်ရာစည်ပင်သာယာရေး၏ခွင့်ပြုချက်ဖြင့် နှစ်ခန်းတွဲ(၄ ၁/၂)တိုက်သစ်တစ်လုံးကိုလည်း ဆောက်လုပ်ပြီးစီးသဖြင့် လူနေထိုင်ခွင့်ပြုချက်ဖြင့် နေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

ယခုအခါ ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အခြားသူတစ်ဦးက ဂရန်ထုတ်ယူရရှိရန် ဆောင်ရွက်ခြင်း၊ အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ပေးရန် သက်ဆိုင်ရာမြေစာရင်းဌာနသို့ လျှောက်ထားခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ တိုက်သည် ဒေါ်စန်းစန်းဝင်း တစ်ဦးတည်းကသာ လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်းနှင့် ဒေါ်စန်းစန်းဝင်း၏ အကျိုးစီးပွား နစ်နာဆုံးရှုံးစေရန် ပြုလုပ်သည့်မည်သည့်လုပ်ရပ်မဆို၊ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ရုံး-အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်**
**ဦးဇော်မျိုးဟန်(စဉ်-၈၆၁၁) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၄၄၈၆၅၇၃၂၀**

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း**
**အများသိစေရန် အသိပေးကြေညာခြင်း**

ဦးတင်ဆန်းထွန်း (၉/မနတ (နိုင်) ၀၃၄၅၃၈)၊ အမှတ် (၃၀)၊ စိန်ပန်းလမ်း၊ သန့်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

MC MYANMARCELEBRITY

မှတ်ပုံတင်အမှတ် - ၁၃၄၇၅/၂၀၁၆ မှတ်ပုံတင်စာချုပ်အမှတ် - ၁၃၄၇၆/၂၀၁၆

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်များသည် ဦးတင်ဆန်းထွန်းမှ တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် - ၀၀၀၃၇ ဖြင့် မှတ်တမ်းတင်ပြီး အသိအမှတ်ပြုလက်မှတ်ရယူခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် မြန်မာဆယ်လီဘရစ်တီအင်တာတိန်းမန့်ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၃၆၁၃/၂၀၁၆ - ၂၀၁၇ (ရက)တို့ဖြင့် တရားဝင်ဖွဲ့စည်းတည်ထောင်ထားပြီး ဗွီဒီယိုနှင့် ရုပ်ရှင်ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း၊ စာစောင်ထုတ်လုပ်ဖြန့်ဝေခြင်းလုပ်ငန်း၊ Online Media လုပ်ငန်းအစရှိသော အနုပညာလုပ်ငန်းများအပါအဝင် Myanmar Celebrity သတင်းအေဂျင်စီလုပ်ငန်း (သတင်းအေဂျင်စီအသိအမှတ်ပြုလက်မှတ်အမှတ် - 00037) မှ မြန်မာ့အနုပညာရှင်များနှင့် ကျော်ကြားသူတွေရဲ့သတင်းများကို www.myanmarcelebrity.com, Myanmar Celebrity Facebook page နှင့် Myanmar Celebrity Youtube Channel များမှာ ထုတ်လုပ် တင်ဆက်လျှက်ရှိပါသည်။

Myanmar Celebrity သတင်းသည် Myanmar Celebrity Entertainment Group Co.,Ltd. ရဲ့ လက်အောက်တွင်ရှိသော သတင်းအေဂျင်စီလုပ်ငန်းဖြစ်ပါသည်။ မည်သည့်အခြားအဖွဲ့အစည်း၊ Company နှင့် အေဂျင်စီလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိပါကြောင်း၊ မိမိတို့တစ်ဦးတည်းပိုင်အဖြစ်သာ လုပ်ငန်းလုပ်ကိုင်လျှက်ရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးစိန်လှ** **B.A, B.L, DIR, DMA** (နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ) (စဉ် - ၉၂၃)
**ဒေါ်ချိုချိုဝင်း** **LL.B., DBL** (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၆၉၁၂)
အခန်း (A -၂၀)၊ ပထမထပ်၊ အမှတ် -၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၄၅၁၃၂၊ ၀၉- ၅၀၃၃၁၉၂

# မြောက်ကိုရီးယားနှင့်ဆွေးနွေးရန် အမေရိကန်တိုက်ရိုက်ဆက်သွယ်ခဲ့



**ပေကျင်း အောက်တိုဘာ ၁**

မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနှင့် တိုက်ရိုက် ဆက်သွယ်ဆွေးနွေးရန် လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်ပြည်ထောင်စုက စနေနေ့တွင် ပြောကြားခဲ့သည်။ သို့သော် မြောက်ကိုရီးယားအနေဖြင့် ဆွေးနွေးမှုပြုလုပ်ရန် စိတ်ဝင်စားသည့်ဟန်မပြခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ခရီးစဉ်သွားရောက်ခဲ့စဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်က ထိုသို့ ထုတ်ဖော်ပြောဆိုခဲ့မှုသည် နျူကလီးယားအဆင့်ရှိသည့် တိုက်ချင်းပစ်ဒုံးကျည်များကို စမ်းသပ်နေမှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားကို အမေရိကန်က တိုက်ရိုက်ဆက်သွယ် ဆွေးနွေးမှုပြုလုပ်မည့်အကြောင်း ပထမအကြိမ်ပြောဆိုခဲ့မှုကို ခိုင်မာစေခဲ့သည်။

စကားပြောဆို ဆွေးနွေးလိုပါသလားဟု ပြုံယမ်းသို့ ဆက်သွယ်ခဲ့ကြောင်း၊ အမှောင်ကျနေသည့် အခြေအနေတစ်ခုထဲတွင် ရှိမနေသင့်ကြောင်း ပေကျင်း၌ တေလာဆန်က သတင်းထောက်များအား ပြောကြားခဲ့သည်။

တိုက်ရိုက်ဆက်သွယ်မှုများ ပြုလုပ်ခဲ့ပြီး အမေရိကန်ချန်နယ်နှစ်ခုကို ကိုးကားလျက် တေလာဆန်က ပြောကြားခဲ့သည်။ ကနဦးဆွေးနွေးမှုများ၏ ပန်းတိုင်သည် ရိုးရှင်းပြီး မြောက်ကိုရီးယားက မည်သည့်အကြောင်းအရာကို ဆွေးနွေးလိုသည်ကို တိုက်ရိုက်ရှာဖွေသွားမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။

သို့သော်ဆွေးနွေးမည့် အခြေအနေကို မရရှိသေးကြောင်း တေလာဆန်က ပြောကြားသည်။ မြောက်ကိုရီးယားသည် စကားပြောဆိုဆွေးနွေးမှုပြုလုပ်ရန် စိတ်ဝင်စားဟန်မပြခဲ့ကြောင်း ပြည်တွင်းဦးစီးဌာနက စနေနေ့နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား အာဏာပိုင်များသည် နျူကလီးယားလက်နက်မပြန့်ပွားစေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်အသင့်ဖြစ်နေသည့် အနေအထားမျိုးမတွေ့ရသကဲ့သို့ စိတ်ဝင်စားဟန်ပင်မရှိခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဖော်ပြခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားသည် တာလတ်ပစ် ဒုံးကျည်များကို ဂျပန်ပင်လယ်ပေါ်ကျော်ဖြတ်ကာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

**(ရိုက်တာ)**

# ရွေးကောက်ပွဲကိုပိတ်ပင်လိုက်ပြီးနောက် ကက်တလိုနီးယားတွင် တင်းမာမှုမြင့်တက်



**ကက်တလိုနီးယား အောက်တိုဘာ ၁**

စပိန်အရှေ့မြောက်ပိုင်းရှိ ချမ်းသာကြွယ်ဝသည့် ကက်တလိုနီးယားဒေသအတွင်း၌ လွတ်လပ်ရေးအတွက် ကျင်းပမည့် ရွေးကောက်ပွဲကို တနင်္ဂနွေနေ့တွင် ပိတ်ပင်ခံလိုက်ရပြီးနောက် စပိန်နိုင်ငံတစ်လွှားတွင် တင်းမာမှုများမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဗဟိုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟုဆိုကာ မဲပေးမှုကိုပိတ်ဆို့ရန် ကြိုးစားခဲ့သည်။ မဲပေးမှု စတင်မည့် တနင်္ဂနွေနေ့ နံနက်ခင်းမတိုင်မီ မဲရုံများကို ပိတ်ပစ်ရန် ကက်တလန်ရဲတပ်ဖွဲ့အား အမိန့်ထုတ်ခဲ့သည်။

သို့သော် ကက်တလန်အစိုးရသည် ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ပြီး မဲပေးမှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ စနေနေ့တွင် လွတ်လပ်ရေးကို ထောက်ခံသူများသည် မဲရုံပေါင်း ၁၆၀ တို့တွင် နေရာယူခဲ့ကြသည်။ ကက်တလိုနီးယားရှိ ပြည်သူများတွင် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ရှိကြောင်း သိရသည်။

အဆိုပါ ဒေသရှိ စီးပွားရေးသည် စပိန်နိုင်ငံတစ်နိုင်ငံလုံးစာ ဂျီဒီပီပမာဏ၏ ၂၀ရာခိုင်နှုန်းခန့်ရှိသည်။ ဒေသဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် နိုင်ငံအတွင်း ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိရေးအတွက် ကြာမြင့်စွာကြိုးပမ်းခဲ့ကြသည်။

ကက်တလန်အစိုးရသည် ၂၀၁၄ ခုနှစ်က ရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး အဆိုပါရွေးကောက်ပွဲတွင် မဲပေးသူ ၈၀ ရာခိုင်နှုန်းသည် လွတ်လပ်ရေးရရှိရေးကိုသာ မဲထည့်ခဲ့ကြသည်။ တနင်္ဂနွေနေ့မဲပေးမှုသည် တရားဝင်တာဝန်ခံမှုရှိသည့် မဲပေးမှုဖြစ်ကြောင်း ကက်တလန်အစိုးရက အခိုင်အမာပြောဆိုခဲ့ပြီး ခွဲထွက်ရန်ထောက်ခံသူများဘက်မှ အနိုင်ရရှိခဲ့လျှင် ၄၈ နာရီအတွင်း လွတ်လပ်ရေးကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ထိုင်ဝမ်က ပိတ်ပင်မှုများကို ဖယ်ရှားလိုက်ပြီးနောက်

# ဂျပန်နိုင်ငံက ထိုင်ဝမ်သို့ ပထမဆုံးအကြိမ် အမဲသားတင်ပို့

**တိုကျို အောက်တိုဘာ ၁**

ထိုင်ဝမ်စျေးဆိုင်များနှင့် စားသောက်ဆိုင်များတွင် ၁၆နှစ်အတွင်းပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံမှအမဲသားတင်ပို့မှုကိုလက်ခံခဲ့ကြောင်းသိရသည်။ အမဲသားတင်ပို့ကုန်များအား ပိတ်ပင်ထားမှုကို ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ဖယ်ရှားခဲ့ချိန်မှ စတင်ကာ ထိုသို့တင်ပို့ခဲ့ခြင်းဖြစ်သည်။

BSE ခေါ် ကျွဲနွားများတွင် ဦးနှောက်တဖြည်းဖြည်း ရေမြှုပ်ကဲ့သို့ပွလာသည့် ဗိုင်းရပ်စ်ရောဂါတစ်မျိုး ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်တွင် ဂျပန်နိုင်ငံမှအမဲသားများ တင်ပို့မှုကို ပိတ်ပင်ခဲ့သည်။ ထိုင်ဝမ်က စက်တင်ဘာလတွင် ဂျပန်နိုင်ငံရှိဒေသအများစုတို့မှ အမဲသားများပိတ်ပင်ထားမှုကိုဖယ်ရှားလိုက်သည်။

အမဲသားများ ကုန်စည်တင်ပို့မှုသည် မီယာဇာကီစီရင်စုမှ စတင်ဝင်ရောက်လာခဲ့သည်။ စနေနေ့တွင် အကောက်ခွန်ဌာနသို့ ရောက်ရှိခဲ့ပြီး တင်ပို့သူများထံသို့ ပို့ဆောင်ခဲ့သည်။ထိုင်ဝမ်ရှိ စားသောက်ဆိုင်များနှင့် လက်လီဖြန့်ချိသူများက ဂျပန်နိုင်ငံမှ အမဲသားများတင်ပို့မှုကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

ကုမ္ပဏီတစ်ခုက လစဉ်လတိုင်း အမဲသား သုံးတန်ခန့်ကိုပုံမှန်တင်ပို့သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ယင်းကုမ္ပဏီသည် မီယာဇာကီမှထွက်သော အမဲသားများကို စျေးအမြင့်ဆုံးပေးရန်စီစဉ်ထားပြီး ကုမ္ပဏီပိုင်စားသောက်ဆိုင်များအတွက် ၁၀၀ ဂရမ်လျှင် ဒေါ်လာ ၅၀ အထိ ပေးမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**




# အမေရိကန်ပြည်ထောင်စုတွင် ပြည်ပမှတရားမဝင်လာရောက်နေထိုင်သူ ၅၀၀ကျော်ကိုဖမ်းဆီး

**ဝါရှင်တန် အောက်တိုဘာ ၁**

အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်စည်းကမ်းထိန်းသိမ်းမှုအဖွဲ့ (ICE)သည် လေးရက်တာ ပြုလုပ်သည့် စစ်ဆင်ရေးအတွင်း ပြည်ပမှ တရားမဝင်လာရောက်ရွှေ့ပြောင်းနေထိုင်သူ ၄၉၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း အမေရိကန်မီဒီယာက စနေနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

Safe City ဟုအမည်ရသည့် တရားမဝင်လာရောက်နေထိုင်မှုကို စစ်ဆေးဖမ်းဆီးသည့် ဆောင်ရွက်မှုအတွင်း နိုင်ငံပေါင်း ၄၂နိုင်ငံတို့မှ ပြည်ပနိုင်ငံသားများနှင့် နိုင်ငံအတွင်းရှိမြို့ကြီး ၁၀ခုတို့မှ ပြည်ပနိုင်ငံသားများကို စနစ်တကျစစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ICE အဖွဲ့က ပြောကြားခဲ့သည်။

အရှေ့ပိုင်းရှိဖီလာဒဲဖီးယားတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၀၇ ဦးဖမ်းဆီးရမိပြီး လော့စ်အိန်ဂျလိစ်၌ ၁၀၁ဦးဖမ်းဆီးနိုင်ခဲ့သည်။ ဒန်ဗာ၊မက်ဆာချူးဆက်ပြည်နယ်၊ နယူးယောက်၊ စီယက်တဲလ်၊ ဆန်တာကလာရာစီရင်စု၊ ဘယ်လ်တီမိုး၊ ကွက်ခ်စီရင်စုနှင့် ဝါရှင်တန်ဒီစီတို့တွင်လည်း အများအပြားဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

## နိုင်ငံတကာ သတင်းတိုထွာ

### လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၈ ဦးသေဆုံး

**ဒမတ်စကက် အောက်တိုဘာ ၁**

သူပုန်များထိန်းချုပ်ထားရာ အီဒလစ်ပြည်နယ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့်ကျေးရွာအတွင်းမှ ကလေးငယ်များအပါအဝင် ၂၈ ဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

တူရကီနယ်စပ်အနီးကီလိုမီတာအနည်းငယ်အကွာရှိ Armanaz ဒေသ၌ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆီးရီးယားတပ်ဖွဲ့ထံမှ မည်သည့်ဖြေရှင်းချက်မျှ မရခဲ့ပေ။

ဆီးရီးယား ပြည်သူ့ကာကွယ်ရေးမှ သူပုန်များထိန်းချုပ်ရာဒေသရှိ ကယ်ဆယ်ရေးအဖွဲ့ကမူ သေဆုံးသူအရေအတွက်မှာ ၂၆ ဦးဟူ၍ဖော်ပြထားသည်။

(ဆင်ဟွာ)

### အာဖဂန်အရှေ့ပိုင်း၌ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အိုင်အက်စ် ၁၅ ဦးသေဆုံး

**ဂျလာလာဘတ် အောက်တိုဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ နန်ဂါဟာပြည်နယ်၌ အိုင်အက်စ်စစ်သွေးကြွများ ပုန်းအောင်းရာနေရာကို သောကြာနေ့က ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွ ၁၅ ဦး ထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသတွင်းအရာရှိများက ပြောသည်။

နေတိုးတပ်ဖွဲ့ ဦးဆောင်သည့် တပ်သားများသည် အာဖဂန်နစ္စတန်ရှိ စစ်သွေးကြွများပုန်းအောင်းရာ နေရာများကို အဓိကပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

တိုင်းပြည်အတွင်း စစ်ပွဲများဖြစ်ပွားရာနေရာများတွင် စစ်သွေးကြွများကို ဒရုန်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ နန်ဂါဟာပြည်နယ်ရှိ အိုင်အက်စ်တို့မှာမူ ယင်းကိစ္စနှင့် ပတ်သက်၍ မည်သည့်မှတ်ချက်မျှ မပေးခဲ့ပေ။

(ဆင်ဟွာ)

### အီရန်က ဥရောပ မဟာမိတ်များ ရှာဖွေ

**တီဟီရန် အောက်တိုဘာ ၁**

အီရန်နိုင်ငံခြားရေးဝန်ကြီးက အကယ်၍ အမေရိကန်က နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်သွားလျှင် သို့မဟုတ် အီရန်အပေါ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့လျှင် သက်သာရာရစေရန် အီရန်နှင့်အတူ တွဲဖက်လုပ်ကိုင်မည့် ဥရောပမဟာမိတ်များ ရှာဖွေလျက်ရှိကြောင်း သိရသည်။

အကယ်၍ နျူကလီးယား သဘောတူစာချုပ်သာ ပျက်စီးသွားပါက အီရန်သည် ယခင်ကထက်ပို၍ တိုးတက်သည့် နျူကလီးယားနည်းပညာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့သည်။

အီရန်သမ္မတကမူ ၎င်းတို့ဘက်မှစ၍ ယင်းသဘောတူစာချုပ်ကို ဖောက်ဖျက်မည်မဟုတ်ကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

# ထူးခြားဆန်းကြယ်တဲ့တိုက်ခိုက်မှုကြောင့် အမေရိကန် -ကျူးဘားဆက်ဆံရေးထိခိုက်တော့မှာလား

ခြူးစန္ဒီနွေး



**အမေရိကန်သံရုံးကို ကျူးဘားမှာ ဆက်လက်ဖွင့်ဖို့ ဆုံးဖြတ်ခဲ့တဲ့ တစ်ခုတည်းသော အကြောင်းပြချက်ကတော့ ဒီတိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ကျူးဘားအစိုးရမှာ တာဝန်မရှိဘူးလို့ ယုံကြည်လို့ပါပဲ**

ကျူးဘားမှာရှိတဲ့ အမေရိကန်သံဝန်ထမ်းတွေ လုံခြုံရေးစိတ်ချရစေပါမယ်လို့ ကျူးဘားအစိုးရက အပြည့်အဝ အာမခံချက်မပေးနိုင်တဲ့နောက်မှာ အမေရိကန်ဟာ သူ့ရဲ့သံဝန်ထမ်းတွေကို ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဒါဟာ ကျူးဘား-အမေရိကန် အနာဂတ်ဆက်ဆံရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ပါတယ်။

အသံဖြင့်တိုက်ခိုက်ခံရတဲ့သံဝန်ထမ်းတွေဟာဆိုရင် ခေါင်းကိုက်ဝေဒနာ၊ အကြားအာရုံ၊ အမြင်အာရုံနဲ့ သက်ဆိုင်တဲ့ဝေဒနာနဲ့ အိပ်ပျော်ရန်ခက်ခဲတဲ့ဝေဒနာ အစရှိတာတွေခံစားခဲ့ရပါတယ်။ အမေရိကန်အရပ်သားတစ်ယောက်မှ ထိခိုက်တာမျိုးမဖြစ်ခဲ့ပေမယ့် အမေရိကန်သံဝန်ထမ်းတွေ နေထိုင်ရာနဲ့ အမေရိကန်နိုင်ငံသားတွေ အများအပြားလာတဲ့ ဟိုတယ်မှာ တိုက်ခိုက်မှုဖြစ်ပွားခဲ့တာပဲလို့ ဆိုပါတယ်။

အဲဒီကိစ္စတွေ ဖြစ်ပွားပြီးတဲ့နောက်မှာတော့ စနေနေ့က ကျူးဘားမှာရှိနေတဲ့ သိပ်ပြီးတော့ အရေးမကြီးတဲ့ အမေရိကန်သံဝန်ထမ်းတွေကို ပြန်လည်ခေါ်ယူတော့မယ်လို့ ကြေညာခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကတော့ ဒီတိုက်ခိုက်မှုဟာ အမေရိကန်က သံတမန်ဝန်ထမ်းတွေကိုအဓိကထား တိုက်ခိုက်နေတာဖြစ်တယ်လို့ ပြောတယ်။ ဒါပေမယ့် သူဟာ ကျူးဘားအစိုးရကို အပြစ်တင်တဲ့အကြောင်းတော့ မပြောခဲ့ပါဘူး။ ကျူးဘားအစိုးရဘက်ကလည်းဒီတိုက်ခိုက်ခံရမှုကို စုံစမ်းစစ်ဆေးရန်အလို့ငှာ အမေရိကန်ကိုအတူပူးပေါင်းပါဝင်ဖို့ တောင်းဆိုခဲ့ပါတယ်။ အမေရိကန်ဘက်ကလည်း သဘောတူတယ်လို့သိရပါတယ်။

ဒါပေမယ့်လည်း သမ္မတထရန့် ဦးဆောင်တဲ့ အစိုးရဟာ နဂိုကမှ ကျူးဘားနဲ့ သိပ်အဆင်မပြေတော့ ဒီကိစ္စဖြစ်ဖြစ်ချင်းမှာပဲ အမေရိကန်က ကျူးဘား သံဝန်ထမ်းနှစ်ယောက်ကို နှင်ထုတ်လိုက်ပါတယ်။ နောက်ထပ်လည်း ဘယ်လိုအရေးယူမှုတွေ ဆက်လုပ်ဦးမလဲဆိုတာ မသိပါဘူး။ ပြီးတော့ အမေရိကန်နိုင်ငံသားတွေ ကျူးဘားကိုခရီးမထွက်ကြဖို့လည်း အကြံပေးမှုတွေ ပြုလုပ်ထားပါတယ်။

ဘာဖြစ်လို့လဲဆိုရင် အမေရိကန်သံတမန်တွေတိုက်ခိုက်ခံရတာ ဟိုတယ်မှာ ဖြစ်ပွားခဲ့လို့ပါပဲ။ ဟိုတယ်မှာ ခေတ္တတည်းခိုစဉ် တိုက်ခိုက်ခံရတာပဲဖြစ်တယ်။ ဒါကြောင့် ခရီးသွားတွေလည်း ဒီလိုမျိုးဖြစ်ရပ်မျိုးနဲ့ကြုံမှာကို စိုးရိမ်ရလို့ပါပဲ။ ကျူးဘားအစိုးရကတော့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်မယ်လို့ ကတိပြုခဲ့ပါတယ်။

ဒါဟာ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ထိခိုက်သွားစေနိုင်တဲ့ကိစ္စဖြစ်လို့ သူတို့ဘက်ကပေါ့နေလို့မရပါဘူး။ ဒါပေမယ့်လည်း သက်သေအထောက်အထားကတော့ ခုထိမတွေ့သေးပါဘူး။

အမေရိကန်ဘက်က ခရီးသွားသတိပေးမှုတွေထွက်လာရင် ကျူးဘားရဲ့ ပွင့်လန်းခါစခရီးသွားလုပ်ငန်းကိုထိခိုက်စေမှာတော့အမှန်ပါပဲ။ ဟိုတယ်တွေ ခရီးသွားလုပ်ငန်းကုမ္ပဏီတွေနဲ့ အာမခံကုမ္ပဏီတွေက သူတို့ရဲ့ဝန်ထမ်းတွေနဲ့၊ ခရီးသွားတွေမှာ အန္တရာယ်ကျရောက်လာနိုင်တယ်ဆိုရင် ခရီးသွားလုပ်ငန်းကို ထိခိုက်လာတော့မှာပါ။ ဒီနေရာမှာအဓိကအရေးပါလာတာကတော့ အာမခံကုမ္ပဏီတွေပါပဲ။ အာမခံကုမ္ပဏီတွေကသာ အခုလိုသတိပေးမှုတွေကြောင့် ခရီးသွားလုပ်ငန်းကနေ နောက်ဆုတ်သွားခဲ့ရင် ဒီမှာရှိတဲ့ ခရီးသွားလုပ်ငန်းတွေ ဘာမှဆက်လုပ်လို့မရဖြစ်သွားမှာပါလို့ အမေရိကန်- ကျူးဘားခရီးသွားနဲ့စီးပွားရေးလုပ်ငန်းဥက္ကဋ္ဌက ပြောပါတယ်။

သမိုင်းအစဉ်အလာတစ်လျှောက်မှာလည်း အမေရိကန်နဲ့ ကျူးဘားပြဿနာဟာ မသေးပါဘူး။ ၁၉၉၈ ခုနှစ်မှာဟာဗားနားဆိပ်ကမ်းမှာ ကပ်ထားတဲ့ အမေရိကန်စစ်သင်္ဘော ပေါက်ကွဲမှု၊ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည် ပဋိပက္ခအစရှိတာတွေနဲ့ နှစ်နိုင်ငံဆက်ဆံရေးတောက်လျှောက်တင်းမာခဲ့ပြီး သမ္မတအိုဘားမားလက်ထက်ကျမှ ဆက်ဆံရေးပြေလည်လာခဲ့ပါတယ်။ နှစ်နိုင်ငံသံရုံးတွေလည်း ပြန်လည်ဖွင့်လှစ်လာနိုင်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေ ပြန်လည်ပြီး လုပ်ကိုင်လာနိုင်ခဲ့တယ်။ သမ္မတထရန့် လက်ထက်ရောက်တော့ ဆက်ဆံရေးဟာ အရင်ကလောက်တော့ မချောမွေ့ပါဘူး။ ဒါပေမယ့်လည်း အမေရိကန်နဲ့ ကျူးဘားကြားလေကြောင်းလိုင်းတိုက်ရိုက်ပျံသန်းမှုတွေကို ဆက်လက်ခွင့်ပြုပေးခဲ့ပြီး အမေရိကန်ကုမ္ပဏီတွေကျူးဘားမှာစီးပွားရေးလုပ်ဖို့ ပိုမိုလွယ်ကူတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေလုပ်ဆောင်ခဲ့ပါတယ်။

သမ္မတအိုဘားမားလက်ထက်တုန်းက ကျူးဘားနဲ့ အမေရိကန်ဆက်ဆံရေးကိုဆန့်ကျင်ခဲ့တဲ့ ဆီနိတ်တာမာကိုရူဘီအိုကတော့ ကျူးဘားကိုဒီထက်ပိုပြီးဖိအားမပေးဘူးလားလို့မေးခွန်းထုတ်ခဲ့ပါတယ်။ ဆီနိတ်တာတစ်ဦးဖြစ်သူ Patrick J. Leahy ကတော့ အမေရိကန်နဲ့ကျူးဘားဆက်ဆံရေးကို မပြေလည်အောင် နှောင့်ယှက်နေသူတွေ ရှိတယ်ဆိုတာ ထင်ရှားပါတယ်လို့ ဆိုပါတယ်။ လက်တင်အမေရိကပညာရှင်တွေကတော့ အမေရိကန်ပြည်ထောင်စုရဲ့ ကျူးဘားကို ခရီးသွားလာခွင့် ပိတ်မယ်ဆိုတဲ့ အကြံပြုချက်ကိုရှုတ်ချကြောင်း၊ ဒါဟာအိုဘားမားလက်ထက်က အမေရိကန်- ကျူးဘား ပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှုကို နှောင့်ယှက်ဖျက်ဆီးမှုတစ်ခုသာ ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

ကျူးဘားဟာ လက်တင်အမေရိကမှာ နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်ဖို့အတွက် လုံခြုံစိတ်ချရသော နေရာတစ်ခုဖြစ်ကြောင်း စတိုနီဘရွတ်ခ်တက္ကသိုလ်က ကျူးဘားအရေးကျွမ်းကျင်သူအီရစ်ဇိုလော့ဇ်က ပြောပါတယ်။

အမေရိကန်သမ္မတထရန့်ကတော့ သံတမန်တွေ တိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီး ကျူးဘားမှာဆိုးရွားတဲ့ကိစ္စတစ်ခုဖြစ်ပွားခဲ့တယ်လို့ပဲပြောပါတယ်။ အမေရိကန်သံရုံးကို ကျူးဘားမှာ ဆက်လက်ဖွင့်ဖို့ ဆုံးဖြတ်ခဲ့တဲ့တစ်ခုတည်းသောအကြောင်းပြချက်ကတော့ ဒီတိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ကျူးဘားအစိုးရမှာ တာဝန်မရှိဘူးလို့ ယုံကြည်လို့ပါပဲလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကပြောခဲ့ပါတယ်။ အမေရိကန် အက်ဖ်ဘီအိုင်အဖွဲ့ကိုလည်းစုံစမ်းစစ်ဆေးဖို့အတွက် ကျူးဘားကခွင့်ပြုပေးခဲ့ပါတယ်။ အက်ဖ်ဘီအိုင်အဖွဲ့ကလည်း အမေရိကန်သံအမတ်တွေ နေထိုင်တဲ့ နေအိမ်တွေကို စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် အခုချိန်ထိတော့ ဘာကြောင့်ဒီလိုဖြစ်ရတာလဲဆိုတာကို စုံစမ်းလို့မရသေးပါဘူး။ ဒါကြောင့်လည်းထူးဆန်းစွာတိုက်ခိုက်ခံရမှုလို့ ဆိုရတာပဲဖြစ်တယ်။

ဒေါက်တာဂရစ်ကတော့ အသံလှိုင်းနဲ့ တိုက်ခိုက်ခံရတယ်ဆိုတဲ့ သက်သေမတွေ့ဘူးလို့ဆိုပါတယ်။ အခြားဖြစ်နိုင်တာတွေကတော့ ဗိုင်းရပ်စ်ကြောင့်လား၊ အဆိပ်ကြောင့်လား၊ ဒါမှမဟုတ် ရေဒီယိုသတ္တိကြွကြောင့်လား။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ ကျူးဘားဘက်ကဖိတ်ကြားမှုနဲ့ ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးမှုအပြီးမှာတော့ အမေရိကန်သံရုံးဝန်ထမ်းတွေရဲ့လုံခြုံရေးအတွက် သံရုံးဝန်ထမ်းတွေကိုပြန်လည် ခေါ်ယူမှုပြုခဲ့တာပဲဖြစ်တယ်။ ကျူးဘားမှာကျန်ရှိနေတဲ့ဝန်ထမ်းတွေဟာ အရေးပေါ် အခြေအနေတွေမှာပဲ ကူညီဆောင်ရွက်ပေးတော့မှာ ဖြစ်ပြီး အမေရိကန်နိုင်ငံသားတွေ အကူအညီအမှန်တကယ် လိုအပ်တဲ့အခါမှသာ ကူညီဆောင်ရွက်တာမျိုး လုပ်ဆောင်မှာ ဖြစ်တယ်။ ကျူးဘားနိုင်ငံသားတွေအတွက် ဗီဇာကိစ္စဆောင်ရွက်ပေးတာမျိုးကို ဟာဗားနားမှာလုပ်ဆောင်ပေးတော့မှာ မဟုတ်ပါဘူး။ ကျူးဘားနိုင်ငံသားတွေ အမေရိကန်ကိုလာဖို့ဆိုရင် ဗီဇာကိစ္စကို အခြားနိုင်ငံက အမေရိကန်သံရုံးမှာပဲ ဆောင်ရွက်ရမှာဖြစ်တယ်။ အမေရိကန်အရာရှိတွေဟာလည်း ကျူးဘားက အရာရှိတွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။

ဒါပေမယ့် ကျူးဘားမှာတော့ မဟုတ်ပါဘူး။ ဒီတိုက်ခိုက်မှုကို အဖြေရှာလို့ မရသေးခင်အထိတော့ ကျူးဘားမှာတွေ့ဆုံဦးမှာ မဟုတ်ပါဘူး။ ကျူးဘားမှာဒီလိုတိုက်ခိုက်မှုမျိုးတွေထပ်မဖြစ်ဖို့ မျှော်လင့်ရတာပါပဲ။ ဒီထူးဆန်းတဲ့ တိုက်ခိုက်မှုကြောင့်အမေရိကန် သံရုံးကဝန်ထမ်း ၂၁ ဦး ထိခိုက်ခံစားခဲ့ရပါတယ်။

ဆက်ဆံရေးတွေပြန်ပြီးပြေလည်လာတာမှ မကြာသေးဒီလို တိုက်ခိုက်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးအဆင်မပြေပြန်ဖြစ်မှာလည်း စိုးရိမ်ရပါတယ်။ အမေရိကန်နဲ့ကျူးဘားတို့ကြားဆက်ဆံရေးပျက်ပြားစေဖို့ ဝင်ရောက်နှောင့်ယှက်သူတွေရှိနေပြီလား ဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# ပဲမျိုးစုံဈေးကွက်အခက်၊ စိုက်ပျိုးရေးအချက်

## ဒေါက်တာ မောင်မောင်တာ

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံသည် စိုက်ဧရိယာ စုစုပေါင်း၏ ၄၀ရာခိုင်နှုန်းခန့်ရှိရာ စိုက်ပျိုးရေး ထုတ်ကုန်သီးနှံများအနက် စီးပွားရေးအရ အရေးကြီးသော သီးနှံအုပ်စုတစ်အုပ်စုဖြစ်သည်။ ပဲမျိုးစုံသီးနှံအုပ်စုတွင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲပုပ်၊ ပဲကြီး၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ပဲလွမ်းဖြူအစရှိသည့် ပဲမျိုးများ စိုက်ပျိုးလျက်ရှိသည်။ ယင်းတို့အနက် ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲတို့မှာမိုးရာသီနှင့် မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးရေးဂေဟဇုန်များစွာတွင် စိုက်ပျိုးနိုင်ခြင်း၊ လက်တွေ့ကျကျ အကျိုးအမြတ်ရရှိနိုင်သည့် သီးနှံစိုက်စနစ်များတွင် တွဲဖက်စိုက်ပျိုးနိုင်ခြင်း၊ ပဲစိုက်အပြီးမိမိစိုက်ခင်းမြေကို ပိုမိုကောင်းမွန်စေခြင်းနှင့် ဈေးကွက်တောင်းဆိုမှုတို့ကြောင့် ဧရိယာအများအပြားတွင် စိုက်ပျိုးလျက်ရှိသည့် အမယ်များဖြစ်သည်။

ပဲမျိုးစုံသီးနှံသည် မြန်မာနိုင်ငံတွင် စပါးနှင့်နှမ်းသီးနှံပြီးလျှင် ဧကအမြောက်အမြား စိုက်ပျိုးကြသော်လည်း ပြည်တွင်းစားသုံးမှုတွင် အနည်းငယ်မျှသာ ဖြစ်သည်။ ပြည်တွင်း ဈေးကွက်ထက် ပြည်ပဈေးကွက် အထူးသဖြင့် အိန္ဒိယနိုင်ငံ ပဲဈေးကွက်ကို အထူးမှီခိုနေရသည်မှာ ဆယ်စုနှစ်နှင့် ချီနေပြီဖြစ်သည်။ ယခုနှစ် ဩဂုတ်လအတွင်း အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုကန့်သတ်လိုက်ခြင်းကြောင့် ပြည်တွင်း ပဲအရောင်းအဝယ် ရပ်ဆိုင်းခဲ့ရပြီး ပဲလက်ကျန်အများအပြားကျန်ရှိနေကာပဲမျိုးစုံဈေးကွက် ပြန်လည်ရရှိရန် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းလျက်ရှိကြကြောင်း သိရသည်။

ဤသို့ လတ်တလောတွင် ဆေးမြီးတိုကုထုံးဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရေရှည်အတွက် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းများက ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ဤဆောင်းပါးတွင် အဓိက တင်ပြလိုသည်မှာ စိုက်ပျိုးရေး ကျောထောက်နောက်ခံပြု နိုင်ငံတစ်နိုင်ငံတွင် အလားတူပြဿနာများမှ အသက်သာဆုံး၊ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်၍စိုက်ပျိုး ရေးပညာရှုထောင့်မှ တင်ပြလိုခြင်း ဖြစ်ပါသည်။ အခြားရည်ရွယ်သည်မှာ ပဲမျိုးစုံဈေးကွက်ပြဿနာကို သင်ခန်းစာယူ၍ စိုက်ပျိုးရေးဆိုင်ရာ အဓိက လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံ၏ ဦးစားပေး အစီအစဉ်များတွင် အရေးတကြီးထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန် ဖြစ်သည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမည်သည့်အတွက် တိုးချဲ့စိုက်ပျိုးလာသနည်း**

ပဲမျိုးစုံဝင် သီးနှံများ၏ ထူးခြားသောဂုဏ်အင်္ဂါများနှင့် ဈေးကွက်၏ တောင်းဆိုမှုအရ ဆယ်စုနှစ်များအတွင်း စိုက်ဧရိယာမှာ များစွာတိုးတက်ခဲ့သည်။ ပဲမျိုးစုံဝင် သီးနှံများစိုက်ပျိုးခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများအနက် အရေးကြီးသောအချက်များမှာ လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူနိုင်သော စွမ်းရည်ရှိသဖြင့် နိုက်ထရိုဂျင်ဓာတ်ပေးသောမြေသြဇာကိုလျှော့၍ အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးရာတွင် စွမ်းအင်အသုံးပြုမှု အခြားသီးနှံနှင့် နှိုင်းယှဉ်လျှင် နည်းပါးခြင်းနှင့် ရေကို ထိရောက်စွာအသုံးပြုနိုင်မှု မြင့်မားခြင်းတို့ကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အထူးအားထားရသော သီးနှံဖြစ်သည်။

သီးနှံတစ်မျိုးချင်းအလိုက် ထူးခြားသောဂုဏ်အင်္ဂါများမှာ မတ်ပဲသီးနှံသည် စပါးအခြေခံအတွဲအဖက်တွင် အကောင်းဆုံးဖြစ်ပြီး ဈေးနှုန်းတည်ငြိမ်သင့်တင့်လျှင် တောင်သူအကျိုးအမြတ်ရရှိနိုင်ခြင်းကြောင့် စပါးစိုက်ပျိုးပြီး လယ်ယာများတွင် မတ်ပဲစိုက်ပျိုးမှုသည် မြန်မာနိုင်ငံ အနှံ့အပြား၌လျင်မြန်စွာတိုးတက်ခဲ့သည်။ ပဲတီစိမ်းသီးနှံ၏ အဓိက အားသာချက်မှာ ရာသီစုံစိုက်ပျိုးနိုင်ခြင်းနှင့် သက်တမ်း နှစ်လနှင့် ရိတ်သိမ်းနိုင်ခြင်းဖြစ်ပြီး သီးထပ်စိုက် ဧရိယာများတွင် အမြောက်အမြား စိုက်ပျိုးလာသော သီးနှံဖြစ်သည်။

ပဲတီစိမ်းဈေးနှုန်းမကောင်းမီက ယင်း နေရာတွင် သက်လျှင်နှမ်းသီးနှံကို သီးထပ်အဖြစ် စိုက်ပျိုးခဲ့ရာမှ ပဲတီစိမ်းသီးနှံ ဈေးနှုန်းကောင်းမှုကြောင့် နှမ်းသီးနှံထက်ပိုမိုအကြွမ်းခံသော ပဲတီစိမ်းကို ပိုမိုစိုက်ပျိုးလာခြင်းဖြစ်သည်။ ပဲစင်းငုံသီးနှံသည် အပူပိုင်းသီးနှံဖြစ်ပြီး မြေညံ့များတွင် ဖြစ်ထွန်းနိုင်သည့် သီးနှံဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံ သီးညှပ်ပုံစံသည် တောင်သူများအတွက် အားထားရသောပုံစံဖြစ်ကာ ပဲစင်းငုံဈေးကောင်းလာမှုနှင့်အတူ ရေပန်းစားသော စိုက်စနစ်တစ်ခုဖြစ်လာခဲ့သည်။

စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် ယခင်အစိုးရ အဆက်ဆက်ထောက်ပံ့ ကူညီမှုများပေးခဲ့သော်လည်း ပဲမျိုးစုံသီးနှံထုတ်လုပ်မှုတွင်မူ စပါးသီးနှံကဲ့သို့ ကြီးမားသောထောက်ပံ့ကူညီမှုမျိုး မရရှိခဲ့ကြောင်း၊ တောင်သူများ၏ အားထုတ်ကြိုးပမ်းမှု၊ စိုက်ပျိုးရေးဌာနများ၏ နည်းပညာပံ့ပိုးမှုဖြင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အကြီးအကျယ်တိုးတက်ဖြစ်ထွန်းလာမှုကို နိုင်ငံတော်အနေဖြင့် စပါးနည်းတူ ထောက်ပံ့ကူညီမှုပေးနိုင်ပါက တောင်သူများအတွက် အကျိုးကျေးဇူးပိုမိုခံစားရနိုင်မည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံ၏ ပဲမျိုးစုံသီးနှံများအတွက် အရည်အသွေးပိုင်းဆိုင်ရာ လွှမ်းမိုးချက် တစ်ရပ်မှာ သိုလှောင်သိမ်းဆည်းခြင်းဖြစ်ပြီး သန့်စင်အခြောက်ခံပြီး ပဲ၏ အစိုဓာတ်၊ သိုလှောင်သည့် ပစ္စည်းအမျိုးအစား၊ သိုလှောင်သည့် ဂိုဒေါင်အမျိုးအစား၊ သိုလှောင်သည့် ကာလ၊ သိုလှောင်စဉ် အသုံးပြုသည့် ဓာတုဆေးအမျိုးအစားနှင့် ပမာဏစသည့် အချက်များပေါ် မူတည်၍ ပဲအရည်အသွေး၊ ဈေးကွက်များ၏ လက်ခံနိုင်မှုတို့ ဖြစ်ပေါ်လာနိုင်သည်။ စိုက်ပျိုးရေးထွက်ကုန်များကို စနစ်တကျထားရှိမည့် သိုလှောင်ရုံများနှင့် ခေတ်မီအအေးခန်းသိုလှောင်ရုံများကို အထူးအလေးပေး စီစဉ်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်က လက်ခံနိုင်သော အနေအထားများ ပိုမိုရရှိမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်အရ အရေအတွက်ကို သာမက အရည်အသွေးကောင်းမွန်ရေးအတွက် သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ငွေကြေးနှင့် နည်းပညာအင်အားများကိုပါ ပံ့ပိုးကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

**အစားထိုးစိုက်ပျိုးခြင်း**

ဈေးကွက်၏ တောင်းဆိုမှုသည် အစဉ်တည်ငြိမ်မှုမရှိခြင်း၊ ဈေးကွက်တစ်ခု သို့မဟုတ် အနည်းငယ်အပေါ် အလွန်အမင်း မှီခိုနေရလျှင် အလားတူပြဿနာများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် သီးနှံတစ်မျိုးတည်း ဧရိယာအမြောက်အမြား စိုက်ပျိုးခြင်းကို ဖြစ်နိုင်သမျှ ရှောင်ကြဉ်သင့်ပြီး သီးနှံမျိုးစုံမျိုးကွဲစိုက်ပျိုးခြင်း နည်းစနစ်အသုံးပြုသင့်သည်။

ပဲမျိုးရင်းဝင် သီးနှံတစ်မျိုးဖြစ်သည့် ပဲပုပ်ကို ပရိုတင်းအခြေပြု သီးနှံနှင့် စားသုံးဆီသီးနှံအဖြစ် အစားထိုးစိုက်ပျိုးနိုင်ရန် သုတေသနလုပ်ငန်းများကို အထူးဦးစားပေးလုပ်ဆောင်သင့်ပေသည်။ ပဲနို့ရည်၊ ပဲပုပ်ဆီစသည့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်သော နည်းပညာများနှင့် လိုအပ်သော စက်ကိရိယာများ တည်ထောင်နိုင်ရန် ကြိုးပမ်းသင့်သည်။ သို့မှသာကျန်းမာရေးနှင့် ညီညွတ်သော ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုနိုင်ပြီး ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ကာ ဈေးကွက်လိုအပ်ချက်အတိုင်း ပဲသီးနှံကို စိုက်ပျိုးပြီး ပဲပုပ်ဆီအဖြစ် ထုတ်လုပ်နိုင်ပါက စပါးအပြီး မတ်ပဲသီးနှံ စိုက်ဧရိယာကို လျှော့ချကာ ပဲပုပ်သီးနှံကို တောင်သူများ အစားထိုးရွေးချယ် စိုက်ပျိုးလာလိမ့်မည်ဖြစ်ကြောင်း တွေးဆမိသည်။

စပါးအပြီး မတ်ပဲသီးနှံစိုက်စနစ်နေရာတွင် အခြားအစားထိုးစိုက်ပျိုးနိုင်သော သီးနှံများကိုလည်း ဒေသအလိုက်၊ ရာသီအလိုက် စနစ်တကျ သုတေသနပြုလုပ်သင့်ပြီး စပါးအပြီးတွင် ဧရိယာအားပြုသီးနှံစိုက်စနစ်မှ လုပ်အားအားပြုသီးနှံစိုက်စနစ်များကိုလည်း စမ်းသပ်သင့်သည်။ စပါးအပြီး မတ်ပဲစိုက်ပျိုးသော ဧရိယာများသည် ဇုန်အလိုက် သီးသန့်လုပစွာ တည်ရှိနေသဖြင့် ဒေသအလိုက် စပါးအပြီးပဲပုပ်၊ စပါးအပြီး အခြားပဲမျိုးရင်းဝင်များ၊ စပါးအပြီးမြေပဲ၊ စပါးအပြီးနေကြာ အစရှိသည့် စိုက်ပျိုးနိုင်မည့် အတွဲအဖက်များကိုဇုန်အလိုက် သရုပ်ပြစိုက်ပျိုး ခြင်းများ စမ်းသပ်ဆောင်ရွက်သင့်သည်။ ဇုန်အလိုက် အကောင်းဆုံးအတွဲအဖက်များကို စီးပွားရေးတွက်ခြေကိုက်မှုနှင့် ဈေးကွက်လိုအပ်ချက်များအရ တောင်သူများမှ ရွေးချယ်စိုက်ပျိုးရန် ဖြစ်သည်။ ဇုန်အလိုက် သီးနှံမျိုးစုံဖြန့်ကြက် စိုက်ပျိုးခြင်းအားဖြင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် ဈေးကွက်ကို ပိုမိုထိန်းကျောင်းနိုင်မည် ဖြစ်သည်။

လတ်တလော ကြုံတွေ့နေရသော ပဲမျိုးစုံဈေးကွက်အခက်အခဲကို သင်ခန်းစာအဖြစ် အသုံးချ၍ အနာဂတ် မြန်မာ့စိုက်ပျိုးရေး တိုးတက်ဖွံ့ဖြိုးကာ တိုင်းပြည်စီးပွားရေးကို ပိုမို အထောက်အကူပြုနိုင်ရန်နှင့် လုပ်ကွက်ငယ်တောင်သူများ အကျိုးအမြတ် ပိုမိုခံစားနိုင်ရန်တို့အတွက် အထူးပြုဆောင်ရွက်သင့်သည့်အချက်များမှာ နိုင်ငံတော်၏ မူဝါဒများနှင့်တစ်ထပ်တည်းဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အကျိုးသက်ရောက်မှု အများဆုံးရှိသော စီမံချက်များကို စိစစ်သုံးသပ်၍ တိကျသော ရည်မှန်းချက်အပေါ် အာရုံစူးစိုက်ဆောင်ရွက်ရန်နှင့် မှန်ကန်သော ဦးစားပေးအစီအစဉ်များ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ ဖြစ်သည်။



ပွင့်ဖြူ၌ ပြီးခဲ့သည့် မတ်ပဲပေါ်ချိန်တွင် တောင်သူများ မတ်ပဲရိတ်သိမ်းနေစဉ်

ဓာတ်ပုံ-ကိုတင့်

## လျှော်ဖြူများ ဈေးကောင်းရသဖြင့် လျှော်ဖြူစိုက်တောင်သူများ တိုးမြှင့်စိုက်ပျိုး



**မင်းဘူး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အတွင်းတွင် လျှော်ဖြူပင်များကို တရုတ်ပြည်မှ ဈေးကောင်းပေးဝယ်သဖြင့် လျှော်ဖြူစိုက်တောင်သူများ ကေတိုးမြှင့်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မင်းဘူးမြို့နယ် ရေပေါ်ကျေးရွာတွင် တောင်သူ ၁၄ ဦးမှ လျှော်ဖြူပင်စိုက်ကေ ၅၈ ကေထိ စိုက်ပျိုးထားကြောင်း၊ အခြားကျေးရွာများမှလည်း စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

“လျှော်ဖြူပင်က နှစ်ရှည်ပင်အမျိုးအစားဖြစ်လို့ ကိုင်းချိုးပြီးစိုက်ရင်လည်း ရတယ်။ သုံးနှစ်လောက်ဆိုရင် စတင်အစေးထုတ်ယူနိုင်ပါတယ်။ အခုတောင်သူတွေက အသိအမြင်ကျယ်လာလို့ ကေလိုက်စိုက်ပျိုးလာကြပါပြီ။ လျှော်ဖြူပင်ကို ၁၀ ပေ၊ ပေ ၂၀ လိုင်းခြားပြီး စိုက်ရပါတယ်။ တစ်ကေလျှော်ဖြူပင် ၂၀၀ ခန့်အထိ စိုက်ပျိုးနိုင်ပါတယ်” ဟု လျှော်ဖြူစိုက်တောင်သူတစ်ဦးက ပြောသည်။

လျှော်ဖြူပင်ကို မင်းဘူး၊ ဇဖဲ၊ မင်းတုန်းမြို့နယ်များတွင် အများအပြားစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော လျှော်ဖြူ (ခ)ဆေးကုလားမကို ကျေးရွာများအထိ လာရောက်ဝယ်ယူသူများရှိပြီး ဝယ်ယူရရှိသော လျှော်ဖြူများကို မန္တလေးမြို့ရှိ ဒိုင်များသို့ ဆက်လက်ရောင်းချကြောင်း၊ လျှော်ဖြူစေး ဝယ်/ရောင်းပြုလုပ်သူ ကိုစိုးထံမှ သိရသည်။

လျှော်ဖြူကို တရုတ်ပြည်သို့ တင်ပို့ရန် မန္တလေးမြို့တွင် ဈေးကွက်ရှိနေပြီး လျှော်ဖြူစေးအသန့် တစ်ပိဿာငွေကျပ် ၁၅၀၀၀ နှင့်လျှော်ဖြူစေး (အရော)၊ (အညံ့) တစ်ပိဿာငွေကျပ် ၁၀၀၀၀ ဖြင့် ကောက်ယူပြီး မန္တလေးက ဒိုင်များတွင် အသန့်တစ်ပိဿာ ငွေကျပ် ၃၀၀၀၀ နှင့်အရော တစ်ပိဿာငွေကျပ် ၁၈၀၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

## ပင်ထောင်ခရမ်းချဉ်များ အောင်မြင်ဖြစ်ထွန်း

**ဆားလင်းကြီး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ရွှေသမင်၊ ကျိုင်းခမောက်၊ ချောင်းရိုး၊ ကမ်းနီ၊ ကျွန်းမိုပင် စသည့်ကျေးရွာများ၌ တစ်ပိုင်တစ်နိုင်စီးပွားဖြစ် ၉၀၉ ပင်ထောင်ခရမ်းချဉ်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းကာ ဈေးကောင်းရလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဆားလင်းကြီးမြို့နယ် ရွှေသမင်ကျေးရွာရှိ ဒေသခံတောင်သူ ဦးသန့်ဇင်က “အခုဆိုရင် ပင်ထောင်ခရမ်းချဉ်သီးကို တစ်ပတ် တစ်ကြိမ်ခူးနေရပြီး ခူးရင် ပိဿာတစ်ရာထွက်ပါတယ်။ အခုနှစ်ကြိမ်ခူးပြီးပါပြီ။ ဝင်ငွေကတော့ ဒေသဖောက်သည်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ခုနစ်ရာကျော်ရပါတယ်။ ဆားလင်းကြီးမြို့ပေါ်နဲ့ မတောင်းတကျေးရွာကနေ ဖောက်သည်ယူပါတယ်။ ပင်ထောင်ခရမ်းချဉ်သီးက ပေါ်ဦးစဆိုရင် ဈေးနှုန်း ငွေကျပ် ၁၀၀၀ အထိ ရရှိပါတယ်။ တစ်ကေမှာ အနည်းဆုံးငွေကျပ်သိန်း၁၀၀လောက် တွက်ခြေကိုက်ပါတယ်”ဟု ပြောသည်။

ယခု ပင်ထောင်ခရမ်းချဉ်သီးက ဟင်းသီးဟင်းရွက်အမျိုးအစားဖြစ်ပြီး ဆားလင်းကြီးမြို့နယ်၌ ဒေသတွင်းမှ ပင်ထောင်ခရမ်းချဉ် ၄၉၇၅ ကေကို စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သဇင်အောင်ထံမှ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ထွက်ရှိလာသည့် သီးနှံကုန်ကြမ်းများကို ကုန်ချောအဖြစ်ပြန်လည်ထုတ်လုပ်နိုင်မှုမှာ အားနည်းနေ

ဇူလိုင်မိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအတွက် သဘာဝရေမြေအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံဖြစ်ပြီး နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော ကျေးလက်နေပြည်သူများဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း ထွက်ရှိလာသည့် သီးနှံကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်နိုင်မှုမှာ အားနည်းလျက်ရှိကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံက စိုက်ပျိုးရေးပညာရှင် ဒေါက်တာ မက်သာက ဘာပြောလဲဆိုတော့ ကျွန်တော်တို့ဆီမှာ သနပ်ခါးက ရိုးရိုးသနပ်ခါး အနေနဲ့ပဲ လိမ်းခြယ်နေကြတယ်။ မိတ်ကပ်အဆင့် အထိမတတ်နိုင်သေးဘူး။ မိတ်ကပ်အဆင့်အထိ တက်လှမ်းနိုင်မယ်ဆိုလို့ရှိရင် ခုနက ရိုးရိုးသနပ်ခါး အနေနဲ့ ရောင်းတာထက် မိတ်ကပ်လုပ်ပြီး ရောင်းနိုင်ရင် အဆပေါင်းများစွာ အမြတ်ငွေပိုရမယ်လို့ ပြောပါတယ်။ လူတစ်ယောက်က အစားအစာအတွက်သာစဉ်းစားနေပေမယ့် မိတ်ကပ်သနပ်ခါး အတွက်ကျတော့ မစဉ်းစားဘူး။ ဝယ်သုံးကျတာ များပါတယ်။ စိုက်ပျိုးရေးဆိုတာ စားတာ တစ်ခုတင်မကဘူး အခြားဝင်ငွေရတာတွေပါ လုပ်လို့ရတယ်လို့ ပြောပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဌာနမှူးစီမံ ဒေါက်တာ နေမျိုးအောင်က ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ACARE သုတေသနစင်တာ၌ တောင်သူများ စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရန်၊ ရိတ်သိမ်းခြွေလှေ့ပြီး သီးနှံများထိန်းသိမ်းရန်နှင့် သီးနှံကုန်ကြမ်းများမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် သုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရေဆင်းတက္ကသိုလ်၌ တောင်သူများအား မျိုးသန့်ထုတ်လုပ်နိုင်ရန် သင်တန်းပို့ချနေစဉ် ဓာတ်ပုံ-မေမိုးသဲ

"ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သုတေသနစင်တာမှာ မျိုးစပ်တဲ့လုပ်ငန်းတွေလုပ်မယ်။ မျိုးရိုးဗီဇဆိုင်ရာ ဘာသာရပ် (New Genetics)နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပညာရှင်တွေ ရှိလာမယ်ဆိုရင် ဥပမာ မျိုးထုတ်တဲ့ နည်းပညာအသစ်တွေ ရလာမယ်ပေါ့။ မျိုးသစ်တွေရလာပြီ၊ နည်းပညာအသစ်တွေ ရလာပြီဆိုရင်လည်း တောင်သူလက်ထဲ အရောက်ပေးနိုင်ဖို့က အဓိက ကျပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် တောင်သူတွေ ရလာတဲ့ သီးနှံတွေကြည့်လိုက်ရင် အလေအလွင့်တွေ အလွန်များနေတာ တွေ့ရမယ်။ အလေအလွင့်နည်းအောင် ဘယ်လိုထိန်းသိမ်းမလဲ၊ နောက်ပြီး ဒီမှာက ဆန်ဆိုရင် ကုန်ကြမ်းအနေနဲ့ပဲ ရပ်တယ်။ ပဲဆိုလည်း ကုန်ကြမ်းအနေနဲ့ပဲရပ်တယ်။ တခြားနိုင်ငံတွေမှာက ဆန်ဆိုဆန်နဲ့ ပတ်သက်တဲ့ တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းတွေ၊ အဖျော်ယမကာ မျိုးစုံအထိ ပစ္စည်းမျိုးစုံအောင် ထုတ်နိုင်တယ်။ ကျွန်တော်တို့ဆီမှာ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဘယ်လို ထုတ်လုပ်ရမလဲဆိုတဲ့ နည်းပညာတွေ လိုအပ်နေတယ်။ အဲဒီအတွက်လည်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ အိန္ဒိယနိုင်ငံစိုက်ပျိုးရေး တက္ကသိုလ်နှစ်ခုပေါင်းပြီး သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန်၊ ကုန်ကြမ်းမှ ကုန်ချောအသွင်ရောက်ရှိရန်၊ ပြည်တွင်းဈေးကွက်မြှင့်တင်ရန် စသည့်အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက တောင်သူများအတွက် အကျိုးကျေးဇူး ပိုမိုခံစားရနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးရေးနှင့်အသက်မွေးကြကြောင်း၊ ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းဝန်းကျင်နှင့် နိုင်ငံခြားပို့ကုန်မှ ရနေသည့် ဝင်ငွေ၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းတို့ကို လယ်ယာစိုက်ပျိုးရေးထွက်ကုန်များမှ ဖြည့်ဆည်းပေးနေကြောင်း၊ စပါးစိုက်ဧရိယာဟက်တာ ပေါင်း ၈ သန်းနှင့် ပဲမျိုးစုံစိုက်ဧရိယာဟက်တာ ၄ ဒသမ ၄ သန်းရှိကြောင်း၊ ဧရိယာမှာများပြီး ထုတ်လုပ်မှုမှာ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်လျှင်နည်းနေသေးကြောင်း၊ ထို့အပြင် တခြားသီးနှံများဖြစ်သည့် ဝါ သီးနှံမှာဆိုလျှင် ဝ ဒသမ ၃၆ သန်း၊ ကြံ ဝ ဒသမ ၁၆ သန်း၊ မြေပဲ ဝ ဒသမ ၈၇ သန်းနှင့် ပဲပုပ် ဝ ဒသမ ၁၇ သန်း စိုက်ပျိုးထုတ်လုပ်နေကြောင်း သိရသည်။

## တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ဇေမိုး

ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဈေးမြင့်တက်လာတာကတော့ ဆန်ကြမ်းဈေးနဲ့ ကြက်သွန်နီဈေးတွေပဲ ဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံကတော့ ထူးခြားစွာ ပြောင်းလဲခြင်းမရှိဘဲ အတော်ကို ဈေးအေးတဲ့ အနေအထားမှာ ရှိနေပါတယ်။

**ငစိန်ဆန်**

ငစိန်ဆန်ကတော့ ဆန်ကြမ်းတွေထဲမှာ အများဆုံးဈေးမြင့်တက်သွားတဲ့ ဆန်ပဲဖြစ်ပါတယ်။ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ လောက်ဈေးမြင့်တက်သွားခဲ့ပါတယ်။ လက်ရှိမှာ ဆန်ကြမ်းတွေ အဝင်နည်းလာပြီး ပြည်ပအဝယ်လိုက်လာတဲ့အတွက် ဈေးက မြင့်တက်လာနေတာပဲ ဖြစ်ပါတယ်။ လက်ရှိ ငစိန်ဆန် တစ်အိတ်ကို ငွေကျပ် ၂၁၅၀၀ ကနေ ၂၂၅၀၀ ပေါက်ဈေးရှိပါတယ်။

**ညှင့်မထဆန်နဲ့ နွေသီးထပ်ဆန်**

ညှင့်မထဆန်နဲ့ နွေသီးထပ်ဆန်ကတော့ ပြီးခဲ့တဲ့ အပတ်ကတည်းက စတင်ပြီး ဈေးတက်လာတာပဲ ဖြစ်ပါတယ်။ ညှင့်မထဆန်ကတော့ တရုတ်နိုင်ငံကို မူဆယ်ကနေတစ်ဆင့် အဓိကတင်ပို့ရောင်းချနေတာဖြစ်ပြီး အဝယ်များလာလို့ ဈေးတက်နေတာပဲဖြစ်ပါတယ်။ ညှင့်မထဆန်ကတော့ ပြီးခဲ့တဲ့လနဲ့ နှိုင်းယှဉ်လိုက်ရင် တစ်အိတ်ကို ငွေကျပ် ၂၅၀၀ ခန့် ဈေးမြင့်တက်လာပြီးတော့ နွေသီးထပ်ဆန်ကတော့ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ ကျော် ဈေးမြင့်တက်လာခဲ့ပါတယ်။

လက်ရှိပေါက်ဈေးက ညှင့်မထဆန် တစ်အိတ်ကို ငွေကျပ် ၂၁၅၀၀ ကနေ ငွေကျပ် ၂၃၃၀၀ ပေါက်ဈေးရှိနေပြီး နွေသီးထပ်ဆန်ကတော့ တစ်အိတ်ကို ငွေကျပ် ၂၃၅၀၀ ကနေ ငွေကျပ် ၂၃၇၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ပေါ်ဆန်းမွှေးဆန်များဈေးတက်**

ပေါ်ဆန်းမွှေးဆန်တွေ ထွက်တဲ့ နယ်စုံ ဒေးဒရဲ၊ မြောင်းမြ၊ ဖျာပုံတို့က ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ခန့် ဈေးမြင့်တက်လာပါတယ်။ ပြည်တွင်းဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်တွေရှိနေပေမယ့် အဝင်နည်းတဲ့အတွက် ဈေးက မြင့်တက်လာတာဖြစ်ပါတယ်။

လက်ရှိပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၃၂၀၀၀ ကနေ ငွေကျပ် ၃၇၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံ ဈေးအေး**

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ တော်တော့်ကို ဈေးအေးနေတဲ့ အနေအထားမှာ ရှိနေပါတယ်။ အနည်းငယ်သာ ရောင်းချတဲ့အတွက် ဈေးကွက်အတွင်းအကျဈေးနဲ့ ဈေးငြိမ်နေတာလည်း ဖြစ်ပါတယ်။ လက်ရှိ မတ်ပဲပေါက်ဈေးက တစ်တန်ကို ငွေကျပ် ၅၃၉၀၀၀ ပေါက်ဈေးရှိနေပြီး တစ်လအတွင်း တစ်တန်ကို ငွေကျပ် ၆၀၀၀၀ ကျော်ဈေးက ကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ ပြည်တွင်းမှာ အရောင်းအဝယ်မရှိသလောက် အနေအထားဖြစ်နေပြီး မတ်ပဲနည်းတူ အကျဈေးနဲ့ ဈေးကွက်အတွင်း ငြိမ်နေပါတယ်။ လက်ရှိမှာ တစ်တန်ကို ငွေကျပ် ၄၀၀၀၀၀ ကျော်သာ ဈေးရရှိနေပြီး တစ်လအတွင်း တစ်တန်ကို ငွေကျပ် ၆၀၀၀၀ ကျော်ခန့် ဈေးကျသွားပါတယ်။

အိန္ဒိယနိုင်ငံတွင်း ပဲစိုက်ပျိုးမှု မြင့်တက်လာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့ကို ပဲတင်ပို့မှုဟာ ကန့်သတ်ခဲ့ပေမယ့် Agriwatch ရဲ့ထုတ်ပြန်ချက်အရ မိုးရာသီမှာ စိုက်တဲ့မတ်ပဲဧကက မျှော်မှန်းထားသလောက် မထွက်ဘဲ ပဲစင်းငုံစိုက်ဧကကလည်း ပြီးခဲ့တဲ့နှစ်ကထက် ၂၀ ရာခိုင်နှုန်းနီးပါး လျော့ကျသွားတယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံကနေ ဆယ်စုနှစ်ကြာ ပိတ်ထားခဲ့တဲ့ တခြားနိုင်ငံတွေကို ပဲတင်ပို့မှုကို ပြီးခဲ့တဲ့ အပတ်က ပြန်လည်ခွင့်ပြုပေးပြီးတဲ့နောက်မှာ မြန်မာနိုင်ငံအနေနဲ့ အနည်းငယ်ဝမ်းသာစရာ အခြေအနေရှိနေခဲ့ပါတယ်။

**ကြက်သွန်နီဈေးထိုးတက်**

ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်ပြန်ကျဆင်းသွားတဲ့ ကြက်သွန်နီက ဒီတစ်ပတ်မှာတော့ ဈေးက ပြန်တက်သွားပါတယ်။ တစ်ပိဿာကို ၂၀၀ နီးပါးလောက် ဈေးကမြင့် တက်နေပါတယ်။ ကြက်သွန်နီက သီတင်းကျွတ်ကာလနီးတဲ့အတွက်ကြောင့် လက်ရှိမှာ အတက်အကျမြန်ဆန်နေပါတယ်။

ပြည်ပက ကြက်သွန်နီတွေက ပြည်တွင်းကြက်သွန်နီထက်စာရင် ဈေးထက်ဝက်ကွာပေမယ့် အရည်အသွေးပိုင်းမှာ ပြည်တွင်းကြက်သွန်နီက ကောင်းမွန်တဲ့အတွက် ပုံမှန်အရောင်းအဝယ်ကတော့ ရှိနေပါတယ်။ ပြည်တွင်းမှာ ကြက်သွန်နီတွေ ဈေးမြင့်တက်နေပေမယ့် နယ်စပ်စခန်းတွေကနေတစ်ဆင့် တရုတ်နဲ့ ထိုင်းနိုင်ငံကို စက်တင်ဘာ ၁၅ ရက်နေ့အထိ တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ပါတယ်။

**စီပီပြောင်းဈေးအနည်းငယ်ကျ**

စီပီပြောင်းက ဒီတစ်ပတ်မှာတော့ ဈေးက အနည်းငယ်ကျဆင်းသွားပါတယ်။ တစ်ပိဿာကို ငွေကျပ် ၆၀၀ အထိ ဈေးမြင့်တက်ခဲ့ပေမယ့် လက်ရှိအချိန်က တောင်သူတွေအနေနဲ့ ထုတ်ရောင်း တော့မယ့်ကာလဖြစ်နေပါတယ်။ ပုံမှန်တောင်သူတွေ ထုတ်ရောင်းမယ့်အချိန်မှာ ဈေးက ကျဆင်းနေတာဖြစ်ပြီး လက်ရှိပေါက်ဈေးထက် ကျဆင်းမသွားဖို့ တောင်သူတွေက မျှော်လင့်နေပါတယ်။ လက်ရှိ ပြောင်းပေါက်ဈေး ကတော့ တစ်ပိဿာကို ငွေကျပ် ၄၂၀ ကနေ ငွေကျပ် ၄၅၀ ရှိပါတယ်။ တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၁၅၀ လောက်ဈေးက ကျဆင်းသွားပါတယ်။





## မြန်မာ့သံပရာ စိုက်ပျိုးသည့်တောင်သူနည်းလာ

ထက်အောင်(AMIA)၊ ဓာတ်ပုံ-မေမိုးသဲ

မြန်မာ့သံပရာသီးကို ဈေးကွက်တွင် သုံးစွဲမှု နည်းပါးလာခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူနည်းပါးလာကြောင်း မန္တလေးတိုင်းဒေသကြီးသံပရာအသင်းဥက္ကဋ္ဌ ဦးနေမျိုးနိုင်က ပြောသည်။

မြန်မာ့သံပရာပင်အမျိုးအစားသည် သံပရိုပင် အမျိုးအစားထက် ပြုစုရခက်ခဲသည့်အပင်မျိုးဖြစ်ပြီး ထွက်နှုန်းလည်းနည်းပါးကာ ဈေးကွက်မရှိသည့်အတွက် တောင်သူများ အရှုံးများလာခြင်းကြောင့် စိုက်ပျိုးမှုနည်းပါးလာခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"မြန်မာ့သံပရာသီးက အထွက်နှုန်းဘက်က ကြည့်တော့လည်း သံပရိုပင်ထက် အလွန်နည်းတယ်။ သံပရိုက အခုလို ဈေးကျတဲ့ကာလမှာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော်ပဲရှိတယ်။ သံပရာကဈေးကျလည်း တစ်လုံးငွေကျပ် ၁၀၀ပဲ။ အဲတော့ သံပရာ ကိုမသုံးတော့ဘူး သံပရိုကို ပဲသုံးတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

သံပရာပင်များကို ခုတ်လှဲသည့် တောင်သူများသာရှိပြီး အသစ်ထပ်စိုက်သည့် တောင်သူမရှိတော့သည့်အတွက် လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့သံပရာစိုက်ဧကပေါင်း ၂၀၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်က မန္တလေးတိုင်းဒေသကြီးတွင် မြန်မာ့သံပရာဧက တစ်သောင်းကျော်ရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ဟော်လန်သံပရိုသီးဈေးကွက်အားကောင်းလာမှုကြောင့် သံပရိုပင် စိုက်ပျိုးမှုများလာခဲ့ပြီး မြန်မာ့သံပရာ စိုက်ဧက ၅၀၀၀ ခန့် လျော့ကျလာခဲ့ရာမှ လက်ရှိအချိန်တွင် စိုက်ဧကအလွန်နည်းပါးသွားကြောင်း သိရသည်။ ယခုနှစ်တွင်လည်း အစေ့လွတ် ထိုင်ဝမ်သံပရာသီးတစ်မျိုး ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

# ကြက်သားဈေးကျနေသော်လည်း ကြက်စာဈေးမကျ၍ မွေးမြူရေးသမားများအခက်ကြုံနေ



ပြီးခဲ့သောလများမှစ၍ ကြက်သားဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေပြီး ကြက်မွေးမြူရေးသမားများအနေဖြင့် အရှုံးပေါ်နေကြသော်လည်း ကြက်စာဈေးနှုန်းများမှာ လျော့ကျခြင်းမရှိဘဲ ဆက်လက်မြင့်တက်နေသည့်အတွက် ကြက်မွေးမြူရေးသမားများ အခက်အခဲဖြစ်ပေါ်နေကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

လက်ရှိ ဈေးကွက်အတွင်း ကြက်စာဈေးနှုန်းများမှာ ၇၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ကျော်အထိ ဈေးနှုန်းရှိနေပြီး ထပ်တက်မည့်အလားအလာလည်းရှိနေကြောင်း သိရသည်။ ထို့အပြင် မွေးမြူရေးကြက်သား ဈေးကွက်တွင်လည်း ပြည်ပကုမ္ပဏီတစ်ခုက ဒေသပေါက်ဈေးထက် လျှော့ချရောင်းနေသည့်အတွက် ဈေးနှုန်းမြှင့်ရောင်းရန် ခက်ခဲနေကြောင်း တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာနေသူရိန်က ပြောသည်။

“ဒီအချိန်က ပြန်တက်ရတော့မယ့်အချိန်ပဲ။ ခုက ဈေးကွက်က ကျနေတယ်။ ဈေးကွက်ကျနေပေမယ့် ကြက်စာဈေးတွေက တက်နေတယ်။ နောက်တစ်ပတ်တောင် ထပ်တက်မယ်လို့ပြောတယ်။ ဒီတော့ ကြက်မွေးတဲ့သူတွေ မခံနိုင်တော့ဘူး။ ဆက်တိုက်အရှုံးပေါ်နေတော့ ထပ်ရင်းဖို့တောင် အားမရှိတော့တဲ့အခြေအနေ ဖြစ်သွားတယ်။ ခြံဖမ်းဈေးကွက်က ကျနေပြီး လက်လီဈေးတွေ မကျဘူးဖြစ်နေတယ်။ အဲဒီအကြောင်းကို ကြက်သားရောင်းတဲ့သူတချို့က ပြောတယ်။ လျှော့ရောင်းရင် ဘေးဆိုင်တွေက ကြက်သားက မသန့်ဘူး၊ အပုပ်တွေဆိုပြီး ပြောကြတယ်လို့လည်း သိရတယ်။ အဲ့ဒါကြောင့် ဈေးလျှော့ရောင်းလို့ မရဘူးဆိုပြီးလည်း ပြောကြတယ်”ဟု ဒေါက်တာနေသူရိန်က ပြောသည်။

ကြက်စာဈေးနှုန်းများ မကျဆင်းသော်လည်း ကြက်မွေးမြူရေးခြံများအတွက် ကုန်ကြမ်းဖြစ်သော ကြက်ပေါက်ဈေးနှုန်းများမှာ တစ်ကောင်လျှင် ကျပ် ၇၀၀ မှ ကျပ် ၄၀၀ အထိ လျော့ကျခဲ့ကြောင်းသိရသည်။ ခြံဖမ်းကြက်သားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ခန့်သာရှိနေပြီ ခြံသမားများ၏ အရင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဝန်းကျင်ရှိနေ၍ အရှုံးပေါ်နေကြကြောင်း သိရသည်။

“ကြက်သားဈေးကွက်ကလည်း ဘာမှမရှိတော့တဲ့အခြေအနေမှာ ကြက်စာက ကျမလာဘူး။ ထပ်တောင်တက်နေသေးတယ်။ ဘယ်လိုလုပ်ခံနိုင်တော့မလဲ။ ဘေးနားကခြံတွေကတော့ ထပ်မရင်းနိုင်တော့ဘူး။ ကျွန်တော်လည်း ပြန်ရမလားလို့ ဆက်လုပ်နေတာ။ ဒီလိုသာ နောက်ထပ်တစ်လ ဆက်သွားရင်တော့ မခံနိုင်တော့ဘူး”ဟု ကြက်မွေးမြူရေးခြံသမားတစ်ဦးဖြစ်သူ ကိုမျိုးကိုကပြောသည်။

ပြည်တွင်းကြက်သားဈေးမှာ ယခုနှစ် ဇူလိုင်လအတွင်းက ရာသီတုပ်ကွေးရောဂါ(H1N1) စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ဝယ်လိုအားကျပြီး ဈေးနှုန်းများလည်း ထိုးကျခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် ရာသီတုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သလို ရာသီတုပ်ကွေးရောဂါနှင့် ကြက်သားစားခြင်း ဆက်စပ်မှုမရှိကြောင်း သိလာကြပြီဖြစ်သော်လည်း ကြက်သားဈေးကွက်မှာ ပြန်တက်လာခြင်းမရှိသေးဘဲ ဆက်လက်ကျဆင်းနေခြင်းဖြစ်သည်။ လတ်တလော မန္တလေးကြက်သား လက်လီဈေးကွက်တွင် ကြက်သားတစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းများဖြင့်သာ ရောင်းချနေရကြောင်း သိရသည်။ **ထက်အောင်**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)

## မိကျောင်းကွမ်းဖတ်စေ့ကို ပြည်ပကုန်သည်များ စိတ်ဝင်စား

မိကျောင်းကွမ်းဖတ်စေ့ကို တရုတ်နိုင်ငံမှ ကုန်သည်များသာမက အိန္ဒိယနိုင်ငံမှ ကုန်သည်များကလည်း ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း တမူးနယ်စပ် ကုန်သည်များထံမှ သိရသည်။

မိကျောင်းကွမ်းဖတ်စေ့ကို အမျိုးသမီးများ၏ အသားအရေပြုပြင်ပစ္စည်းများတွင် ကုန်ကြမ်းအဖြစ် အဓိကသုံးစွဲရန် ဝယ်ယူနေကြခြင်းဖြစ်ပြီး အရည်အသွေးအပေါ်မူတည်ကာ တစ်ပြည်လျှင် ကျပ် ၂၀၀၀ မှ ကျပ် ၅၀၀၀ ဝန်းကျင်အထိပေး၍ ဝယ်ယူရန် အိန္ဒိယကုန်သည်များက ကမ်းလှမ်းလာကြောင်း တမူးနယ်စပ်မှ ကုန်သည်ဦးမော်ဦးက ပြောသည်။ “ဈေးနှုန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းတာတွေရှိပါတယ်။ တမူးနယ်စပ်ကနေတစ်ဆင့် ဝယ်မယ်ဆိုရင်လည်း သက်ဆိုင်ရာနဲ့ဆွေးနွေးပြီးရင် တင်ပို့နိုင်မှာပါ” ဟု ၎င်းက ဆက်ပြောသည်။

မိကျောင်းကွမ်းဖတ်ကို ယခင်က အလေ့ကျပေါက်သောအပင်မှ အစေ့ထုတ်ပြီး တင်ပို့ကြောင်း၊ ယခုအခါ တရုတ်နိုင်ငံမှ ဝယ်လိုအားရှိလာသောကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။မိကျောင်းကွမ်းဖတ်စေ့ကို တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက လိုင်စင်လျှောက်စရာမလိုဘဲ ပို့ကုန်အခွန် ၂ရာခိုင်နှုန်းပေးဆောင်ပြီးပါက တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်ကာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အများဆုံးပို့ကုန် ၂၀ စာရင်းတွင် ပါဝင်ကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)

## ဖျာပုံမြို့နယ်၌ အညာဖရဲသီးများ ဈေးကွက်ကောင်းရနေ

**ဖျာပုံ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း၌ ယခုရက်များအတွင်း ဖရဲသီးများဈေးကောင်းရနေကြောင်းနှင့် မြန်မာနိုင်ငံတွင် ဖရဲသီးများ အများဆုံးစိုက်ပျိုးထွက်ရှိသည့် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များမှ ဖရဲသီးများကို ဖျာပုံတွင် ရောင်းချသော်လည်း အညာဖရဲသီးများမှာ ရောင်းအားပိုကောင်းကြောင်း ဖျာပုံမြို့ရှိဈေးများတွင် ဖရဲသီးရောင်းဝယ်သူများထံမှ သိရသည်။

ဖျာပုံဆိပ်ကမ်းသာယာဈေးမှ ဖရဲသီးကုန်သည်တစ်ဦးဖြစ်သူ ဦးမျိုးဇော်က လက်ရှိဖရဲသီးများကို မိတ္ထီလာမြို့နယ်ဘက်မှ သယ်ယူရောင်းချနေကြောင်း၊ ကုန်တင်ကားကြီးများဖြင့်သယ်ပါက ကားခ ကျပ် ၄၂၀၀၀၀ ခန့်ရှိပြီး ဖရဲသီး အလုံး ၁၀၀၀ ခန့်တင်နိုင်ကြောင်း၊ ဖရဲသီးကို မိတ္ထီလာမြို့နယ်ဘက်တွင် တစ်လုံးလျှင် ကျပ် ၈၀၀ မှ ၁၂၀၀ ဝန်းကျင်ဈေးဖြင့် ဝယ်ယူရကြောင်း၊ အလုပ်သမားခ၊ သယ်ယူခနှင့် အပျက်အစီးများကို ထည့်သွင်းတွက်ချက်ပြီး ဖျာပုံမြို့နယ်ဈေးကွက်တွင် ဖရဲသီးတစ်လုံးလျှင် အများဆုံး ကျပ် ၃၀၀၀ နှုန်းအထိ ပြန်လည်ရောင်းချကြောင်း၊ ၁၀ ရက်လျှင်တစ်ကြိမ်ခန့် အညာဘက်သို့တက်ပြီး ဖရဲသီးဝယ်သွားရကြောင်း ပြောသည်။

ပူပြင်းသော နွေရာသီတွင် ဖရဲသီးစားခြင်းဖြင့် ဝမ်းတွင်းအေးမြစေ၍ ဖရဲသီးကို စားသူ များနေသလို ကျောက်ကပ်ရောဂါကိုကာကွယ်နိုင်ခြင်း၊ ကွမ်းယာစားသူများအနေဖြင့် ဖရဲသီးစားခြင်းဖြင့် ကွမ်းယာကြောင့်ဖြစ်တတ်သော ရောဂါများကို ကာကွယ်နိုင်ခြင်း အယူအဆများကြောင့်လည်း ဖရဲသီးကို ဝယ်စားသူများပြားလာကာ ဖျာပုံမြို့နယ် ဖရဲသီးဈေးကွက်မှာ ကျယ်ပြန့်လာပြီး ဖရဲသီးဝယ်ရောင်းသူများမှာလည်း လုပ်ငန်းအဆင်ပြေနေကြကြောင်း သိရသည်။



**အောင်ဝင်း(ဖျာပုံ)**

# လူထုဗဟိုပြု(CDD)စီမံကိန်း၏ အောင်မြင်မှုများနှင့် လူထုအသံ

၂၀၁၃ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိကျေးလက်ဒေသများတွင် အလိုအပ်ဆုံးဖြစ်သည့် လမ်း၊ တံတား၊ ကျန်းမာရေးဆေးခန်းများ၊ စာသင်ကျောင်းများကဲ့သို့ အခြေခံရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံများကိုယ်တိုင် ဆုံးဖြတ်ချက်ချကာ ရွေးချယ်ခြင်း၊ စီစဉ်ခြင်း၊ တည်ဆောက်ခြင်းနှင့် စောင့်ကြည့်ခြင်းများပြုလုပ်နိုင်ရန်နှင့် ဒေသခံများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ရန် လူထုဗဟိုပြု စီမံကိန်း (Community Driven Development Project-CDD)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ခဲ့ရာတွင် ပါဝင်ခဲ့သော မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း၌ လက်ရှိအချိန်တွင် အဆိုပါစီမံကိန်းလုပ်ငန်းများမှ ရလဒ်ကောင်းများ ထွက်ပေါ်နေပြီဖြစ်ကြောင်း ဒေသခံကျေးလက်နေပြည်သူတို့၏ ပြောကြားချက်များအရ သိရသည်။

ချောင်းဆုံမြို့နယ် ကြံခင်းရွာ လူထုဗဟိုပြုစီမံကိန်းမှ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဝင် ဒေါ်ညိုညိုမြင့်က “ကျွန်မတို့ ကြံခင်းကျေးရွာလမ်းတွေက မြေနီလမ်းတွေဖြစ်ပြီး မိုးရာသီကျရင် ဗွက်တွေထ၊ ရေတွေဝပ်ပြီး ချော်တယ်ဆိုတော့ သွားရလာရ အလွန်ခက်ခဲတာပေါ့။ လမ်းမကောင်းလို့ လမ်းပြင်ဖို့ ဆန္ဒရှိပေမယ့် ရွာမှာ အိမ်ခြေနည်းပြီး ငွေအင်အားအများကြီး မစိုက်နိုင်တော့ မပြင်ခဲ့ရဘူး။ လူထုဗဟိုပြုစီမံကိန်း ရောက်လာတော့ ကျေးရွာလူထုရဲ့ ဆန္ဒနဲ့ လုပ်ငန်းတွေရွေးချယ်ပြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဖြစ်သွားတယ်။ လမ်းလုပ်နေတဲ့အချိန်မှာ ရွာကလူတွေက တတ်နိုင်သလောက် လုပ်အား၊ ငွေအားနဲ့ အစားအသောက်တွေ လှူဒါန်းကြပြီး ပါဝင်ကြတယ်။ အခုတော့ လမ်းတွေကောင်းပြီး သွားရအဆင်ပြေတယ်။ ပြီးတော့ ရွာလည်းပိုလှလာတယ်လို့ ခံစားရပြီး ကျေနပ်မိတယ်။ လူထုဗဟိုပြုစီမံကိန်းကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နောက်နှစ်စီမံကိန်းတွေကျရင်လည်း ကော်မတီဝင်တွေရော ကျေးရွာလူထုပါ တတ်နိုင်သမျှပူးပေါင်းပါဝင်ပြီး အကောင်းဆုံး လုပ်ဆောင်သွားပါမယ်”ဟု ပြောသည်။

ကြံခင်းရွာ လူထုဗဟိုပြုစီမံကိန်းမှ ဝယ်ယူရေးကော်မတီဝင် မယဉ်ယဉ်လေးကလည်း “အဖွဲ့မှာ ဝယ်ယူရေးခေါင်းဆောင်အရွေးခံရတော့ ရွာမှာတခြားလုပ်မယ့် သူတွေက မအားတာများတော့ လုပ်ဖြစ်တယ်။ စာရင်းတွေလည်းလုပ်ရတယ်။ ဝယ်ယူရေးအစီအစဉ်တွေလည်းဆွဲရတယ်။ သင်တန်းတွေလည်းတက်ရတယ်။ ဘယ်လိုဝယ်ရတယ်၊ ဘယ်လိုတွေ ရွေးရမယ်ဆိုတာ သိလာတော့ လက်တွေ့လုပ်တဲ့အခါ အဆင်ပြေပါတယ်။ လူထုဗဟိုပြုစီမံကိန်းမှာ အမျိုးသမီးတွေကို ဒီလိုပါဝင်ခွင့်ပြုပေးတာ အလွန်ကောင်းတယ်။ အခုဆို အမျိုးသမီးတွေလည်း ဒီလိုလုပ်ငန်းတွေ လုပ်နိုင်တာကို ရွာကလူကြီးတွေရော အမျိုးသမီးတွေပါ လက်ခံသွားပြီလေ။ ဒီကျေးရွာခန်းမဆောက်တုန်းကတောင် အမျိုးသမီးနှစ်ယောက်ကို အလုပ်သမားအဖြစ် ငှားတယ်လေ။ ရွာကို ခန်းမတွေ ဆောက်ပေးတာ၊ တခြားလိုအပ်နေတဲ့ ရေရရှိရေးလုပ်ငန်းတွေ လုပ်ပေးတာကို အလွန်ကျေးဇူးတင်မိတယ်။ ပြီးတော့ ကျား မတန်းတူ အခွင့်အရေးပေးတာတွေ၊ ဝယ်ယူရေးလုပ်ငန်းစဉ်တွေ သင်ပေးတာတွေကိုလည်း အလွန်သဘောကျပါတယ်”ဟု ပြောသည်။

တကာကျိုက်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဘရှင်က “ရွာမှာ အရင်တုန်းက လမ်းတွေပျက်ရင် ပိုက်ဆံလိုက်ကောက်ပြီးပြင်တယ်။ ဒီလိုနဲ့ပျက်လိုက် ကောက်လိုက်ပြင်လိုက်နဲ့ ပြီးသွားတယ်။ ခုတော့ လူထုဗဟိုပြုစီမံကိန်းဝင်လာပြီး လိုအပ်နေတဲ့လမ်းတွေ အဆောက်အအုံတွေ ထောက်ပံ့ပေးတာ အိပ်မက်လိုပဲ။ စီမံကိန်းက ဒီလိုတွေ ထောက်ပံ့ပေးသလို ကျွန်တော်တို့ရွာလူထုကလည်း စည်လုံးညီညွတ်ပြီး ပူးပေါင်းပါဝင်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ စီမံကိန်းအောင်မြင်မှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ အချိန်ခဏပေးပြီး တင်ပြပါ။ ဆွေးနွေးပါ။ ဝေဖန်ပါ။ သုံးသပ်ပါ။ ပြီးတော့ လုပ်ငန်းခွဲတွေ အကောင်အထည်ဖော်ရင်လည်း ကျား မ တန်းတူ အခွင့်အရေးရအောင် ပွင့်လင်းမြင်သာမှုရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ ရွာလူထုကိုအကြံပြုချင်ပါတယ်”ဟု ပြောသည်။

ကညော်ကျေးရွာအုပ်စု ကတောင်စိန်ကျေးရွာမှ ဒေါ်စောကြည်က “ကျေးရွာစီမံကိန်းတွင် အချိန်ပေးဆောင်ရွက်ဖြစ်ခဲ့ခြင်းကြောင့် စွမ်းဆောင်ရည်တိုးလာပုံနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကတော့ လယ်လုပ်ငန်းလုပ်ပါတယ်။ အရင်တုန်းကဆို အိမ်အလုပ်တွေနဲ့ပဲအချိန်ကုန်ခဲ့တာ။ အခုတော့ ရွာအတွက် စီမံကိန်းလုပ်ငန်းတွေအတွက် အချိန်ကို အကျိုးရှိရှိအသုံးချနေတာပေါ့။ စီမံကိန်းမှာဝင်လုပ်ခဲ့တော့ သင်တန်းတွေလည်းတက်ရတယ်။ လုပ်ငန်းခွဲတွေလုပ်တော့လည်း ဝယ်ယူရေးလုပ်ငန်းစဉ်တွေ ပိုပြီး နားလည်လာခဲ့တယ်။ ကျေးရွာဖွံ့ဖြိုးရေးတွေ လူမှုရေးလုပ်ငန်းတွေကိုလည်း ပိုပြီး စိတ်ဝင်စားလာတယ်။ ကိုယ့်ကိုယ်ကိုလည်း အရေးပါတဲ့သူတစ်ယောက်လို ခံစားလာရတယ်”ဟု ပြောသည်။

စီမံကိန်းကြောင့် ဒေသခံများ လက်တွေ့အကျိုးကျေးဇူးခံစားရပုံကို ဒေါင်းရပ်အရှေ့ကျေးရွာမှ ဒေါ်ဇင်မာဝင်းက “ကျွန်မတို့ရွာလမ်းတွေက မြေသားလမ်းတွေဆိုတော့ မိုးရာသီဆိုရင် အဆင်မပြေဖြစ်တယ်။ အခု လူထုဗဟိုပြုစီမံကိန်း ရောက်လာတော့ ကွန်ကရစ်လမ်းတွေဖြစ်လာပြီး သွားရလာရ အဆင်ပြေလာတဲ့အပြင် ဆိုင်ကယ်ဈေးသည်တွေလည်း ရွာထဲအထိ ဝင်ပြီးရောင်းလာတော့ အိမ်ရှင်မတွေ ဈေးဝယ်ချိန်တွေ သက်သာလာတယ်။ စီမံကိန်းလုပ်ငန်းခွဲတွေ ရွေးချယ်ရာမှာလည်း အမျိုးသမီးတွေရဲ့ လိုအပ်နေတဲ့ လုပ်ငန်းတွေကိုလည်း အမှန်တကယ်ရွေးချယ်နိုင်ခဲ့တော့ စက်ရေတွင်းနဲ့ ရေစုကန်တွေ ရရှိလာတယ်။ အဲဒီတော့ အမျိုးသမီးတွေအတွက် အချိန်ကုန်လူပင်ပန်းဖြစ်တာတွေ မရှိတော့ဘူး။ အားလပ်ချိန်တွေ ပိုရလာတယ်။ စီမံကိန်းမှာ လုပ်အားခလည်း တန်းတူရတယ်။ အမှန်တကယ်လိုအပ်နေတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးတာနဲ့ လုပ်အားခတွေ တန်းတူပေးတာ၊ အမျိုးသားအမျိုးသမီး တန်းတူ အခွင့်အရေးတွေပေးတာအတွက် လူထုဗဟိုပြုစီမံကိန်းကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ကျေးလက်လူထုအခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု ဆိုသည့် လူထုဗဟိုပြုစီမံကိန်း၏ ဆောင်ပုဒ်အတိုင်း ကျေးရွာနေလူထုကို ဗဟိုပြု၍ချဉ်းကပ်သည့် နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နေသော လူထုဗဟိုပြု စီမံကိန်း(CDD Project)များမှာ လူထုအား အမှန်တကယ် အကျိုးပြုကာ အောင်မြင်မှုရလျက်ရှိနေကြောင်း တင်ပြလိုက်ရပါသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ်ရေတစ်ထောင်ကျော် ရန်ကုန်သို့ နေ့စဉ်ဝင်ရောက်နေ

ဧရာဝတီတိုင်းဒေသကြီးတွင် စပါးသစ်ပေါ်ချိန် ဖြစ်သည့်အတွက် ရန်ကုန်ဈေးကွက်သို့ ဆန်အိတ်ရေတစ်ထောင်ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိကာ ဆန်ဈေးနှုန်း တည်ငြိမ်နေမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမှ ဆန်ကုန်သည်များက ပြောသည်။



"နှစ်စဉ် လစဉ် ရန်ကုန်ဆန်ဈေးကွက်ကို ဝင်ရောက်မှုနှုန်း တည်ငြိမ်နေမယ်ဆိုရင် ဆန်ဈေးကွက် တည်ငြိမ်တယ်လို့ သတ်မှတ်တယ်။ အရင်နှစ်က စပါးဈေးကွက်ပျက်နေတော့ ဒေသအချို့မှာ ဆန်ဈေးကျနေတာတွေ ရှိတယ်။ ဆန်အဟောင်းဝယ်ယူသိုလှောင်ထားတဲ့ ကုန်သည်တွေဟာ ဈေးကွက်ထဲ ဆန်အဟောင်းတွေ ရောင်းချနေပြီဖြစ်လို့၊ ဒါ့အပြင် ပြည်ပတင်ပို့မှု ကောင်းနေလို့ ဒီနှစ်မှာ တောင်သူတွေအနေနဲ့ အကျိုးအမြတ်ကျန်နိုင်ပါတယ်။ ဝယ်ယူပြီးသား စပါးတွေရဲ့ ၅၀ ရာခိုင်နှုန်းလောက်ကို ကြိတ်ခွဲပြီး ဈေးကွက်ထဲ ထုတ်ရောင်းကြတဲ့အတွက်လည်း ရန်ကုန်ဆန်ဈေးကွက်က ငြိမ်နေဦးမယ်။ စပါးရှားပါးတဲ့အချိန် ရောက်လာမှသာ ဆန်ဈေးတက်တာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းက စပါးအများဆုံး စိုက်ပျိုးတဲ့ဒေသလည်းဖြစ်လို့ အဲဒီမှာ သဘာဝဘေးကြောင့် သီးနှံပျက်စီးမှုရှိလာမှသာ ဆန်ဈေးမငြိမ်တာဖြစ်တာပါ"ဟု ရတနာ့တိုးဆန်စက်ပိုင်ရှင်ဦးစိုးမြင့်က ပြောသည်။

မြန်မာနိုင်ငံ၌ လူတစ်ဦး တစ်လလျှင် ဆန် ရှစ်ပြည်နှုန်း စားသုံးသည်ဟု ဆန်ကုန်သည်များက ပြောကြားထားပြီး ထိုအချက်ကိုအခြေခံ၍ ရန်ကုန်လူဦးရေ ၆ သန်းကျော်နှင့် တွက်ချက်လျှင် တစ်နေ့စားသုံးရန် နေ့စဉ် ဆန်အိတ် ၆၀၀၀၀ ကျော် လိုအပ်ချက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးသို့ ဆန်ဝင်ရောက်မှုမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့မှဖြစ်ပြီး ပေါ်ဆန်းမွှေး၊ ဆင်းသုခ၊ မနောသုခ၊ ဆင်းသွယ်လတ်၊ ငစိန်၊ ပုလဲသွယ်၊ ဧည့်မထ၊ ရတနာ့တိုး၊ ရွှေရင်အေး၊ ဖျာပုံပေါ်ဆန်း၊ ဧယာစသည့်ဆန်များ အများဆုံးဝင်ရောက်ကြောင်း သိရသည်။

"လက်ရှိ ရန်ကုန်ဆန်ဈေးကွက်မှာ အဝယ်လိုက်တဲ့ဆန်က ဧည့်မထနဲ့ ဧယာကို အများဆုံး ဝယ်ယူတယ်။ နောက် ပေါ်ဆန်းမွှေးကိုလည်း ဝယ်ယူမှုများတယ်။ လက်လီဈေးမှာတော့ သင့်သလိုရောင်းချတဲ့အတွက် ရာဂဏန်းလောက် ဈေးကွာပေမယ့် ဆန်ဈေးတော့ တက်နေတာမဟုတ်ပါဘူး"ဟု ရန်ကုန်မြို့ရှိ သုခ ဆန်လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းမှ မန်နေဂျာဦးနေစိုးက ပြောသည်။

ပြည်ပပို့တန်းဝင်ဆန်ဖြစ်သည့် ဧည့်မထနှင့် ငစိန်အုပ်စုဝင်ဆန်များမှာ ရန်ကုန်မြို့လက်လီဆန်ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သော်လည်း အဓိကဖြန့်ချိပေးနေသည့် ဆန်လက်ကားဈေးကွက်တွင်မူ ဈေးနှုန်းတည်ငြိမ်မှုရှိနေကြောင်း ဆန်ကုန်သည်ကြီးများက ဆိုသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခုနှစ် မိုးစပါးစိုက်ဧက ၃ ဒသမ ၅ သန်းရှိပြီး နွေစပါးစိုက်ဧကမှာ ၁ ဒသမ ၇ သန်းရှိကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)

## ရေယာဉ်များတွင် ဆန်အိတ်များကို အဓိကထားတင်ဆောင်နေ

**ရန်ကုန် အောက်တိုဘာ ၁**

ရေလမ်းခရီး မိုင် ၁၀၀ ရှိသည့် ရန်ကုန်-မော်ကျွန်းခရီးစဉ် ပြေးဆွဲနေသောရေယာဉ်များ အနေဖြင့် ခရီးသည်လိုက်ပါမှု လျော့ကျလာ၍ အမြန်ရေယာဉ်လိုင်းပြေးဆွဲမှု ရပ်ထားရခြင်းနှင့် ကုန်အဖြစ် ဆန်အိတ်များကို အဓိကထား တင်ဆောင်နေရခြင်းများရှိနေကြောင်း သိရသည်။

မော်ကျွန်းမှ နံနက်ပိုင်း ၆ နာရီထွက်ခွာသော ရုပ်ပြေးအမြန်ရေယာဉ်များမှာ ခရီးသည်လိုက်ပါမှုနည်းလာ၍ ပြေးဆွဲခြင်းမရှိသည်မှာ လအနည်းငယ်ကြာလာပြီဖြစ်ကြောင်း၊ ထိုရေယာဉ်လိုင်းမှာ စတင်ပြေးဆွဲချိန်နှစ်များက အမိုးပေါ်တွင် ခရီးသည်တင်ရသည်အထိ စီးသူများခဲ့ကြောင်း၊ ယခုနောက်ပိုင်းတွင် ကားလမ်းကွန်ရက်များ ကောင်းလာပြီး မော်ကျွန်းမှ ရန်ကုန် ဒဂုံဧရာအဝေးပြေးအထိလည်းကောင်း၊ ရန်ကုန်မြို့လယ် လသာ၊ လမ်းမတော်မြို့နယ်များအထိလည်း ကားများတိုက်ရိုက်ပြေးဆွဲနေသဖြင့် ရေယာဉ်များကို စီးသူနည်းလာကြောင်း သိရသည်

ထို့ကြောင့် ရေယာဉ်များမှာ ရန်ကုန်သို့ ဆန်အိတ်တင်ပို့မှုကို အဓိကအားထားလာရခြင်းဖြစ်ပြီး ဆန်တစ်အိတ် တန်ဆာခမှာ ကျပ် ၃၀၀ ဝန်းကျင်ရှိသဖြင့် ကုန်အများအပြားတင်နိုင်သော ရေယာဉ်ကြီးများ၏ ပိုင်ရှင်များမှာ အကျိုးအမြတ်ရရှိနေဆဲဖြစ်ကြောင်း၊ ဆန်အိတ်ရေ ၅၀၀၀ ဝန်းကျင် တင်ဆောင်နိုင်သော ရေယာဉ်ကြီးများအနေဖြင့် ခရီးစဉ်တစ်ခြမ်းမှာပင် ဆန်အိတ်တင်ဆောင်ခြင်းမှ ကျပ်သိန်း ၂၀ ဝန်းကျင် ရရှိနေကြောင်း သိရသည်။

**ခင်ဆိုင်**



# ဒေသအစားအစာ ပဲပုပ်ချပ်လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အပိုဝင်ငွေရရှိ

**လွိုင်လင် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် နောင်ဟူးကျေးရွာတွင် ရှမ်းပြည်နယ် ဒေသခံများ၏ ရိုးရာအစားအစာတစ်မျိုးဖြစ်သည့် ပဲပုပ်ချပ်များ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းကို အားလပ်ချိန်တွင် အိမ်တွင်းမှုလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြခြင်းဖြင့် အပိုဝင်ငွေရရှိနေကြကြောင်းသိရသည်။

လွိုင်လင်မြို့နယ် နောင်ဟူးကျေးရွာမှ ပဲပုပ်လုပ်ငန်းလုပ်ကိုင်သူ တောင်သူ ဒေါ်နန်းနွံက "ကျွန်မတို့မှာ လယ်မရှိပါဘူး။ ယာပဲရှိပါတယ်။ ယာစပါးစိုက်ပျိုးပါတယ်။ ဒီပဲပုပ်လုပ်ငန်းလေးက တစ်ဖက်တစ်လမ်းကနေပြီး မိသားစုစားဝတ်နေရေးအတွက် အထောက်အကူပြုပေးနေပါတယ်။ "ပဲပုပ်ချပ်လုပ်ဖို့အတွက် လိုအပ်တဲ့ ပဲပုပ်စေ့ကိုတော့ ပင်လုံမှာ တစ်အိတ်လေးသောင်းနဲ့ ဝယ်ရတယ်။ ပဲပုပ်လုပ်ပြီး အခြောက်ကို ပြန်ရောင်းတော့ တစ်ပိဿာ ၃၀၀၀ ရတယ်။ ပဲပုပ်တစ်အိတ်ကို ပဲပုပ်ချပ် ပိဿာနှစ်ဆယ်ထွက်တော့ နည်းနည်းမြတ်ပါတယ်။ ရွာမှာ မီးရှိတော့ မော်တာနဲ့ကြိတ်ပြီး အချပ်ကလေးတွေဖြစ်အောင် လုပ်ရတယ်။ နောက်တော့ မိုးမရွာရင် အခုလို နေလှန်းပေးရတယ်။ နေပြင်းပြင်းပူရင်တော့ တစ်ရက်တည်းခြောက်တယ်။ နေမပူတဲ့နေ့ဆိုရင် မီးကင်ရပါတယ်။ အလျင်မီရောင်းနိုင်ဖို့ ကြိုးစားရတာပေါ့။ လောလောဆယ်တော့ စားဝတ်နေရေးအဆင်ပြေပါတယ်"ဟု ပြောသည်။

တိုင်းရင်းသားလူမျိုးတစ်မျိုးစီ၏ ထမင်းစားဝိုင်းများတွင် တိုင်းရင်းသား ဟင်းအမယ် တစ်မျိုးစီသည် မပါမဖြစ် ပါဝင်လျက်ရှိသည်။တစ်နည်းအားဖြင့် ချစ်စရာမြန်မာ့ခလေ့ မြန်မာ့အစားအစာများပင်ဖြစ်သည်။ ရှမ်းပြည်နယ်မှ တိုင်းရင်းသားများအတွက် ရိုးရာစားစရာမှာ ပဲပုပ်ဖြစ်ကာ တိုင်းရင်းသားများသည် တောင်ယာသွားချိန်များတွင် ဟင်းလျာအဖြစ် ပဲပုပ်တစ်မျိုးတည်းကိုသာ ယူဆောင်သွားကြပြီး ထမင်းစားချိန်များ၌ ပဲပုပ်ထောင်း၊ ပဲပုပ်ချက်၊ ပဲပုပ်ရေဖျော် စသည်ဖြင့် အမျိုးမျိုးလုပ်၍ အတို့အမြှုပ်များဖြင့် စားလေ့ရှိကြသည်။ **မိုးလွင်ဦး(လွိုင်လင်)**



# ကုန်သေတ္တာတင်ယာဉ် အရေအတွက်နှင့် တင်ပို့နိုင်မှုတန်ချိန် တစ်နှစ်ထက်တစ်နှစ် များပြားလာ

မြန်မာနိုင်ငံရှိ ကုန်သေတ္တာတင်ယာဉ်များ၏ အရေအတွက်မှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာလျက်ရှိသလို ကုန်စည်တင်ပို့နိုင်မှုတန်ချိန်မှာလည်း ပိုမိုများပြားလာကြောင်း လုပ်ငန်းလုပ်ကိုင်နေကြသည့် ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင်များက ပြောကြားသည်။



ကုန်တင်ပို့နိုင်မှုပမာဏအနေဖြင့် ၂၀၁၇ ခုနှစ်အတွက် ခန့်မှန်းတွက်ချက်ရာမှာ ကုန်တန်ချိန်ပေါင်း ၁၀ သိန်းကျော် တင်ပို့နိုင်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ကုန်တန်ချိန်ပေါင်း ၁၂ သိန်းကျော်နှင့် ၂၀၁၉ ခုနှစ်တွင် ကုန်တန်ချိန်ပေါင်း ၁၄ သိန်းကျော် စသည်ဖြင့် တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တန်ချိန် ငါးသိန်းကျော် တင်ဆောင်နိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် အရောက်တွင် တန်ချိန်ကိုးသိန်း နီးပါးအထိ တင်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ယာဉ်အမျိုးအစားတွင်လည်း အာဆီယံစံနှုန်းနှင့်ကိုက်ညီမည့် ယာဉ်စီးရေ ၃၇ ဒသမ ၃၁ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကုန်သေတ္တာတင်ယာဉ်ဂိတ်ပေါင်း ၇၁ ဂိတ်ရှိပြီး ပေ ၄၀ ရှည်သည့် ကုန်သေတ္တာတင်ယာဉ်ပေါင်း ၁၆၇၅ စီး၊ ပေ ၂၀ ကုန်သေတ္တာတင်ယာဉ် အစီးပေါင်း ၇၀၀ ရှိကြောင်း၊ အာဆီယံစံနှုန်းနှင့် နှိုင်းယှဉ်ပါက ပေ ၄၀ ရှိသည့် ယာဉ်အရေအတွက်သည် များစွာလျော့နည်းနေကြောင်း သိရသည်။

"လက်ရှိ ကုန်သေတ္တာတင်ယာဉ်တွေ၊ ကုန်တင်ယာဉ်တွေ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အတွက် ရန်ကုန်မှာရှိတဲ့ ဆိပ်ကမ်းတွေနဲ့ လုံလောက်ပါ့မလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ဆိပ်ကမ်းဝန်ဆောင်မှုတွေကရော အပြည့်အဝ ပေးနိုင်ပါ့မလားဆိုတာကိုလည်း စဉ်းစားကြရမှာ ဖြစ်တယ်"ဟု ရန်ကုန်မြို့မှ ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးမောင်မောင်က ပြောသည်။

ထို့ကြောင့် အခြားသောကုန်သွယ်မှု ကိစ္စရပ်များတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အကောက်ခွန်ရှင်းလင်းမှုမပြုလုပ်ခင် ရက်ပေါင်း ၃၀ မှ ရက် ၁၈၀ အထိ ကုန်ပိုင်ရှင်က ကုန်ဝယ်ယူသူ အလွယ်တကူဝယ်ယူနိုင်ရေးအတွက် ကုန်ပစ္စည်းများကို လာရောက်အပ်နှံသည့်စနစ်ကို ကျင့်သုံးရန်လိုအပ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။ "အဲဒီစနစ်ကို ကျင့်သုံးမယ်ဆိုရင် ဆိပ်ကမ်းမှာ ကျပ်တည်းမှုတွေ လျော့ပါးသက်သာသွားနိုင်သလို ယာဉ်ကြောပိတ်ဆို့မှုတွေလည်း လျော့ပါးသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ ပို့ကုန်ကိုဦးစားပေးတဲ့နိုင်ငံဖြစ်တဲ့အတွက် ကုန်တင်ယာဉ်တွေ သွားလာခွင့်ပြုရာမှာလည်း ပို့ကုန်ကုန်တင်ယာဉ်တွေကို ဦးစားပေးပြီး သွားလာစေဖို့ ခွင့်ပြုပေးဖို့လိုအပ်တယ်"ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆိပ်ကမ်းပေါင်းခြောက်ခုရှိရာမှာ လက်ရှိလုပ်ငန်းလည်ပတ်နေသည့် ဆိပ်ခံတံတားပေါင်း ၂၃ စင်းရှိပြီး ထိုတံတား ၂၃ စင်းအနက် ဆိပ်ခံတံတားနှစ်စင်းသာ ရန်ကုန်မြစ်၏ပြင်ပတွင်ရှိကာ ကျန် ၂၁ စင်းမှာ ရန်ကုန်မြစ်အတွင်းရှိနေကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်တင် ကုန်ချ ဆိပ်ကမ်းများ၌ ကုန်သေတ္တာတင်ယာဉ်များအတွက် မြန်ဆန်လွယ်ကူစေမည့်စနစ်ကို အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ ပူးပေါင်းကြီးကြပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)

# ကျွန်တော်နဲ့ ဟောပြောပွဲများ



● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက် ●

လွန်ခဲ့တဲ့ တစ်ပတ်အတွင်း ကျွန်တော် ရက်ဆက်ပြီးဟောပြောပွဲတွေ လုပ်ဖြစ်ခဲ့တယ်။ ရန်ကုန်မှာလုပ်သလို မော်လမြိုင်နဲ့ ဘားအံမြို့တွေမှာလည်း လုပ်ဖြစ်တယ်။ ခေါင်းစဉ်ကလည်း မျိုးစုံ။ လုပ်ခွင့်ရလို့လုပ်ရတာကို ကျေနပ်နေမိတယ်။ လုပ်ပေးဖို့ လာဖိတ်တဲ့သူတွေကိုလည်း ကျေးဇူးတင်ရတာ။ ခေါင်းစဉ်တွေက မတူကြတော့ ကျွန်တော်က ဟောပြောနိုင်ဖို့ပြင်ဆင်ရတယ်။ လေ့လာရတယ်။ ဒီလိုလုပ်ရတာဟာ ကျွန်တော့်အဖို့အမြတ်ပဲ။ အသစ်အသစ်တွေကို မပြတ်လေ့လာနေရတာမို့ ကျွန်တော့်အဖို့ အရာရာက ဆန်းသစ်နေတာ။ ကျွန်တော့်ရဲ့ ဒုက္ခတစ်ခုက ခေါင်းစဉ်တူရင်တောင် တစ်ချိန်နဲ့တစ်ချိန် တင်ပြမှုတွေ မတူအောင် အကြောင်းအချက်တွေ ထူးခြားအောင် ကြိုးစားရတာ။

ပရိသတ်တွေ မတူပေမယ့် တင်ပြတဲ့သူက ကျွန်တော်တစ်ဦးတည်းသာမို့ ကိုယ့်ကိုယ်ကိုယ် သိနေတာ။ ကျွန်တော်လိပ်ပြာသန့်ချင်တယ်။ ခေတ်ပြားဟောင်းကြီးဖွင့်နေတာမျိုး မဖြစ်ချင်ဘူး။ သူများမသိပေမယ့် ကိုယ်ကသိနေတော့ပိုဆိုးတယ်။ ကျွန်တော်မျှဝေချင်တာက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဦးတင်မောင်ထွန်းဖိတ်ကြားလို့ သွားခဲ့ရတဲ့ဟောပြောပွဲ။ ဟောပြောပွဲခေါင်းစဉ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး အယူအဆအတွေးအခေါ်ပြောင်းလဲမှု ငါးရပ်ဖြစ်တယ်။ ၁၉၉၀ ပြည့်နှစ်မတိုင်မီ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို စီးပွားရေးပေတံ တစ်ခုတည်းကို အသုံးပြုခဲ့တယ်။ အများသိတဲ့ ဂျီဒီပီဖြစ်တယ်။ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှု တန်ဖိုး ဒီဂျီဒီပီ ပမာဏကို နိုင်ငံရဲ့လူဦးရေနဲ့ စားရင် တစ်ဦးကျ ဝင်ငွေပေတံ ရပြန်တယ်။

ကျွန်တော်တို့ငယ်ငယ်က စီးပွားရေးပညာသင်စဉ် ဒီပေတံအကြောင်းပဲ သင်ကြားခွင့်ရခဲ့တာ။ ဝင်ငွေများတဲ့နိုင်ငံဟာ ချမ်းသာပြီး ဝင်ငွေနည်းတဲ့နိုင်ငံကို ဆင်းရဲတဲ့ နိုင်ငံအဖြစ်သတ်မှတ်တယ်။ တစ်ဦးချင်းအရ လူတစ်ဦး တစ်ရက်ဝင်ငွေ တစ်ဒေါ်လာထက်နိမ့်ရင် အလွန့်အလွန်ဆင်းရဲတယ်လို့ သတ်မှတ်ပြီး နှစ်ဒေါ်လာထက်နိမ့်ရင်တော့ အသင့်အတင့်ဆင်းရဲကြောင်း သတ်မှတ်တယ်။ ဒီဂျီဒီပီ အယူအဆကို ၁၉၉၀ ပြည့်နှစ်တွင် ကုလသမဂ္ဂက ပေတံအသစ်တစ်ခုကို ဖော်ထုတ်ခဲ့တယ်။ ဒါကတော့ လူသားဖွံ့ဖြိုးမှုပဲဖြစ်တယ်။ အခြေခံယူဆချက်က ဖွံ့ဖြိုးမှုပြောရင် လူသားတွေကို ဗဟိုပြုဖို့ လိုတယ်ဆိုတာကို လက်ခံခြင်းဖြစ်တယ်။ လူသားဖွံ့ဖြိုးမှုကို ပေတံသုံးရပ်နဲ့ တိုင်းထွာတယ်။ ပထမပေတံက ငွေ။ စောစောကတင်ပြခဲ့တဲ့ ဝင်ငွေပေတံပဲဖြစ်တယ်။ ဒုတိယပေတံကတော့ ပညာရေးပေတံဖြစ်တယ်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကို ကျွန်တော် မကြာခဏရောက်ဖြစ်တယ်။ ဥက္ကဋ္ဌလုပ်သူကလည်း ယုံယုံကြည်ကြည်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို စီးပွားရေးပညာရပ်တွေ၊ စီမံခန့်ခွဲမှုပညာရပ်တွေကို မျှဝေခွင့် ပေးခဲ့တယ်။ တစ်ချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက တက်ရောက်ပြီး ဝင်ရောက်ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အများစုဟာ လူငယ်တွေဖြစ်တာကို ဝမ်းသာစရာတွေ့ရတယ်။ တက်ကြွမှုအပြည့်အဝရှိပြီး နိုင်ငံအတွက် အလုပ်လုပ်ချင်တဲ့စိတ် အပြည့်ရှိနေတာကိုတော့ ဝမ်းသာစရာ တွေ့ရပါတယ်။ ကိုယ်စားလှယ်တွေအထဲမှာ တပ်မတော်သားတွေလည်း ပါဝင်ကြတယ်။ ကျွန်တော့်ရဲ့ တင်ပြမှုတွေပြီးတဲ့အခါ မေးခွန်းမျိုးစုံကို မေးကြတယ်။ စိတ်ဝင်စားကြတာ တွေ့ရတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ထိတွေ့ခွင့်ရရင်း ကျွန်တော် နိုင်ငံရဲ့နုနယ်တဲ့ ဒီမိုကရေစီစနစ်ကို တစေ့တစောင်း လေ့လာမိပြန်တယ်။ အစိုးရလို့ပြောရင် တစ်ချိန်ကတော့ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ တာဝန်ယူနေကြသူတွေကိုသာ ဖြစ်တယ်လို့ ယူဆကြတယ်။ အခုချိန်မှာတော့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်ဆိုပြီး မဏ္ဍိုင်သုံးရပ်ရှိပြီး ပြည်ထောင်စုအဆင့်အစိုးရရှိသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှလည်းရှိကြောင်း တွေ့ရပါတယ်။

ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဟာ ဒီမဏ္ဍိုင်သုံးခုကို အခြေပြုပြီး ပြည်သူ့အကျိုးအတွက် လှုပ်ရှားဆောင်ရွက်နေတာ။ မဏ္ဍိုင်တစ်ခုနဲ့ တစ်ခုအကြား နားလည်မှု၊ ယုံကြည်မှု အပေးအယူရှိဖို့အလွန်အရေးကြီးလှတယ်။ နုနယ်တဲ့အနေအထားဖြစ်တာမို့ ပွတ်တိုက်မှုတွေရှိမယ်။ ဒါပေမယ့် လူကြီးတွေက ဝင်ထိန်းလိုက်ရင် အဆင်ပြေမှာဖြစ်တယ်။ ကျွန်တော်ကတော့ (Win -Win) အခြေအနေရှိစေချင်တယ်။

တတိယပေတံကတော့ ကျန်းမာရေးပေတံဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုဟာ ခနအင်အားကြွယ်ဝချမ်းသာမှု၊ ပညာတတ်မြောက်မှုနဲ့ ကျန်းမာရေးမြင့်မားမှုအပေါ် မူတည်တာကို အသိအမှတ်ပြုခြင်းဖြစ်တယ်။ ကျွန်တော်ကတော့ ဒီပေတံညွှန်ကိန်းကို သိပ်နှစ်သက်တယ်။ သမီးလေးကို ညအိပ်ရာဝင်တိုင်းပေးတဲ့ ဆုပဲဖြစ်တယ်။ ကျန်းမာပါစေ။ ချမ်းသာပါစေ။ ပညာတွေ အများကြီးတတ်ပါစေ။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှာတော့ ကုလသမဂ္ဂက ညွှန်းကိန်းပေတံအသစ်တစ်ခုကို ဖော်ထုတ်ခဲ့ပြန်တယ်။ ဒါကတော့ ထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ပဲဖြစ်တယ်။ အခြေခံအားဖြင့် ကြွယ်ဝချမ်းသာမှု၊ ကျန်းမာရေး၊ ပညာရေးပေတံတွေ ပါဝင်သလို ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုနဲ့ ကျား/မ ခွဲခြားဆက်ဆံမှုကို တားမြစ်တာလည်းပါဝင်တယ်။ တစ်နိုင်ငံတည်းဆောင်ရွက်တာမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်းဖြစ်တယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်တွေဟာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက ပြည့်မီအောင်ကြိုးစားခဲ့ကြတယ်။ စတုတ္ထပြောင်းလဲမှုကတော့ ၂၀၁၀ ပြည့်နှစ်မှာ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဖော်ထုတ်ခဲ့တဲ့ စုစုပေါင်းအမျိုးသားစိတ်ချမ်းသာမှု ပေတံဖြစ်တယ်။ စိတ်ချမ်းသာမှုကို အချက်ပေါင်းခုနစ်ချက်နဲ့ တိုင်းခဲ့တယ်။ ယဉ်ကျေးမှု၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်မှုကိုလည်း ထည့်သွင်းထားတယ်။ ပညာရေး၊ ကျန်းမာရေး၊ ကျား/မ ခွဲခြားဆက်ဆံမှုမရှိရေးဆိုတဲ့ ပေတံတွေလည်း ထည့်သွင်းခဲ့တယ်။ နောက်ဆုံးပေတံကတော့ ၂၀၁၅ ခုနှစ်မှာ တစ်ကမ္ဘာလုံးက လက်ခံအတည်ပြုခဲ့တဲ့ စဉ်ဆက်မပြတ် ရည်မှန်းချက် ၁၇ ချက်ဖြစ်တယ်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအယူအဆဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးပါတဲ့ အယူအဆတစ်ခုဖြစ်တယ်။ တစ်ဖက်က နောင်လာနောက်သားတွေအကျိုးအတွက် ရှေးရှုဖို့လိုအပ်သလို လက်ရှိအသက်ရှင်တဲ့သူတွေရဲ့အကျိုးကိုလည်း ကြည့်ရမှာဖြစ်တယ်။ အမှန်တော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေဟာ တစ်နိုင်ငံလုံးအတိုင်းအတာအတွက်ဖြစ်ပေမယ့် မြန်မာပြည်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအတွက်လည်း အကျုံးဝင်တယ်။ ဒီရည်မှန်းချက် ၁၇ ချက်မှာ ဖွံ့ဖြိုးမှု၊ တိုးတက်မှုလို့ပြောရင် ထည့်သွင်းစဉ်းစားရမယ့် အချက်ပေါင်းစုံကို ပြီးပြည့်စုံအောင် ထည့်သွင်းထားတာ တွေ့ရတယ်။ ရည်မှန်းချက် ၁၆ ဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ရည်မှန်းချက်ဖြစ်တယ်။ ရည်မှန်းချက် ၁၇ ချက်ကို အသေးစိတ်တိုင်းထွာနိုင်ဖို့ ပစ်မှတ် ၁၀၀ ကျော်ကိုလည်း ဖော်ထုတ်ခဲ့တယ်။

ဒီရည်မှန်းချက်တွေကို အခုလို ပြည်သူ့ကိုယ်စားလှယ်တွေကတစ်ဆင့် ပြည်သူတွေသိစေချင်တဲ့အနေနဲ့ လုပ်ခဲ့တာဖြစ်တယ်။ ပြည်ထောင်စုအဆင့်က တာဝန်ယူဖို့ လိုအပ်သလို တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွေမှာလည်း အကောင်အထည်ဖော်ရမှာဖြစ်တယ်။ ဒီရည်မှန်းချက်တွေကို အမျိုးသားလှုပ်ရှားမှုတစ်ရပ် ဖြစ်စေချင်လှတယ်။ ကျောင်း၊ တက္ကသိုလ်၊ အလုပ်ရုံ၊ စက်ရုံနေရာတိုင်းမှာ အသိတရားတွေတိုးပြီး ဝိုင်းဝန်းလုပ်ဆောင်ဖို့လိုမှာ ဖြစ်တယ်။

ကျွန်တော်က ဥပဒေပြုရေးမဏ္ဍိုင်ကို အားကိုးတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး လူငယ်တွေဖြစ်တယ်။ သူတို့တစ်တွေနဲ့ ရွေ့ရမှာ။ ဖွံ့ဖြိုးမှုအကြောင်းကို ကျွန်တော်တင်ပြပြီး မေးခွန်းတွေကို ဖြေဆိုခဲ့တယ်။ စိတ်ဝင်တစားမေးကြတာ အားရစရာပဲ။ ဒါပေမယ့် အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ညှိနှိုင်းပေါင်းစပ်ဖို့ လိုအပ်မှာဖြစ်တယ်။ တိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံတိုင်း လိုလားတောင့်တတဲ့အရာဖြစ်တယ်။ ဒါပေမယ့် အခုလိုစဉ်းစားတဲ့အခါ မှန်ကန်တဲ့အယူအဆ၊ အတွေးအခေါ်အပေါ် ရပ်တည်နိုင်ဖို့ လိုအပ်တယ်။ ဝင်ငွေတိုးတက်မှုတစ်ခုတည်းကို အာရုံမစိုက်ဘဲ ဘက်ပေါင်းစုံ ဖွံ့ဖြိုးမှုကို ရနိုင်အောင် ကြိုးစားဖို့ တာဝန်ရှိတယ်။ ကျွန်တော်က ဖြစ်နိုင်ရင် ပြည်နယ်/ တိုင်းဒေသကြီးတွေမှာရှိတဲ့ အစိုးရအဖွဲ့ဝင်တွေရော လွှတ်တော်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဒီအကြောင်းကို ဖြန့်ဝေစေချင်တယ်။ လူငယ်၊ လူကြီး၊ ကျား/မ အားလုံးသိစေချင်တယ်။

အမှန်တော့ ဒီစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေဟာ ၂၀၃၀ ပြည့်နှစ်အထိ အာရုံပြုရမယ့် ဆောင်ရွက်မှုတွေဖြစ်တယ်။ ဒီရည်မှန်းချက် ၁၇ ချက်ပြည့်မီနိုင်ရင် ကျွန်တော်တို့အားလုံး လိုလားတဲ့ မျှော်လင့်တဲ့ အနာဂတ်အသစ်ကို ရနိုင်မှာသာ ဖြစ်ပါတယ်။ ။

**တိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံတိုင်း လိုလားတောင့်တတဲ့အရာဖြစ်တယ်။ ဒါပေမယ့် အခုလိုစဉ်းစားတဲ့အခါ မှန်ကန်တဲ့အယူအဆ၊ အတွေးအခေါ်အပေါ် ရပ်တည်နိုင်ဖို့ လိုအပ်တယ်။ ဝင်ငွေတိုးတက်မှုတစ်ခုတည်းကို အာရုံမစိုက်ဘဲ ဘက်ပေါင်းစုံ ဖွံ့ဖြိုးမှုကို ရနိုင်အောင် ကြိုးစားဖို့ တာဝန်ရှိတယ်**

## ဘားအံမြို့ ဇီဝိတဒါနဆေးခန်းကြီး အကောင်အထည်ဖော်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိ

**ဘားအံ အောက်တိုဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ဇီဝိတဒါနဆေးခန်းကြီးနှင့် ပညာဒါနကုသိုလ်ဖြစ်ကျောင်းတော်ကြီးကို ဇွဲကပင်တောင် ဆရာတော်ကြီးဦးဆောင်ကာ သံဃနာယကဆရာတော်ကြီးများ၊ တပည့်တကာများစုပေါင်းပြီး ဘားအံမြို့အမှတ်(၃)ရပ်ကွက်ရှိ မဲဘောင်ကျောင်းတိုက်အတွင်းတွင် ဆောက်လုပ်ပြီးစီးခဲ့ရာ ဇီဝိတဒါနဆေးခန်းကြီး ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဇီဝိတဒါနဆေးခန်းကြီး ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်ပြီး ဖြစ်မြောက်ရေး သံဃာ့အဖွဲ့အစည်းတွင် ပါဝင်သည့် ဘားအံမြို့ကြားတောရဆရာတော်အား လျှောက်ထားမေးမြန်းရာတွင် "ရန်ကုန်မြို့မှာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရှိသလို ကရင်ပြည်နယ်မှာ ဒီလို ဇီဝိတဒါနဆေးခန်းကြီးနဲ့ ပညာဒါနကုသိုလ်ဖြစ်ကျောင်းတော်ကြီးရှိလာလို့ သံဃာတွေ၊ လူပုဂ္ဂိုလ်တွေပါ ကျန်းမာရေးနှင့် ပညာရေးအတွက် ပိုမိုစောင့်ရှောက်နိုင်စေရေးအတွက်ရည်ရွယ်ပါတယ်။ အဆောက်အအုံကြီး ဆောက်လုပ်ပြီး ပညာရေးကဏ္ဍကတော့ စတင်လည်ပတ်နေပါပြီ။ ကျန်းမာရေးအတွက်ကတော့ လည်ပတ်ဖို့ လိုနေသေးပါတယ်။ ဦးပဥ္စင်းတို့အနေနဲ့ ဇီဝိတဒါနဆေးခန်းကြီး ဖွင့်လှစ်ပြီးရင် သံဃာတော်တွေနဲ့ သီလရှင် သာသနာ့ တာဝန် ထမ်းဆောင်သူတွေအတွက်တော့ ဇီဝိတဒါနပေါ့။ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ကျန်းမာရေးဌာနနဲ့လည်း တိုင်ပင်ခဲ့ပါတယ်။ ဦးဆောင်ဆရာတော်ဖြစ်တဲ့ ဇွဲကပင်တောင်ဆရာတော်ကြီးရဲ့ ကြိုးပမ်းမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ဆရာတော်ကြီးရဲ့ (၈၀)ပြည့်မွေးနေ့ အောက်တိုဘာ ၂၉ ရက်မှာ ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းသွားမှာပါ"ဟု မိန့်ကြားသည်။

ကျောင်းတော်ကြီး ဆောက်လုပ်နိုင်ရေးအတွက် ဖြစ်မြောက်အကောင်အထည်ဖော်ရေး သံဃာ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ကော်မတီများကို ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၈ ရက်က ရတနာအုတ်မြစ်တော်စီမင်္ဂလာကို ပြုလုပ်ခဲ့၍ စတင်ဆောက်လုပ်ခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်သည်။



အဆိုပါ ဇီဝိတဒါန သုံးထပ်ဆောင်အား သံဃာ့ဂိုဏ်းပေါင်းစုံဆရာတော်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၏ စုပေါင်းအလှူငွေများဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကာ ဆေးခန်းအမြန်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးကုသရာတွင် အထောက်အကူပြုပစ္စည်းများ၊ စသည့် လိုအပ်ချက်များလည်း ရှိနေသေးကြောင်းနှင့် ဇွဲကပင်တောင်ဆရာတော်ကြီး၏ (၈၀)ပြည့်မွေးနေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## မိုင်းခတ်၌ NEP တစ်အိမ်သုံးဆိုလာစနစ်မီးလင်းရေးဖွင့်

**မိုင်းခတ် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်NEP စီမံကိန်းဖြင့်ဆောင်ရွက်သည့် ဆိုလာစနစ်တပ်ဆင်ပြီးစီးမှုဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က မိုင်းခတ်မြို့နယ် မိုင်းကာ(အရှေ့)အုပ်စု ပန်နော်လောင်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးစိုင်းဝန်းဆမ့်၊ ဦးအားမဲနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုလာအသုံးပြုထိန်းသိမ်းနည်းလက်စွဲစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော "မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့ လူတိုင်းပူးပေါင်းပါဝင်စို့" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ ၂၀၁၇ ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အထက (၂) လသာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်နှင့် အလွတ်တန်းဟူ၍ အတန်းငါးတန်းကို ကဏ္ဍသုံးခုဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်တွင် ပန်းချီ လက်တွေ့ပြိုင်ပွဲနှင့် ကာတွန်းလက်တွေ့ပြိုင်ပွဲကဏ္ဍတို့ကိုလည်းကောင်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်လိုသူ ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထားပြီး မြို့တော်ခန်းမ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာရင်းပေးသွင်းရမည်ဖြစ်၍ ဆုများကို မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို) နှင့် ပြင်ပပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ ပညာရှင်များက စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

# ဂန္ဓာလရာဇ် စိနတိုင်းသွားတောလားနှင့် အတွေးအမြင်များ အပိုင်း (၂)

**မောင်မောင်ထွေး**



**Lanzhou မြို့ကို အရှေ့မှ အနောက်သို့ ဖြတ်သန်းစီးဆင်းရာ နာမည်ကျော် မြစ်ဝါမြစ်နှင့် မြို့ရှုခင်း**

***ယမန်နေ့မှ အဆက်***

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၉၆၃၄၀၅၇ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး ပြည်နယ် ၂၃ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ ဗဟိုမှ တိုက်ရိုက်အုပ်ချုပ်သောမြို့ ၄ မြို့နှင့် အထူးအုပ်ချုပ်ရေးဒေသ ၂ ခုရှိရာ Baiyin မြို့သည် Gansu ပြည်နယ်တွင် ဗဟိုအချက်အချာကျသော မြို့တစ်မြို့ဖြစ်ပြီး မြူနီစီပယ်ပါတီကော်မတီက အုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဧရိယာအကျယ်အဝန်းစုစုပေါင်း ၂၁၂၀၀ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး လူဦးရေအားဖြင့် ၁ ဒသမ ၇၁ သန်း နေထိုင်ကြောင်း သိရသည်။

အတိတ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကြေးနီမြို့တော်အဖြစ် လူသိများခဲ့သည်။ လေယာဉ်ပေါ်မှ ရှုမောမဆုံးမြင်တွေ့ခဲ့ရသည့် တောင်စဉ်တောင်တန်းများကလည်း သတ္တုသယံဇာတကြွယ်ဝသည့် ကြေးနီမြို့တော်အဖြစ် သက်သေပြလျက်ရှိပါသည်။

ကျွန်တော်တို့မီဒီယာအဖွဲ့ဝင်များ ဤမြို့ကို လာရောက်လေ့လာရန် စီစဉ်ပေးခဲ့ခြင်းအကြောင်းကမူ ရှေးဟောင်းသမိုင်းဝင်ပိုးလမ်းမကြီး၏ အဓိကအချက်အချာနေရာတွင်ပါဝင်ခဲ့သည့် သမိုင်းကြောင်းအရ ဖြစ်ပါလိမ့်မည်။ ထို့အပြင် နာမည်ကျော်မြစ်ဝါမြစ်ကလည်း Baiyin မြို့ကို ၂၅၈ ကီလိုမီတာဖြတ်၍ စီးဆင်းမှုက တစ်ကြောင်း ပါဝင်ပါလိမ့်မည်။

Baiyin မြို့သွားလေ့လာရေးအဖွဲ့တွင်မူ ကျွန်တော်တို့ မီဒီယာအဖွဲ့ဝင် ၁၄ ဦးသာ ပါဝင်သည်။ အခြား ၁၃ ဦးပါ အဖွဲ့ကိုမူ အခြားမြို့များဖြစ်သည့် Jinchang မြို့နှင့် Wuwei မြို့များသို့ သီးခြားခွဲ၍ လေ့လာစေခဲ့သည်။

ကျွန်တော်တို့သည် Baiyin Flaming Mountain National Mine Park ပြတိုက်သို့ ဦးစွာသွားရောက်လေ့လာခဲ့ကြသည်။ ကြေးနီအပါအဝင် သတ္တုမျိုးစုံကို ပြသထားသည်။ သတ္တုမိုင်းတွင်းများကို လာရောက်ကြည့်ရှုစစ်ဆေးနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဗိသုကာကြီး တိန့်ရှောင်ဖိန်၏ တစ်ချိန်က သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကိုလည်း တွေ့ရသည်။ Yinxi စက်မှုဇုန်သို့လည်း သွားရောက် လေ့လာခဲ့ကြသည်။

ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝသယံဇာတအရင်းအမြစ်များကြွယ်ဝမှု၊ Belt & Road စီမံကိန်းနှင့်အတူ နည်းပညာမြင့်ကုမ္ပဏီကြီးများ လာရောက်အခြေချ ဆောင်ရွက်နေမှုတို့ကြောင့် Baiyin မြို့သည် အနာဂတ်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခင်းအကျင်းများကိုလည်း ကျွန်တော်လေ့လာရင်း သတိပြုမိသည်။



**Lanzhou မြို့ရှိ အပြည်ပြည်ဆိုင်ရာကုန်ရထားစခန်းတွင် ကုန်ရထားဖြင့် မော်တော်ကားများကို အခြားပြည်နယ်များသို့ ပို့ဆောင်စဉ်**

Baiyin မြို့တွင် တစ်ညတာရပ်နားပြီး နောက်တစ်နေ့ မနက်တွင် Gansu ပြည်နယ်၏ မြို့တော် Lanzhou မြို့သို့ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ တစ်နာရီခန့်သာ ကြာမြင့်သည်။

Lanzhou မြို့သည် Gansu ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဧရိယာအကျယ်အဝန်း ၁၃၁၀၀ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြစ်ဝါမြစ်က မြို့၏ အရှေ့မှ အနောက်သို့ ၁၁၀ ကီလိုမီတာအထိ ဖြတ်သန်းစီးဆင်းလျက်ရှိရာ သာယာလှပသော သဘာဝရှုမျှော်ခင်းများကြောင့် ခရီးသွားများအကြားတွင် "The City of Yellow River" အဖြစ် ကျော်ကြားလူသိများခဲ့သည်။

အဆိုပါမြို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ အစောပိုင်းကတည်းက မြစ်ဝါမြစ်တည်ရှိမှုနှင့်အတူ တရုတ်လူမျိုးများ၏ လူမှုစီးပွားဘဝကလည်း အတူယှဉ်တွဲဖြစ်ပေါ်လာခဲ့သည်။ ထို့အတူ ရှေးခေတ်ပိုးလမ်းမကြီးကလည်း Gansu ပြည်နယ်ကို အရှေ့မှ အနောက်သို့ ၁၆၀၀ ကီလိုမီတာအထိ ဖြတ်သန်း၍ ဂန္ဓာလရာဇ် စိနတိုင်းအပြင် ကမ္ဘာနှင့်တိုင် ကူးလူးဆက်သွယ် သွားလာခဲ့မှုများရှိကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

သို့နှင့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များအပါအဝင် အခြေခံအဆောက်အအုံ အရင်းအမြစ်များစွာတည်ရှိသော Gansu ပြည်နယ်သည် ခေတ်သစ်ပိုးလမ်းမကြီးဖြစ်သည့် Belt & Road တွင် အချက်အချာဒေသတစ်ခုအဖြစ် သတ်မှတ်ထားသည်။

တရုတ်နိုင်ငံ၏ အနောက်ဘက်အပိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသော ပလက်ဖောင်းတစ်ခုအဖြစ်လည်းကောင်း၊ one Belt and one Road မဟာစီမံကိန်း ဖော်ဆောင်ရာတွင် ဗဟိုအချက်အချာဧရိယာအဖြစ်လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

သို့နှင့် Lanzhou Railway Port , National Primary Railway Logistics Base, Lanzhou International Freight Trains Marshalling Hub, International Logistic Center of Distribution and Transportation, The National Demonstration Project of Multimodal Transportation အပါအဝင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများစွာကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့ကုန်၊ သွင်းကုန်များကို နိုင်ငံတကာသို့ ကုန်ရထားများဖြင့် အဓိကပို့ဆောင်မည့် နေရာတစ်ခုလည်းဖြစ်သည်။ ပြည်နယ်အချင်းချင်းသာမက ဥရောပ၊ ဗဟိုအာရှ၊ အာရှအနောက်ပိုင်းနှင့် တောင်အာရှဒေသများသို့ပါ ချိတ်ဆက်သွားမည့် အခြေခံဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

Lanzhou မြို့လေ့လာရေးခရီးစဉ်အတွင်း ကျွန်တော်တို့သည် Lanzhou New Area Free Trade Zone, LS Group ၏ မြို့ရွာနှင့် အိုးအိမ်ဆောက်လုပ်ရေးဆိုင်ရာ အနာဂတ်စီမံကိန်းများ၊ Lanzhou International Trade and Logistic Park နှင့် ယဉ်ကျေးမှုပြတိုက် ပါမကျန် လေ့လာခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကုန်ရထားစခန်းသို့ အရောက်တွင်မူ ရှည်လျားသည့် ကုန်ရထားကြီးတစ်စင်းကို တွေ့မြင်ရသည်။ ကုန်ရထားအတွင်းဝယ် တရုတ်နိုင်ငံထုတ် ဇိမ်ခံဆလွန်းကားများစွာကို တွဲတိုင်းတွင် အစီအရီတင်ဆောင်ထားသည်။ တာဝန်ရှိသူတစ်ဦးကို ကျွန်တော်မေးမြန်းကြည့်ရာ ရထားတစ်စင်းတွင် ကားအစီးရေ ၄၀၀ ကျော် တင်ဆောင်နိုင်ပြီး ယခုကားများကိုမူ အခြားပြည်နယ်များသို့ ပို့ဆောင်ရန်ဖြစ်ကြောင်း သိရသည်။

ဂန္ဓာလရာဇ်စိနတိုင်းမှ တာဝန်ရှိသူများ၏ လေ့လာရေးခရီးအစီအစဉ်များက လက်ပေါက်စိတ်လှသည်။ သို့နှင့် ကျွန်တော်တို့မှာ နားချိန်၊ အားလပ်ချိန်မရှိဖြစ်ရသည်။ သို့တစေ ညပိုင်းတွင် ကျွန်တော်တို့၏စိတ်ကို အပန်းဖြေစေနိုင်မည့် မြစ်ဝါမြစ်အတွင်း Water bus ဖြင့် ညရှုခင်းများကို ကြည့်ရှုအပန်းဖြေမည့် အစီအစဉ်တစ်ရပ်လည်း ပါဝင်နေသည်။

မီးရောင်စုံများထွန်းညှိထားသည့် Water bus ပေါ်မှတစ်ဆင့် Chinese Tea နှင့် စားသောက်ဖွယ်များကို စားသောက်ရင်း Lanzhou မြို့၏ ညရှုခင်းများကို ကြည့်ရှုခံစားရသည်မှာ အမှန်တကယ်လည်း အပန်းဖြေရပါသည်။

Lanzhou မြို့ကို အရှေ့မှ အနောက်သို့ ဖြတ်သန်းစီးဆင်းရာ နာမည်ကျော် မြစ်ဝါမြစ်မှာမူ Water bus မှ အလှဆင်မီးရောင်စုံများ၊ တံတားများနှင့် တိုက်တာအဆောက်အအုံများတွင် ထွန်းညှိထားသည့် မီးရောင်စုံတို့ကြောင့် မူလအဝါရောင်ပျောက်ပြီး မီးရောင်စုံများကြားတွင် တလက်လက်တရိပ်ရိပ် တဖိတ်ဖိတ်တောက်ပလို့ နေပါတော့သည်။

ဩော် လှပစစ်စွမ်းအင်အရင်းအမြစ်များ ကြွယ်ဝသည်နှင့်အမျှ မြို့ရွာတို့သည် တင့်တယ်လှပနေပါရောလား။ ကျွန်တော်၏ စိတ်အလျဉ်သည် ရန်ကုန်မြစ်နှင့် အမိဧရာဝတီမြစ်ကို ဖျတ်ခနဲ လွမ်းဆွတ်သတိရမိသည်။ ကျွန်တော်တို့ သူတို့လို သဘာဝ၏ လက်ဆောင်မွန်များကို ထိထိမိမိ အသုံးမချနိုင်သေးပါလား။ လူတို့၏စိတ်ကို ညို့ယူဆွဲငင်နိုင်အောင် မလုပ်ဆောင်နိုင်သေးပါလား။ တစ်နေ့တော့ ဖြစ်လာပါလိမ့်မည်ဟုသာ ဖြေသိမ့်ရပါတော့သည်။

စက်တင်ဘာ ၁၇ ရက် နံနက်တွင်မူ ကျွန်တော်တို့သည် 2017 Media Cooperation Forum on Belt & Road ကျင်းပမည့် Dunhuang (တွန်ဟွာ) မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

လေ့လာရေးအဖွဲ့ (၂) အဖြစ် အခြားမြို့များသို့ သွားရောက်လေ့လာနေကြသည့် မီဒီယာအဖွဲ့ဝင် ၁၃ ဦးမှာမူ Wuwei မြို့မှတစ်ဆင့် Dunhuang မြို့သို့ ၁၀ နာရီကြာ ရထားစီးလာကြမည်ဟု သိရသည်။ ပြည်ပလေ့လာရေးခရီးစဉ်များ၏ ထုံးစံအတိုင်း ရောက်ရောက်ချင်း တစ်ရက်၊ နှစ်ရက်တွင် ခပ်တည်တည်၊ ခပ်တန်းတန်းနေခဲ့ကြသော်လည်း ရက်ကြာလာသည်နှင့် အမျှ ခင်မင်ရင်းနှီးမှုများ ပိုလာခဲ့ကြသည်။

ကျွန်တော်နှင့် အထူးအဖွဲ့ကျနေသော ဘရူနိုင်းမှ Mr. Aziz၊ ကမ္ဘောဒီးယားမှ Mr.Sao၊ လာအိုမှ Mr. Singkham၊ မလေးရှားမှ Ms.Tan နှင့် Ms.Olivia၊ ဗီယက်နမ်မှ Mr. Nguyen၊ သီရိလင်္ကာမှ Mr. Kelum နှင့် Mr. Premakeerthi တို့က လေ့လာရေးအဖွဲ့ (၂) တွင် ပါဝင်သွားကြသည်။ အင်မတန်ချစ်စရာကောင်းသော ပံ့ပိုးကူညီမှုအပြည့်ရှိကြသော သူငယ်ချင်းများ (သို့) ညီငယ်၊ ညီမငယ်များ ဖြစ်ကြသည်။

ကျွန်တော်တို့လေ့လာရေးအဖွဲ့ (၁) တွင်မူ လူကြီးပိုင်းအများစုဖြစ်သည်။ ကျွန်တော်နှင့် နီးတကျက်ကျက်ဖြစ်ရသူ ဘင်္ဂလားဒေ့ရှ်မှ ဂျာနယ်လစ်ဆရာသမားကမူ ခရီးစဉ်အစအဆုံး တွဲလျက်ပင်။ သူနှင့် ကျွန်တော်က ဆေးလိပ်ထွက်သောက်တိုင်း ဆုံကြသည်။ ဆုံတိုင်း လက်ရှိရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ စကားနာထိုးလေ့ရှိသည်။ ပေကျင်းသို့ စရောက်ပြီးနောက်တစ်နေ့မှာပင် "အများစု ဆာလောင်နေကြတယ်" ဟု စကားစသည်။

ကျွန်တော်က "ဒီကိစ္စ ငါ ထင်မြင်ချက်မပေးလိုဘူး။ အဖြစ်မှန်သိချင်ရင် တို့နိုင်ငံက သတင်းထုတ်ပြန်ရေးကော်မတီရဲ့နေ့စဉ် သတင်းထုတ်ပြန်ချက်တွေကို မင်းဝင်ဖတ်ကြည့်" ဟု စကားဖြတ်ရသည်။ သို့တစေ ဆုံတိုင်း သူကဆိုခဲ့ပါ အရေးကိစ္စနှင့် ပတ်သက်၍ တစ်မျိုးမဟုတ်တစ်မျိုး ဆိုလေ့ရှိသည်။ နောက်ပိုင်းရင်းနှီးလာတော့ ကျွန်တော်က "မင်းက ဂျာနယ်လစ်သမားတစ်ဦးပဲ မင်းမယုံရင် လာကြည့်" ဟု ပြန်ပြန်ပက်ရပါတော့သည်။

